The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်၊ စနေနေ့။ 27, Saturday August 2016 (၈၆၆၆)

**အကျိုးထူးတရားတိုးပွား**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက်ဂုဏ် အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူတို့မှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၉)

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့်ဘုရားပုထိုးစေတီများ ပြန်လည်ပြင်ဆင်ရေး သေချာဆန်းစစ်ကာ လုပ်ဆောင်ရမည်ဟု ယူနက်စကိုပြောကြား

တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ တင်မောင်လွင်၊ ဓာတ်ပုံ - မောင်မွေး

**ညောင်ဦး ဩဂုတ် ၂၆**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်ကလှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်အင်အားပြင်းငလျင်ကြောင့် ဘုရားပုထိုးစေတီများစွာတို့ ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့ရာ ယနေ့တွင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ယူနက်စကို(UNESCO) နှင့်အခြားသောအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်းပြီး ဘုရားပုထိုးစေတီအချို့ကို ပြန်လည်ပြုပြင်ရန် လေ့လာဆန်းစစ်မှုများဆောင်ရွက်နေကြပြီဖြစ်သည်။

ပုဂံတွင်စေတီပုထိုးပေါင်းများစွာပျက်စီးခဲ့သည့်အနက် ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့် စူဠာမဏိစေတီတော်ကြီးအား နဂိုမူလအတိုင်းပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့်ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။

ထိုသို့ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်ပြီး ပါဝင်ကူညီဆောင်ရွက်မည့် ယူနက်စကိုအဖွဲ့မှတာဝန်ရှိသူတစ်ဦးဖြစ်သူ DUONG Bich Hanh ကိုမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ပျက်စီးဆုံးရှုံးသွားတဲ့ပုဂံဘုရားတွေကိုယူနက်စကိုရဲ့အကူအညီနဲ့ ပြန်လည်ပြင်ဆင်မယ်လို့သိရပါတယ်။ ဘယ်ချိန်လောက်စတင်ပြင်ဆင်မလဲ ဆိုတာသိပါရစေ။**

ဖြေ။ ။ပြန်လည်ထိန်းသိမ်းဖို့မလုပ်ခင်မှာ လုပ်ရမယ့်လုပ်ငန်းစဉ်တွေရှိပါသေးတယ်။ အဲဒီအဆင့်တွေပြီးစီးသွားပါမှ ပြန်လည်ပြင်ဆင်ရေးပိုင်းကိုလုပ်ရမှာဖြစ်ပါတယ်။ ငလျင်ဖြစ်ပြီးပြီးချင်း အစိုးရဌာနဆိုင်ရာအဖွဲ့အသီးသီး လျင်မြန်စွာတုံ့ပြန်တာ တွေ့ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့တကွ တာဝန်ရှိသူတွေက လာရောက်ကြည့်ရှုပြီးပါပြီ။ ပထမဦးဆုံးအနေနဲ့က ဒီရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ဘယ်လိုပြင်မလဲဆိုတာထက် ငလျင်ဒဏ်ကြောင့်ခံလိုက်ရတဲ့အမွေအနှစ်တွေမှာ ကြံ့ခိုင်မှုရှိအောင်အရင်လုပ်ရပါမယ်။ ကြံ့ခိုင်ရေးလုပ်ဆောင်ပြီးမှပြန်လည်ပြင်ဆင်ရေး အပိုင်းကိုလုပ်ရမှာဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



စူဠာမဏိစေတီတော်ကြီးအား ပြန်လည်ပြင်ဆင်နိုင်ရေး လုပ်ငန်းများဆောင်ရွက်နေကြစဉ်။

# ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် မစ္စတာ ကိုဖီအာနန်အား ခန့်အပ်မှုနှင့်ပတ်သက်၍ ဝေဖန်ကန့်ကွက်မှုများရှိနေ

## ကော်မရှင်တွင် ပါဝင်မည့်သူများသည် ဘက်လိုက်မှု ကင်းရမည်၊ လူအများက လေးစားသောသူ ဖြစ်ရမည်၊ အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်၊ ထင်ပေါ်ကျော်ကြားသူဖြစ်ရမည်ဟု စံ လေးခုသတ်မှတ်ကာ ဖွဲ့စည်းထားခြင်းဖြစ်

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ကျင်းပသော အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြီးခဲ့သည့် ရက်ပိုင်းတွင် ဖွဲ့စည်းခဲ့သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၌ မစ္စတာ ကိုဖီအာနန်ကို ဥက္ကဋ္ဌအနေဖြင့် ခန့်အပ်ပြီး ဖွဲ့စည်းလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်ကို ဖြေကြားရာတွင် မစ္စတာ ကိုဖီအာနန်အား ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၌ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ မီဒီယာများတွင် ဝေဖန်နေကြပါကြောင်း၊ တချို့ နိုင်ငံရေးပါတီများက Statement ထုတ်ပြီး ကန့်ကွက်နေမှုရှိပါကြောင်း၊ အဓိကစိုးရိမ်ပူပန်မှုမှာ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားရေးအချက်ကိုထောက်ပြပြီး ကန့်ကွက်ကြသည်ကိုတွေ့ရပါကြောင်း၊ ယင်းအတွက် စိုးရိမ်မှုကိုလည်း မိမိတို့လက်ခံပါကြောင်း၊ ရခိုင်ပြည်နယ်ကော်မရှင်နှင့် ပတ်သက်သည့် ဆောင်းပါးများလည်း တွေ့ရပါကြောင်း။

**MoU ထိုးရမည်**

ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းသည့်အခါ အဓိကမှာ ၎င်းတို့ကို မည်မျှ Mandate (လုပ်ပိုင်ခွင့်)ပေးထားသလဲ ဆိုသည်ကို ပြန်ကြည့်ရန်လိုပါကြောင်း၊ ကော်မရှင်နာမည်မှာ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဖြစ်ပါကြောင်း၊ ယင်းမှာလည်း မဖွဲ့စည်းရသေးပါကြောင်း၊ ဖွဲ့စည်းသည့်အခါတွင်လည်း နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန် ဖောင်ဒေးရှင်းတို့ကြားတွင် MoU ထိုးရမည်ဖြစ်ပါကြောင်း၊ ယခုလောလောဆယ် MoU ကို ရှေ့နေချုပ်ရုံးသို့ ပို့ထားပါကြောင်း၊ ရှေ့နေချုပ်ရုံးက အကြောင်းပြန်ကြားချက် ပေးပို့ထားပြီး ထိုအပေါ်တွင်မှ မစ္စတာ ကိုဖီအာနန်ရောက်လာသည့်အခါ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



# ကြေးမုံ

## ပြည်ထောင်စုငြိမ်းချမ်းရေးမဝေးတော့ပြီ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကြီးကို မကြာမီရက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပတော့မည်ဖြစ်သည်။ မြန်မာပြည်သူများ နှစ်ပေါင်း ၆၀ ကျော် ငံ့လင့်ခဲ့သည့် ငြိမ်းချမ်းရေးရောင်ခြည်မှာ လင်းလက်လာသည်။ (၂၁)ရာစုပင်လုံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်ခဲ့သည့် ၁၉၄၇ ပင်လုံညီလာခံမှ စိတ်ဓာတ် (Spirit)အပေါ် အခြေတည်သည်ဟု ဆိုနိုင်သည်။ ထိုစိတ်ဓာတ်သည် ညီညွတ်ရေးကိုအခြေခံသဖြင့် ငြိမ်းချမ်းရေးအတွက် ခရီးမဝေးဖို့အထောက်အကူပြုနိုင်ပေမည်။

ဤငြိမ်းချမ်းရေးကို မြန်မာပြည်သူလူထုတစ်ရပ်လုံးသာမဟုတ် နိုင်ငံအများကလည်း မျှော်လင့်နေကြသည်။ အေးချမ်းသာယာသော နိုင်ငံဖြစ်ပါလျက် မငြိမ်းချမ်းသောဘဝတွင် ရှိနေသည်ကို ကရုဏာပွားကြသည်။ မေတ္တာထားကြသည်။ အမှန်တကယ်ပင် ငြိမ်းချမ်းပါလျှင်မူ ဆက်လက်တည်တံ့ရေးနှင့် ကမ္ဘာနှင့် အလှမ်းဝေးနောက်ကျကျန်ခဲ့သည့်ဖွံ့ဖြိုးရေးကို နှစ်အတော်အတန်ယူ ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။ ဤခရီးမနီးသေးလျှင်ဖြင့် ဆိုဖွယ်ရာပင်ရှိမည်မဟုတ်သည်ကို ပြည်သူအားလုံးပင် သိရှိနားလည်ထားကြပြီးဖြစ်သည်။

ယခုအရပ်သားအစိုးရသည် နိုင်ငံ့တာဝန်မယူခင်ကတည်းကပင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်မည်ဟု ကြွေးကြော်ခဲ့သည်။ ကြွေးကြော်ခဲ့သည့်အတိုင်းပင် နိုင်ငံ့တာဝန်စတင်ယူသည်နှင့် အခက်အခဲအကျပ်အတည်းများကြားမှပင် ငြိမ်းချမ်းရေးကို ဦးတည်ခဲ့သည်မှာ မကြာမီကျင်းပတော့မည့် (၂၁)ရာစုပင်လုံတွင် သက်သေပြနိုင်တော့မည်ဖြစ်သည်။ အစိုးရသစ်၏လုပ်ငန်းစဉ်အဖွင့်ဟုဆိုနိုင်မည့် ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ယခင်ဆွေးနွေးပွဲများနှင့်မတူ ထူးခြားမှု အသွင်ဆောင်နေသည်။

နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ အကြောင်းအရာများကို အသေးစိတ်ဆွေးနွေးညှိနှိုင်းမှုမပြုဘဲ တက်ရောက်လာသူများက စာတမ်းတင်သွင်းဖတ်ကြားခြင်း၊ နိုင်ငံတကာသံတမန်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်များ ထောင်ကျော်တက်ရောက်ခြင်း၊ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့နှင့် ပဋိပက္ခဖြစ်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနီးပါး တက်ရောက်ခြင်းတို့က (၂၁)ရာစုပင်လုံ၏ ထူးခြားချက်ပင်ဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေး၊ တိုင်းရင်းသားတန်းတူညီမျှရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုအရေးတို့အတွက် အာမခံချက်တစ်ရပ်ဖြစ်ထွန်းရေးမှာ (၂၁)ရာစုပင်လုံ၏ ပန်းတိုင်များဖြစ်သည်။ အဆိုပါပန်းတိုင်များသို့ လျှောက်လှမ်းရာတွင် အပစ်အခတ်ရပ်စဲရေးမှာ အရေးကြီးသော အချက်ဖြစ်သည်။ ငြိမ်းချမ်းရေးကို လက်နက်ဖြင့် ဖြေရှင်းမရနိုင်ဘဲ နိုင်ငံရေးဆွေးနွေးပွဲများမှသာ အဖြေရှာနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပင်လုံစိတ်ဓာတ်ကိုခံယူပြီး ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းရေးနှင့် အလှမ်းမဝေးတော့မည့် ရည်ရွယ်ရင်းဖြစ်မည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြမည်၊ အဖြေရှာကြမည်ဆိုပါက မည်သည့်အခါမျှ မရဖူးသောနားလည်မှု၊ ယုံကြည်မှုတို့ဖြင့် စစ်မှန်သည့်အပစ်အခတ်ရပ်စဲရေးကို ရရှိနိုင်မည်ဟု ယုံကြည်သည်။

ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် မြန်မာ့သမိုင်းကြောင်း၊ ကမ္ဘာ့သမိုင်းကြောင်းများကို ရှုမြင်ရမည်ဖြစ်သည်။ ညီညွတ်ခြင်းကြောင့် ရရှိလာသော အကျိုးရလဒ်များ၊ မညီညွတ်ခြင်းကြောင့် ဆုံးရှုံးရသည့်နစ်နာမှုများကို သင်ခန်းစာယူကြရမည်ဖြစ်သည်။ အဓိက အားငယ်ခဲ့ရသည့် တိုင်းရင်းသားပြည်သူများ၊ အောက်ကျနောက်ကျဖြစ်ခဲ့ရသည့် လူထုများ၊ ဒုက္ခပင်လယ်ဝေခဲ့သည့် အပြစ်မဲ့ပြည်သူများအရေးကို မြော်တွေးကာ အကောင်းဆုံးနည်းလမ်းများကို ဦးတည်ကြရမည်ဖြစ်သည်။

တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအလိုက် ငါ့နိုင်ငံတော်အတွက်၊ ငါ့ပြည်သူအတွက် ကိုယ်ကျိုးမဖက်ဘဲ မတူညီမှုများကို တူညီမှုများနှင့်ပေါင်းစုပြီး ပဋိပက္ခများကိုကျော်လွှားကာ ရည်မှန်းချက်သို့ မရောက်ရောက်အောင် လျှောက်လှမ်းကြရမည်ဖြစ်သည်။ ပြည်သူ့အစိုးရနှင့်အတူ ပြည်သူများ၏ ဆန္ဒ၊ ပြည်သူများ၏မျှော်လင့်ချက်များကို မကြာမီကျင်းပတော့မည့် ထူးခြားလေးနက်မှု အသွင်ဆောင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံက ဖော်ထုတ်ပေးကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။



ပေါင်းစည်းမှု၏စွမ်းအား

- ပထမပင်လုံကြောင့် လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းခဲ့သည်။
- ၂၁ ရာစုပင်လုံဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ပေါင်းစည်းတည်ဆောက်မည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအသီးသီးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲကိစ္စရပ်များ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဖိတ်ကြားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)** ■

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က (၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လှိုက်လှဲစွာကြိုဆိုထောက်ခံကြောင်း ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## အင်အားနည်းမြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဩဂုတ် ၂၆**

ဩဂုတ် ၂၅ ရက် ည ၁၀ နာရီ ၄၆ မိနစ် ၅၆ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၅၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော မင်းဘူးနဂါးပွက်တောင်အားသွားရောက်ကြည့်ရှု



**နေပြည်တော် ဩဂုတ် ၂၆**

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် မင်းဘူးမြို့ရှိ သမိုင်းဝင် နဂါးပွက်တောင်သို့ ယနေ့ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နဂါးပွက်တောင်တွင် ငလျင်ဒဏ်ကြောင့်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် နေရာများအား လှည့်လည်ကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ပတ်ဝန်းကျင်ရှင်းလင်းသန့်ရှင်းမှုလုပ်ငန်းများနှင့် ပျက်စီးမှုများအား ပြုပြင်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းတို့တွင် ကူညီလုပ်ဆောင်ပေးမည့် အခြေအနေများကို မှာကြားသည်။

ယင်းနောက် နဂါးပွက်တောင်တော် ဘက်စုံပြုပြင်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ နဂါးပွက်တောင်တော်တွင် ငလျင်ဒဏ်ကြောင့် အစ်မတောင်တော် နံရံထိန်းကွန်ကရစ် ပျက်စီးခြင်း၊ စောင်းတန်းတစ်လျှောက် လျှောက်လမ်းများ ပျက်စီးခြင်း၊ နဂါးရုံအမှတ်(၁)ဘုရား မြေကျွံကျပျက်စီးခြင်း၊ ဘုရားတန်ဆောင်းမျက်နှာကြက်များ၊ ကြမ်းခင်းများအက်ကွဲပျက်စီးခြင်းနှင့် ခြံစည်းရိုးဝင်းနံရံ ပြိုကျပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မကွေးမြို့ရှိ မြသလွန်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော အလှူငွေများအား ဂေါပကအဖွဲ့ထံ ပေးအပ်သည်။

ထို့နောက် မြသလွန်စေတီတော်ရှိ မဟာအတုလရံသီ တန်ဆောင်းတွင် အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လှူဒါန်းထားသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား ပန်း၊ ရေချမ်းများကပ်လှူ၍ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ငလျင်ဒဏ်သင့်ခဲ့သည့် စူဠာမဏိစေတီတွင် ယူနက်စကိုမှ လာရောက်လေ့လာစဉ်။

**❒ ပုဂံဒေသမှ**

**မေး။ ။ ရှေးဟောင်းဘုရားပုထိုးစေတီတွေပျက်စီးသွားတဲ့အတွက်ကြောင့် ယူနက်စကိုဝင်ဖို့ အခက်အခဲဖြစ်သွားနိုင်ပါသလား။**

ဖြေ။ ။ ရှေးဟောင်းအမွေအနှစ်ကို ပြန်လည်ပြင်ဆင်ရေးအပိုင်းမှာစီမံကိန်းနှစ်ခု ရှိပါတယ်။ ကာလတိုမှာလုပ်ကိုင်ရမယ့်အချက်တွေ၊ ကာလရှည်လုပ်ဆောင်ရမယ့်အချက်တွေကို ယူနက်စကိုက လုပ်ငန်းအစီအစဉ်များကို မကြာခင်ရေးဆွဲပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့များကို တင်ပြသွားမှာဖြစ်ပါတယ်။ ဇူလိုင်လအတွင်းက ယူနက်စကိုအနေနဲ့ မန္တလေးမှာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနဲ့လည်း ဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ အဲဒီမှာမြန်မာနိုင်ငံအစိုးရအနေနဲ့ ပုဂံဒေသကို ၂၀၁၈ မှာ ကမ္ဘာ့အမွေအနှစ်စာရင်းမှာတင်ပြနိုင်ဖို့အတွက် ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ကလည်း အခုအချိန်ထိမပြောင်းလဲသေးပါဘူး။ ဒီလိုပုဂံမှာ ငလျင်ဖြစ်သွားတဲ့အတွက် နှောင့်နှေးမှုများဖြစ်ပေါ်လာစေမလားဆိုတာက အခုချိန်မှာပြောဖို့သိပ်ပြီးစောနေပါသေးတယ်။ နှစ်ပတ်၊ သုံးပတ်လောက် လေ့လာဆန်းစစ်မှုတွေလုပ်ဆောင်ပြီးမှ သေချာပြောပြနိုင်မှာပါ။

ဒီငလျင်နဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရနဲ့ ဒေသခံများအားလုံးက ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်။ စီမံခန့်ခွဲမှုတွေ ထိထိရောက်ရောက်လုပ်နေသလဲဆိုတာကိုပြသနိုင်မယ်ဆိုရင်လည်း ဒီပုဂံဒေသကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသဖြစ်ဖို့အတွက် ဘယ်လောက်အထောက်အကူပြုတယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။ ယူနက်စကိုအနေနဲ့ ဘယ်လိုစီမံခန့်ခွဲတယ်ဆိုတာကို Management Planထဲမှာထည့်ပြီး ရေးဆွဲတင်ပြမယ်ဆိုရင် အားသာချက်တစ်ခုအနေနဲ့ ကျွန်မတို့သုံးသပ်လို့ရပါတယ်။

**မေး။ ။ ဒါဆို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့အတွက်ရော ဘယ်အချိန်လောက်မှာစလုပ်နိုင်လိမ့်လို့ မျှော်လင့်ပါသလဲ။**

ဖြေ။ ။ ငလျင်မဖြစ်ခင်ကတည်းက ကျွန်မတို့လုပ်ရိုးလုပ်စဉ်အနေနဲ့ ကမ္ဘာ့အမွေအနှစ်အဖြစ်တင်သွင်းဖို့လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ Management Plan ရေးဆွဲဖို့အတွက် ကျွမ်းကျင်သူတွေနဲ့ အစည်းအဝေးတွေလုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ မမျှော်လင့်ဘဲနဲ့ ငလျင်ဖြစ်သွားတဲ့အတွက်ကြောင့် ငလျင်အတွက်ကို ဦးစားပေးလုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ကမ္ဘာ့အမွေအနှစ်တင်သွင်းမယ့် လုပ်ငန်းစဉ်ကတော့ နောက်တစ်ပတ်၊ နှစ်ပတ်ရွှေ့သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဦးစားပေးပြီး လုပ်ရမယ့်အချက်ကတော့ ငလျင်ဒဏ်ခံလိုက်ရတဲ့စေတီပုထိုးတွေရဲ့ ဘယ်လောက်အထိဖြစ်သွားသလဲဆိုတာကိုသေသေချာချာလေ့လာဖို့ရယ်၊ ခံနိုင်ရည်အား ဘယ်လောက်ရှိတယ်ဆိုတာရယ်၊ ဘယ်လောက်ထိခိုက်သွားသလဲဆိုတာရယ် ဆန်းစစ်ဖို့က အရေးကြီးပါတယ်။

လောလောဆယ်ကျွန်မတို့အတွက် အရေးကြီးတာကတော့ ပျက်စီးသွားတဲ့အတိုင်းအတာ ပမာဏတွေကို တိုင်းတာနိုင်ဖို့ အရေးကြီးပါတယ်။ တိုင်းတာပြီးတဲ့အပေါ်မှာ ရလဒ်က ဒီ ၂၀၁၆ ငလျင်ကြောင့် ဖြစ်သွားတဲ့အပေါ် ကြည့်ဖို့မဟုတ်ပါဘူး။ ယခင်လှုပ်ခဲ့တဲ့ငလျင်တွေပြုပြင်ရေးလုပ်ခဲ့တာတွေဟာ ကောင်းကျိုးပိုပေးသလား၊ ဆိုးကျိုးပိုပေးခဲ့သလား၊ မှားယွင်းခဲ့တဲ့ဒဏ်တွေကြောင့် အခုပိုပြီးတော့များ ထိခိုက်မှုတွေရှိခဲ့သလား၊ အဲဒါတွေကို ဆန်းစစ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ဆန်းစစ်ရမယ့်အပိုင်းမှာပြည်တွင်းကပညာရှင်တွေရော ပြည်ပကပညာရှင်တွေရော တခြားဒေသအသီးသီးက အတွေ့အကြုံရှိတဲ့ ပညာရှင်များကိုပါ ဖိတ်ခေါ်ပြီးတော့ကျွန်မတို့က အစီအစဉ်တွေကို ဆက်တိုက်လုပ်ရပါဦးမယ်။ အဲဒီက ထွက်ပေါ်လာတဲ့ရလဒ်တွေ၊ အကြံဉာဏ်တွေပေါ်မှာမူတည်ပြီးတော့ကျွန်မတို့ဘယ်လိုနည်းနဲ့အကောင်းဆုံးပြန်လည်ထိန်းသိမ်းမလဲဆိုတာစဉ်းစားရမှာဖြစ်ပါတယ်။

**မေး။ ။ ပုဂံမှာရှိတဲ့ တန်ခိုးကြီးဘုရားတွေမှာ လာရောက်ဖူးမြော်တဲ့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေကို ဝင်ထွက်သွားလာမှုနဲ့ပတ်သက်ပြီး ဘယ်လိုအကြံပြုချင်ပါလဲ။**

ဖြေ။ ။ အဆောက်အအုံတစ်ခုဟာ ကြံ့ခိုင်မှုရှိသေးတယ်ဆိုရင် အဲဒီနေရာတွေကိုတော့ အများပြည်သူတွေကို ဝင်ထွက်ခွင့်ပေးနိုင်မှာဖြစ်ပါတယ်။ အခုလောလောဆယ်အခြေအနေမှာတော့ ကျွန်မတို့အကြံပေးချင်တာက ထိခိုက်မှုရှိသွားတဲ့ အမွေအနှစ်တွေနားကနေ ဝေးဝေးရှောင်ပေးပါလို့ ပြည်သူတွေကိုပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆက်တွဲငလျင်တွေလှုပ်တတ်တဲ့အတွက် နောက်ငလျင်ကြောင့် ထိခိုက်မှုတွေ၊ အသက်အန္တရာယ်စိုးရိမ်ရမှုတွေဖြစ်နိုင်တဲ့အတွက်ကြောင့်မို့ အခုချိန်မှာကြံ့ခိုင်မှုတွေမသေချာသေးတဲ့ကာလမှာတော့ မဝင်ကြပါနဲ့ဦး။ ခပ်ဝေးဝေးမှာနေကြပါလို့လည်း အကြံပြုချင်ပါတယ်။

နောက်တစ်ခုကလည်း ငလျင်ဒဏ်ခံလိုက်ရလို့ကြီးကြီးကျယ်ကျယ်ပျက်စီးသွားတဲ့ ဘုရားပုထိုးတွေမှာဆိုရင် မိုးတွင်းကြီးဖြစ်နေတဲ့အတွက်ကြောင့် မိုးရေစီးဆင်းမှုကနေကာကွယ်ဖို့အမိုးတွေမိုးဖို့လိုအပ်နေပါတယ်။ ယာယီအမိုးတွေမိုးဖို့အတွက်လည်း လုပ်ငန်းခွင်မှာစတင်ဆောင်ရွက်နေကြပြီဖြစ်တဲ့အတွက်ပြည်သူတွေအများကြီး ဒီထဲကိုဝင်လာရင်လည်း သူတို့မှာထိခိုက်မှုတွေ ရှိနိုင်ပါတယ်။ လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနဲ့ လုပ်ငန်းခွင်ကို အနှောင့်အယှက်မပေးရာလည်းဖြစ်တဲ့အတွက်ကြောင့် အခုလောလောဆယ်မှာ အများပြည်သူတွေအန္တရာယ်ကြီးကြီးမားမားရှိနိုင်တဲ့ စေတီဘုရားပုထိုး အဆောက်အအုံတွေကို မဝင်သင့်သေးပါဘူးလို့ အကြံပြုချင်ပါတယ်။ ။



ယူနက်စကိုအဖွဲ့မှ DUONG BichHanh

**✻ ကမ္ဘာ့အလှမယ်မှ**

ခက်ခက်ဇာကလည်းကောင်း၊ သက်ကြီးရွယ်အိုများပြုစုစောင့်ရှောက်ရေးအစီအစဉ်အဖြစ် ရည်ရွယ်ကျင်းပသည့် Miss Intercontinental Myanmar သရဖူကို မကွေးတိုင်းဒေသကြီးမှ နီနီနိုင်ဝင်းကလည်းကောင်း၊ မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေး အစီအစဉ်အဖြစ် ရည်ရွယ်ကျင်းပသည့် Face of Beauty Myanmar သရဖူကို တနင်္သာရီတိုင်းဒေသကြီးမှ ချူးသိမ့်မြတ်နိုးကလည်းကောင်း၊ နိုင်ငံတကာယဉ်ကျေးမှုနှင့် အမွေအနှစ်များဖလှယ်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးအစီအစဉ်အဖြစ် ရည်ရွယ်ကျင်းပသည့် Miss Globe Myanmar သရဖူကို ရန်ကုန်(မြောက်ပိုင်း)မှ မြတ်အိမ်ငြွေထက်ကလည်းကောင်း အသီးသီးရရှိခဲ့သည်။

Miss Golden Land Myanmar အဖွဲ့အစည်းသည် ၂၀၁၆ ခုနှစ် ကမ္ဘာ့အဆင့် အလှမယ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကိုယ်စားပြုအလှမယ် ၂၀ ကို ဆန်ခါတင် ရွေးချယ်ခဲ့သည်။ ၎င်းတို့အနက်မှ ကမ္ဘာ့အဆင့်အလှမယ်ပြိုင်ပွဲကြီးခြောက်ပွဲအတွက် အလှမယ်ခြောက်ဦးကို ယခုကဲ့သို့ တစ်ပြိုင်နက်တည်းရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။

၎င်းအလှမယ်များအားလုံးသည် မတူညီသည့် ကမ္ဘာ့စင်မြင့်အသီးသီးတွင် မြန်မာနိုင်ငံ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲကာလတစ်လျှောက်တွင် အလှမယ်များ၏ ကိုယ်ရည်ကိုယ်သွေး ထက်မြက်မှု၊ ပင်ကိုစွမ်းရည်၊ ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်၊ ဉာဏ်ရည်ဉာဏ်သွေး၊ ခန္ဓာကိုယ်လှပကြော့ရှင်းမှု စသည့် စံပြမယ်တစ်ယောက်ရှိသင့်သည့် အရည်အချင်းများကို ဖော်ထုတ်ပြသ၍ ယှဉ်ပြိုင်သွားရမည် ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ- မီချိုကိုဟန်**

## စီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်

**ကျိုက်မရော ဩဂုတ် ၂၆**

ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူးကျင်းပသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရေးဆွဲနည်းသင်တန်းကို ခနောင်ကျေးရွာနှင့် မြေပဟောက်ကျေးရွာတို့တွင် ယခုလအတွင်း ဖွင့်လှစ်ခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသူရလွင်နှင့် ဒေါ်ခင်စောမူ(Dev; Planner) တို့က သင်တန်းပို့ချခဲ့သည်။

အဆိုပါ သင်တန်းသည် မြို့နယ်အတွင်းရှိ သင်တန်းတစ်ကြိမ်လျှင် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် နှစ်ကြိမ်ကျင်းပခဲ့ပြီး ကျန်ရှိကျေးရွာများကို ဆက်လက်၍ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# တူရကီနိုင်ငံ ဆေးဇ်မြို့ရှိ ရဲစခန်းအနီးတွင် ကားဗုံးပေါက်ကွဲ၊ ရဲအရာရှိ ၁၁ ဦးသေဆုံး

**အန်ကာရာ ဩဂုတ် ၂၆**

တူရကီနိုင်ငံအရှေ့တောင်ဘက် ဆေးဇ်မြို့၏ ရဲစခန်းအနီးတွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ရဲအရာရှိ ၁၁ ဦးသေဆုံးခဲ့ပြီး ၇၀ ကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း တူရကီအာဏာပိုင်များကဆိုသည်။

ပေါက်ကွဲစေသောပစ္စည်းများ အပြည့်တင်ထားသောကားတစ်စီးသည် အဆိုပါရဲစခန်းအနီးတွင် ဩဂုတ် ၂၆ ရက်က ပေါက်ကွဲခဲ့သည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် တူရကီနိုင်ငံအရှေ့နှင့် အရှေ့တောင်ပိုင်းဒေသများရှိ ရဲစခန်းများအနီးတွင် ပေါက်ကွဲခဲ့သည့်ဗုံးပေါက်ကွဲမှုများအနက် အပြင်းထန်ဆုံး ပေါက်ကွဲမှု ဖြစ်သည်။

ယင်းအကြမ်းဖက်မှုကို ကာ့ဒ်အကြမ်းဖက်သမားများက ကျူးလွန်ခဲ့ကြောင်း တူရကီစစ်ဘက်အရာရှိများက ထင်ကြေးပေးကြသည်။ တူရကီစစ်ဘက်က ကာ့ဒ်အကြမ်းဖက်သမားများကို ပိုက်စိပ်တိုက်ရှာဖွေကာ စစ်ဆင်ရေးဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၂၅ ရက်က တူရကီတပ်ဖွဲ့က ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်အကြမ်းဖက်သမားများကို လက်နက်ကြီးများဖြင့် ချေမှုန်းခဲ့သည်။ ယခုကားဗုံးဖောက်ခွဲမှုသည် ကာ့ဒ်အကြမ်းဖက်သမားများက တူရကီတပ်မတော်၏ ၎င်းတို့အပေါ် စစ်ဆင်ရေးဆင်နွှဲမှုများကို လက်စားချေမှုဖြစ်နိုင်ချေရှိသည်ဟု ဒေသန္တရမီဒီယာများက ရေးသားကြသည်။

**အင်န်အိတ်ချ်ကေ။**





# စင်ကာပူသမ္မတဟောင်း နာသန်၏ နိုင်ငံတော်စျာပနအခမ်းအနား ကျင်းပ

**စင်ကာပူ ဩဂုတ် ၂၆**

ယခုရက်သတ္တပတ်အစောပိုင်းက ကွယ်လွန်အနိစ္စရောက်ခဲ့သော စင်ကာပူသမ္မတဟောင်း အက်စ်အာရ်နာသန်၏ စျာပန အခမ်းအနားကို ဩဂုတ် ၂၆ ရက်က ကျင်းပသည်။ နာသန်သည် စင်ကာပူနိုင်ငံ၏ သားကောင်းရတနာများအနက် တစ်ဦးအဖြစ် ပါဝင်ကြောင်း ဝန်ကြီးချုပ်လီရှန်လွန်းက ဂုဏ်ပြုစကားပြောကြားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကွယ်လွန်ချိန်တွင် အသက် (၉၂) နှစ် အရွယ်ရှိ နာသန်သည် စင်ကာပူ ပြည်သူ့ဝန်ထမ်းဘဝတွင် နှစ်ပေါင်း ၄၀ ကြာမျှ ဖြတ်သန်းခဲ့ပြီး ၁၉၉၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ နာသန်သည် အိန္ဒိယနွယ်ဖွားဖြစ်သည်။

သမ္မတဟောင်းနာသန်သည် ဇူလိုင် ၃၁ ရက်တွင် လေသင်တုန်းရောဂါဝေဒနာကို ခံစားရပြီး ဩဂုတ် ၂၂ ရက်တွင် ကွယ်လွန်ချိန်အထိ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူခဲ့သည်။

နိုင်ငံတော်စျာပန အခမ်းအနားအပြီးတွင် နာသန်၏ မိသားစုက ပုဂ္ဂလိက စျာပနအခမ်းအနားကို သီးခြားပြုလုပ်ခဲ့သည်။

နိုင်ငံတော်စျာပနအခမ်းအနားသို့ ဝန်ကြီးချုပ်လီရှန်လွန်း ဦးဆောင်တက်ရောက်ခဲ့သည်။ စင်ကာပူအမျိုးသားတက္ကသိုလ် ယဉ်ကျေးမှုဌာန၌ ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက နိုင်ငံတော် စျာပနအခမ်းအနားကျင်းပရာတွင် နာသန်နှင့် ပတ်သက်၍ ချီးကျူးဂုဏ်ပြုစကားများကို ပြောကြားခဲ့ကြသည်။

**ပီတီအိုင်။**

# ဘဏ္ဍာငွေအလွဲသုံးစားပြုမှုဖြင့် ဘရာဇီးသမ္မတအားစွဲချက်တင်မှုကို လာမည့်ရက်သတ္တပတ်တွင် မဲခွဲဆုံးဖြတ်မည်

**ဘရာဇီးလီးယား ဩဂုတ် ၂၆**

နိုင်ငံတော်အသုံးစရိတ်များကို အလွဲသုံးစားပြုမှုဖြင့် တရားစွဲဆိုခြင်းကြောင့် ရာထူးမှ ယာယီဆိုင်းငံ့ခြင်းခံရသော ဘရာဇီးသမ္မတ ဒီလ်မာ ရူဆက်ဖ်သည် နောက်ဆုံးအကြိမ် အမှုစစ်ဆေးခြင်းကို တရားရုံးတွင် လာရောက်ကြားနာခဲ့ကြောင်း သတင်းများအရ သိရသည်။

အထက်လွှတ်တော်အမတ်များက ဩဂုတ် ၂၅ ရက်တွင် ယင်းအမှုနှင့်စပ်လျဉ်းပြီး စဉ်းစားသုံးသပ်ခဲ့ကြသည်။ တရားရုံးတွင်လည်း ယင်းအမှုနှင့်ပတ်သက်ပြီး သမ္မတရူဆက်ဖ်တွင် အပြစ်ရှိ၊ မရှိဆိုသည်ကိုမူ သက်သေများ၏ထွက်ဆိုချက်ကို တရားရုံးက ကြားနာစစ်ဆေးခဲ့သည်။

သမ္မတရူဆက်ဖ်ကို မေလမှစပြီး ရာထူးမှ ဆိုင်းငံ့ထားခဲ့သည်။ လာမည့်ရက်သတ္တပတ်တွင် အဆိုပါအမှုအပေါ် မဲဆန္ဒများခံယူကာ အဆုံးသတ်စီရင်ချက် ချမှတ်မည်ဖြစ်သည်။ မဲဆန္ဒခံယူရာတွင် ဆန္ဒမဲပေးသူ အနည်းဆုံး သုံးပုံနှစ်ပုံသည် သမ္မတရူဆက်ဖ်တွင် အပြစ်ရှိကြောင်း ထင်မြင်ယူဆသည်ဟု မဲပေးပါက သမ္မတရူဆက်ဖ်ကို ရာထူးမှ အပြီးတိုင် ဖယ်ရှားမည်ဖြစ်သည်။

ဒေသန္တရမီဒီယာများက သမ္မတရူဆက်ဖ်သည် ပြစ်မှုထင်ရှားသည့်အတွက် ရာထူးမှ ဖယ်ရှားခြင်းခံရနိုင်ဖွယ်ရှိကြောင်း ရေးသားကြသည်။ အစောပိုင်းက အထက်လွှတ်တော်တွင် ပြုလုပ်ခဲ့သည့် မဲဆန္ဒခံယူမှုတွင် ဆန္ဒမဲပေးသူ ၅၉ ဦးက တရားရုံး၏ နောက်ဆုံးအကြိမ် ကြားနာခွင့်ကို ရရှိရန် မဲပေးခဲ့သည်။

ယခုလနှောင်းပိုင်းတွင် သမ္မတရူဆက်ဖ်ကို ထောက်ခံသူများသာမက ထောက်ခံမှုမရှိသူများကပါ မြို့တော်ဘရာဇီးလီးယားနှင့် အခြားသောမြို့များတွင် ဆန္ဒဖော်ထုတ်လျက်ရှိကြသည်။

သမ္မတရူဆက်ဖ်သည် ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲကာလမတိုင်မီ နိုင်ငံ၏ လိုငွေများကို ဖုံးကွယ်ထားရန် ရည်ရွယ်သည့်အနေဖြင့် ရသုံးမှန်းခြေဥပဒေများကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခြင်းခံနေရသည်။

**အင်န်အိတ်ချ်ကေ။**




# တာဝေးပျံရုရှားဗုံးကြဲလေယာဉ်များတွင် တပ်ဆင်ရန် နောက်ဆုံးပေါ် ခရုဇ်ဒုံးကျည်သစ်များ ရရှိတော့မည်

**မော်စကို ဩဂုတ် ၂၆**

ရုရှားလေတပ်မှ တီယူ-၂၂ အမ် ၃ ဘက်ဖိုင်းယား အမျိုးအစား တာဝေးပျံ ဗုံးကြဲလေယာဉ်များတွင် ကေအိတ်ချ်-၃၂ အမျိုးအစားနောက်ဆုံးပေါ်ခရုဇ်ဒုံးကျည်များကို တပ်ဆင် နိုင်တော့မည်ဖြစ်ကြောင်း ရုရှားစပွတ်နစ် သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် သတင်းဖော်ပြသည်။

နောက်ဆုံးပေါ် ကေအိတ်ချ်-၃၂ အမျိုးအစား ခရုဇ်ဒုံးကျည်သည် ဗုံးကြဲလေယာဉ်များ၏ ရေဒါလှိုင်းများကို ဖျက်ဆီးနိုင်သော စစ်ရေယာဉ်များ၊ ရေဒါစခန်းများနှင့် ပစ်မှတ်များကို ဖျက်ဆီးနိုင်ကြောင်း ရုရှားစစ်ဘက်ကျွမ်းကျင်သူ ဒီမီထရီကိုနာဗ်က ပြောကြားသည်။

အဆိုပါဒုံးကျည်သည် ပစ်မှတ်အား မတိုက်ခိုက်မီ အမြင့် ကီလိုမီတာ ၄၀ မှ ရေပြင်ညီအတိုင်း ပျံသန်းနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကေအိတ်ချ်-၃၂ ခရုဇ်ဒုံးကျည်ကို နည်းပညာ ဒုံးကျည်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း၏ လက်အောက်ခံ ရာဒူဂါ စစ်ဘက်ဒီဇိုင်းဗျူရိုက ထုတ်လုပ်ခြင်းဖြစ်သည်။ ၎င်းဒုံးကျည်အား ရန်သူ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ကြားဖြတ်ဟန့်တားရေး ဂျက်လေယာဉ်အများစုနီးပါးက မဟန့်တားနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကေအိတ်ချ်-၃၂ အမျိုးအစား ခရုဇ်ဒုံးကျည်အား လတ်တလော စမ်းသပ်မှုများမှာ ပြီးစီးလုနီးပြီဖြစ်သည်။

အဆိုပါဒုံးကျည် အမျိုးအစားကို ၁၉၉၀ ပြည့်နှစ် အစောပိုင်းတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်အလယ်ပိုင်းတွင် ပထမဆုံးအကြိမ် စမ်းသပ်ခဲ့ကာ ၂၀၁၃ ခုနှစ်အတွင်း၌ ဗုံးကြဲလေယာဉ် တီယူ-၂၂ အမ်-၃ မှ ယင်းခရုဇ်ဒုံးကျည်အား စမ်းသပ်ပစ်ခတ်ပုံများ ထွက်ပေါ်လာခဲ့သည်။ ယင်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို မြို့တော်မော်စကို၏ ပြင်ပရှိ လေကြောင်းစမ်းသပ်ပစ်ကွင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# ပါကစ္စတန်သို့ ထောက်ပံ့ပေးသည့် စစ်ရေးနှင့် စီးပွားရေးအကူအညီ အမေရိကန် လျှော့ချလာ

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်ပြည်ထောင်စုသည် မကြာသေးမီနှစ်များအတွင်း ပါကစ္စတန်နိုင်ငံအတွက် စစ်ရေးအကူအညီနှင့် စီးပွားရေး အကူအညီကိုပါ ဖြတ်တောက်လျှော့ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အိမ်နီးချင်းအာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်အဖွဲ့ကို အားပေးထောက်ခံသည့် ပါကစ္စတန်အစိုးရတာဝန်ရှိသူများ၏ ဦးရေတိုးပွားလာနေချိန်တွင် အမေရိကန်က ယင်းနိုင်ငံသို့ထောက်ပံ့ပေးသော စစ်ရေးနှင့် စီးပွားရေး အကူအညီများကို တစ်စတစ်စ လျှော့ချလာခြင်းဖြစ်သည်။

ပါကစ္စတန် အစိုးရတာဝန်ရှိသူများအတွင်း တာလီဘန်အဖွဲ့ကို ပိုမိုထောက်ခံလာနေခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့က စိတ်ပျက်အားလျော့လာခြင်းသည် နှစ်နိုင်ငံ ဆက်ဆံရေးတွင် အစွန်းအထင်းဖြစ်ရကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# အကျဉ်းသား၊ အကျဉ်းသူများအား ကြီးကြပ်ကူညီစောင့်ရှောက်မည့်ကော်မတီများ ဖွဲ့စည်းရန်အစီအစဉ်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဖယ်ခုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးဖိုးမောင်၏ ရွှေပြည်အေး လူငယ်ပြန်လည်ထူထောင်ရေးစခန်းအား ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရွှေပြည်အေးစခန်းကို ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

အဆိုပါ ဖယ်ခုံမြို့နယ် အနီးတစ်ဝိုက်တွင် မူးယစ်ဆေးစွဲကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးရန် လိုအပ်ပါက ဒေသတွင်းရှိ မူးယစ်ဆေးစွဲလူနာများအား မူးယစ်ဆေးသုံးစွဲမှုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ဆေးကုသရေးလုပ်ငန်းအဖွဲ့)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့)တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ လူထုအခြေပြု မူးယစ်ဆေးစွဲကုသမှုများ ဆောင်ရွက်ပေးနိုင်ပါကြောင်းကို ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ဆောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၏ မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် အမြန်ဆုံး ဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျောက်ထုမြို့အား ကျောက်ထုမြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းရန် လတ်တလော အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီးက ဆောမြို့နယ် ကျောက်ထုမြို့အား မြို့နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းရန် တင်ပြလာပါက အခြားသောမြို့ (၁၄၅) မြို့ကိုလည်း မြို့နယ်အဖြစ် တိုးချဲ့ ဖွဲ့စည်းပေးရမည့် အခြေအနေဖြစ်ပေါ်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ မြို့အဆင့်တွင် အစိုးရဌာန (၂၁)ခုရှိပြီး မြို့နယ်အဆင့်တွင် အစိုးရဌာနပေါင်း (၃၉) ခုအထိ တိုးချဲ့ ဖွဲ့စည်းရမည်ဖြစ်သည့်အပြင် ရုံးဌာနများ၏ ဖွဲ့စည်းပုံကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ၁၄၆ မြို့နယ်ကို မြို့နယ်အဖြစ်တိုးမြှင့်မည်ဆိုပါက တိုးချဲ့ဖွဲ့စည်း တာဝန်ပေးရမည့် ဝန်ကြီးဌာနအသီးသီးမှ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများစွာ တိုးမြှင့်ခန့်အပ်ရန် လိုအပ်လာခြင်းများ ဖြစ်ပေါ်လာမည့်အပြင် လတ်တလော အခြေအနေအရလည်း ဝန်ထမ်းများလုံလောက်စွာတာဝန်ပေးနိုင်ရန် အခက်အခဲများ ရှိလာနိုင်ပါကြောင်း၊ ၎င်းတို့အတွက် ရုံးအဆောက်အအုံ၊ နေအိမ်အဆောက်အအုံ၊ ယာဉ်နှင့်အခြားသောပစ္စည်းများ ဖြည့်တင်းရန် ငွေလုံးငွေရင်းများစွာ လိုအပ်ခြင်း၊ ရုံးလုပ်ငန်းဆောင်ရွက်နိုင်ရေး သာမန်ငွေစာရင်းများစွာ လိုအပ်လာခြင်းစသည့်များစွာသော နိုင်ငံ့ဘဏ္ဍာငွေများကို ပိုမိုသုံးစွဲရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉၊ ပုဒ်မ ခွဲ (က)တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့်မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့်မြို့နယ်တစ်ခုခုနှင့် ပူးပေါင်း၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟု ပြဋ္ဌာန်းပါရှိရာ မြို့နယ်တိုးချဲ့ဖွဲ့စည်းခြင်းသည် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းအပေါ် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် အငြင်းပွားဖွယ်ရာကိစ္စရပ်များလည်း ပေါ်ပေါက်လာနိုင်ကြောင်းကို တွေ့ရှိရပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အကျဉ်းသား၊ အကျဉ်းသူများအား ကြီးကြပ်ကူညီစောင့်ရှောက်မည့်ကော်မတီများ ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အကျဉ်းထောင်များနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များတွင် လစ်ဟာမှုမရှိသည်ကို စိစစ်တွေ့ရှိရပြီး လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်လက်စွဲပါ ဘုတ်အဖွဲ့ဝင်များစာရင်းတွင် ပါဝင်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ တရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ဒေသဆိုင်ရာ အာဏာပိုင်များကလည်း ဝင်ရောက်စစ်ဆေးခြင်းနှင့် ICRC မှ ဝင်ရောက်လေ့လာခြင်းများ ပြုလုပ်ပြီး ၎င်းတို့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် ကြီးကြပ်ကူညီစောင့်ရှောက်မည့်ကော်မတီများ ဖွဲ့စည်းရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေးတင်သွင်းသည့် ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်သည့် ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ငွေခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

> **ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် ဆောက်လုပ်ပေးရန် လိုအပ်ကြောင်းနှင့် အကယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ ခွင့်ပြုငွေချပေးရန် ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်သည့်ဒေသများကို စိစစ်ပြီး ဘတ်ဂျက်ငွေခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး**

ကျောက်တန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက တောင်တန်းဒေသများတွင်ရှိနေသည့် ပညာရေးဝန်ထမ်းများ၏ အခြေအနေကို အားလုံး မြင်တွေ့ကြရပြီးဖြစ်ပါကြောင်း၊ သွားလာရခက်ခဲသည့် တောင်တန်းဒေသများသာမက ရန်ကုန်မြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ဝန်ထမ်းအိမ်ရာများသည်ပင် သင့်တော်မှုမရှိသည်ကို ဆိုးဆိုးရွားရွား မြင်တွေ့နေရပါကြောင်း၊ ဝန်ထမ်းအိမ်ရာများ ယင်းသို့ဖြစ်နေရခြင်းမှာ နိုင်ငံတော်၏ ဘတ်ဂျက်လိုအပ်ချက်တစ်ခုတည်းကြောင့် မဟုတ်ပါကြောင်း၊ အကျင့်ပျက်ခြစားမှုများကြောင့် သုံးစွဲခွင့်ရသည့် ဘဏ္ဍာငွေများသည် အောက်ခြေအထိရောက်မလာခြင်းသည်လည်း အကြောင်းရင်းတစ်ခုဖြစ်ပါကြောင်း။

မိမိအနေဖြင့် အကြံပြုလိုသည်မှာ ဒေသခံများကို ဦးစားပေးခန့်ထားမည်ဆိုပါက ဝန်ထမ်းအိမ်ရာလိုအပ်ချက်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောက်လုပ်ပေးရန် လိုအပ်နေသည့် ဝန်ထမ်းအင်အားစာရင်းနှင့် လက်ရှိဝန်ထမ်းအိမ်ရာများ၏ အခြေအနေကိုလည်း စစ်တမ်းကောက်ယူထားသင့်ပါကြောင်း၊ အဆိုရှင်တင်ပြသွားသည့်အတိုင်း ဖွံ့ဖြိုးမှုနောက်ကျပြီး အမှန်တကယ်လိုအပ်နေသည့် ဒေသများအပြင် အလိုအပ်ဆုံးအခြေအနေ၊ ဆိုးရွားစွာပျက်စီးနေသည့် ပြယုဂ်မကောင်းသည့် အိမ်ရာအခြေအနေများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအဖြစ် ရေရှည်စီမံကိန်းချမှတ်ကာ အနိမ့်ဆုံးရှိသင့်သည့် စံချိန်စံညွှန်းသတ်မှတ်ပြီး တည်ဆောက်ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းက ပညာရေးဝန်ကြီးဌာနသည် မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကို စတင်မွေးထုတ်ပေးနေသည့် ဌာနကြီးပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းတွင် ပါဝင်နေပါကြောင်း၊ ယင်းသို့ ပါဝင်နေရခြင်း၏ အဓိကအကြောင်းရင်းများထဲတွင် ပညာရေးအဆင့်အတန်း နိမ့်ကျနေခြင်းသည်လည်း တစ်ချက်အပါအဝင်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒများ၊ သင်ကြားမှုသင်ယူမှုများ ပြောင်းလဲရုံမျှနှင့် မလုံလောက်ပါကြောင်း၊ ယင်းမူဝါဒများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ရပ်ရွာထဲတွင် ဂုဏ်သိက္ခာရှိရှိ ဘဝရပ်တည်နိုင်စေရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် စားဝတ်နေရေး စသည့် လူနေမှုအခက်အခဲများရှိပါက သင်ကြားရေးကို အာရုံစူးစိုက်၍ ကောင်းမွန်စွာ သင်ကြားပေးနိုင်မည် မဟုတ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ရပ်ရွာမှ စီစဉ်ပေးသည့် နေရာများတွင် နေထိုင်ကြရပြီး စီစဉ်ပေးမှုမရှိပါက စာသင်ဆောင်များတွင် ဖြစ်သလိုနေကြရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးတွင် တစ်ပြေးညီ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာ၌ ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာ ဆရာမများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုဘတ်ဂျက်မှ ကျခံသုံးစွဲသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဆွေးနွေးကာ အဆိုကို မှတ်တမ်းအဖြစ် ထားရှိပေးရန် လွှတ်တော်သို့ တင်ပြသည်။

သို့သော် အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးက မှတ်တမ်းအဖြစ်သာမကဘဲ စောင့်ကြည့်ပေးပါရန် လွှတ်တော်သို့ ပန်ကြားသဖြင့် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူညီမှုရသဖြင့် အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် ကြေညာသည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေးကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ထို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များအပေါ် အလေးအနက်ထားဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ"ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါ်ကျိန်ငိုက်မန်က "မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ" နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ဖြင့် ယင်းဥပဒေကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ "နိုင်ငံတော်အစိုးရအနေဖြင့် မြေမြှုပ်မိုင်းအသုံးပြုမှု သဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန်အစီအစဉ် ရှိ၊ မရှိနှင့် ဒေသခံကျေးလက်ပြည်သူများကို အန္တရာယ်မှကယ်တင်မည့် မိုင်းရှာ မိုင်းဖျက်ဆီးရေး စီမံချက် ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြန်မာနိုင်ငံအနေဖြင့် စာချုပ်တွင်အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်လိုက်သည်နှင့် မိုင်းစာရင်းများပြုစုခြင်း၊ မိုင်းထောင်ထားသည့် ဧရိယာများကို ရှာဖွေစာရင်းပြုစုခြင်း၊ သတ်မှတ်ကာလအတွင်း မိုင်းများဖျက်ဆီးခြင်း၊ မိုင်းထောင်ထားသည့် ဧရိယာများကိုရှင်းလင်းခြင်း၊ အတည်ပြုပါဝင်ပြီးရက်ပေါင်း ၁၈၀ အတွင်း မိုင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ အစီရင်ခံစာတင်ပြခြင်းစသည်တို့ကို ပြုလုပ်ပေးရမည်ဖြစ်ရာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ရှိနေဆဲဖြစ်သည့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရ စာချုပ်ပါတာဝန်ရှိမှုများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိ၊ မရှိ ထည့်သွင်းစဉ်းစားပြီး စာချုပ်တွင် အတည်ပြုပါဝင်ရန် သင့်၊ မသင့် သုံးသပ်စဉ်းစားသင့်ပါကြောင်း။

လက်ရှိအခြေအနေတွင် မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ရေးနှင့် ပတ်သက်သော နည်းပညာများ၊ နိုင်ငံတကာ၏ အတွေ့အကြုံများကို ရယူလျက်ရှိရာ မိုင်းအသိပညာပေး ဆောင်ရွက်မှုဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေးသင်တန်းများ သင်ကြားပေးလျက်ရှိပြီး မိုင်းရှင်းလင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပါကြောင်း၊ လက်ရှိတွင် ဒေသခံကျေးလက်ပြည်သူများကို မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်းရှိ ဖာပွန်-ခေါပုတ်-နတ်တောင်-ဒါးကွင်း လမ်းကြောင်းတစ်လျှောက်တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် သုမွဲထ-မြစ်ဆုံဒေသတစ်ဝိုက်တွင် မိုင်းရှာ မိုင်းဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားခဲ့သည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၏ "တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ကို အရာထမ်းရာထူးနေရာ ၃၇၀၊ အမှုထမ်းရာထူး ၇၆၁ နေရာ စုစုပေါင်း ၁၁၃၁ နေရာဖြင့် ဖွဲ့စည်းနိုင်ရေးတင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ရန်ပုံငွေကိုလည်း ရေးဆွဲပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း။

**စာမျက်နှာ ၇ သို့ ●**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် ရေတိုနှင့် ရေရှည်စဉ်းစားစရာများ

**မော်လင်း**

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်သွားသော ငလျင်ကြောင့် ပုဂံဘုရားများ ပျက်စီးပြိုကျဖြစ်ရသည်ကို မြန်မာပြည်သူတို့ အလွန်ပဲ တုန်လှုပ်ခဲ့ကြ၊ စိတ်ထိခိုက် ဝမ်းနည်းကြဖြစ်ခဲ့ရသည်။

ချက်ချင်းဆိုသလို ပြန်လည်ပြုပြင်ထိန်းသိမ်းကြမည်ဟူသော စိတ်ဇောဟုန်လည်း ပြည်သူလူထု၏ ရင်တွင်းမှ စေတနာတရားနှင့်အတူ မြင့်တက်လာခဲ့ကြသည်။

သီတဂူဆရာတော်ကြီးမှ အစ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထုအစိတ်အပိုင်းအသီးသီးတို့က အလှူငွေများ လှူဒါန်းနေကြသည်ကိုလည်း တွေ့မြင်နေရပါသည်။

ပုဂံရှိ ထူပါ ပုထိုးစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဂူများသည် သာသနိက အဆောက်အအုံများအဖြစ်သာမက၊ သမိုင်းကို မှတ်တမ်းတင်နေသော၊ မြန်မာ့အစဉ်အလာ ယဉ်ကျေးမှုများကို ဟစ်ကြွေးနေသော၊ တင့်တယ်ခမ်းနား ကြီးမြင့်လှသော၊ မြန်မာ့ဗိသုကာလက်ရာများအဖြစ် မော်ကြွားနေသော အမွေအနှစ် စစ်စစ်ကြီးများ ဖြစ်လေသည်။ ကမ္ဘာ့ပြည်သူတို့ကလည်း မြတ်နိုးတန်ဖိုးထားကြကာ ကမ္ဘာ့အမွေအနှစ်များအဖြစ် သတ်မှတ်နေကြသည်။

တစ်နည်းဆိုရလျှင် မြန်မာတို့အတွက် ဂုဏ်ယူစရာဖြစ်သလို ကမ္ဘာအတွက်လည်း အလွန်တရာမှ တန်ဖိုးကြီးလှသော အမွေအနှစ်များ။

ထို့ကြောင့်ပင် ယခုလို ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသည့် သတင်းများ ထွက်ပေါ်လာသည့်အခါ တစ်ကမ္ဘာလုံးက စုတ်တသပ်သပ်နှင့် နှမြောကြကုန်၏။ အမွေအနှစ်တို့၏ တန်ဖိုးကို နက်နက်ရှိုင်းရှိုင်း နားလည်ကြသူများအဖို့မှာကား စုတ်တသပ်သပ် ဖြစ်ခဲ့ကြရသည်မှာ သည်ကနေ့ ငလျင်မလှုပ်မီ အချိန်အတော်ကြာကတည်းကဖြစ်၏။ ကြာလှရှိခဲ့ပြီ။

ယင်းနှင့်ပတ်သက်၍ ကွယ်လွန်သူ သမိုင်းပညာရှင် ပါမောက္ခဒေါက်တာသန်းထွန်းက ပြောခဲ့ဖူးသည်။ ပုဂံကို ဘယ်သူတည်သလဲမေးလျှင် ဖြေရခက်ကောင်းခက်မည်၊ ပုဂံကို ဘယ်သူဖျက်သလဲဆိုလျှင် တရားခံရှာရတာ မခက်ဟူ၏။

ရှိစေ။ ရှေ့ခရီးကို မည်သို့ဆက်ကြမည်နည်း။ မလုပ်သင့်တာတွေ လုပ်ခဲ့ကြ၍ထိခိုက်နစ်နာခဲ့ရသည်တို့ နစ်နာခဲ့ပြီ။ ပြိုပျက်တာတွေ ပြိုပျက်သွားခဲ့ပြီ။ ဝမ်းနည်းပူဆွေး မျက်ရည်ကျနေရုံနှင့်မပြီး။ မျက်ရည်သုတ်ကာ မည်သို့ ပြန်လည်ထိန်းသိမ်းကြမည်လဲ။ မည်သို့ ပြန်လည် ပြင်ဆင်ကြမည်လဲဆိုတာကို အလေးအနက်ထား စဉ်းစားရမည့်အချိန် ရောက်လာခဲ့ပြီ။ အဆိုးထဲကပဲ အကျိုးရှိတာ ရှာဖွေလုပ်ကြဖို့ ဖြစ်ပါသည်။

**ရှေ့ခရီးကို မည်သို့ ဆက်ကြမည်နည်း။ မလုပ်သင့်တာတွေ လုပ်ခဲ့ကြ၍ထိခိုက်နစ်နာခဲ့ရသည်တို့နစ်နာခဲ့ပြီ။ ပြိုပျက်တာတွေ ပြိုပျက်သွားခဲ့ပြီ။ ဝမ်းနည်းပူဆွေး မျက်ရည်ကျနေရုံနှင့်မပြီး။ မျက်ရည်သုတ်ကာ မည်သို့ ပြန်လည်ထိန်းသိမ်းကြမည်လဲ။ မည်သို့ ပြန်လည်ပြင်ဆင်ကြမည်လဲဆိုတာကို အလေးအနက်ထား စဉ်းစားရမည့်အချိန် ရောက်လာခဲ့ပြီ။ အဆိုးထဲကပဲ အကျိုးရှိတာ ရှာဖွေလုပ်ကြဖို့ ဖြစ်ပါမည်။**

ပုဂံဖြစ်တည်ခဲ့မှုမှာ နှစ်ထောင်ချီခဲ့ပြီဖြစ်၏။ သည်လို အမွေအနှစ် အဆောက်အအုံများကို ပြန်လည်ပြင်ဆင် ထိန်းသိမ်းနိုင်ရန်အတွက် ရေတိုရေရှည်စီမံကိန်းများ အသေအချာချမှတ်ပြီးမှ ဆောင်ရွက်နိုင်ပါမည်။

ပထမဆုံးအားဖြင့် ပြိုကျပျက်စီးသော အပျက်အစီးပုံကို ရှင်းလင်းသည်ကစ၍ စနစ်တကျဖြစ်ရန်လိုပါမည်။ ပြိုကျပစ္စည်းများကို အမှိုက်များလို သဘောထားက တွေ့ရာ အိတ်ထဲထည့် ကြုံရာနေရာမှာ စွန့်ပစ်လို့မဖြစ်။ အစိတ်အပိုင်းတိုင်းကို နားလည်သူတို့ ဦးဆောင်ပါဝင် စိစစ်ကာ သတ်မှတ်မှတ်တမ်းတင်ကာ အိတ်၊ သေတ္တာ၊ ပုံး၊ ဆန်ခါများဖြင့် မထိခိုက်အောင် တစ်စုစီသိမ်းဆည်းရန်လိုပါမည်။

ထိုနည်းတူစွာပင် ပြန်လည်ပြင်ဆင်စောင့်ရှောက်ထိန်းသိမ်းရန် ငွေကြေးလှူဒါန်းကြသည်များကိုလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်လိုသူအားလုံးတို့၏ စေတနာကို အသိမှတ်ပြုမှတ်တမ်းတင်ကာ ရန်ပုံငွေအားလုံးကို ဗဟိုအစိုးရက ကိုင်တွယ်ထိန်းသိမ်းသင့်ပါသည်။ ဟိုအဖွဲ့ကတစ်မျိုး၊ သည်အဖွဲ့က တစ်မျိုး မဖြစ်သင့်ဘဲ ဗဟိုအစိုးရက စီမံခန့်ခွဲသော ပုဂံပြုပြင်စောင့်ရှောက်ထိန်းသိမ်းရေးဗဟိုရန်ပုံငွေအဖြစ် ထိန်းသိမ်းထားသင့်သည်ဟု ထင်ပါသည်။ ယင်းရန်ပုံငွေကို စနစ်တကျဖြင့် မည်သည်ကို မည်သို့ မည်သည့် နေရာတွင် အသုံးချသင့်သည်ဟူ၍ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်ကိုရယူကာ စီမံခန့်ခွဲရန် လိုအပ်ပါမည်။ အထူးသဖြင့် ဘုရားတစ်ဆူချင်းကိုသာမကဘဲ ပုဂံဒေသတစ်ခုလုံးကို ခြုံငုံကြည့်မြင်၍ ဦးစားပေးအစီအစဉ်များကို ကြိုတင်ရေးဆွဲကာ တစ်ဆင့်ချင်း ဖြေရှင်းရန် လိုအပ်ပါမည်။

ထို့အတူ ပြန်လည်ပြင်ဆင် ထိန်းသိမ်းသည်ဆိုရာ၌လည်း အတိတ်ကို သင်ခန်းစာယူစရာများ များစွာရှိပါမည်။

- ပုဂံဘုရားတို့၏ မူလဖြစ်တည်မှုတန်ဖိုးကို နားလည်အောင် မကြိုးစားဘဲ ကိုယ်ထင်ရာမြင်ရာ ကောင်းနိုးရာရာ ထီးတင်လို့တင်၊ ရွှေချလို့ချ၊ နံရံဆေးပန်းချီများအပေါ်က ထုံးသုတ်လို့သုတ်၊ ရှိရင်းစွဲ တစ်ဝက်ကျန် တစ်စိတ်ကျန် အဆောက်အအုံများကို ဖြိုကာ အသစ်တည်လို့တည်ခဲ့ကြသည်များ။ မြေကြီးပုံကို အမှီပြု၍ ပုဂံဘုရားပုံ စေတီတော်တစ်ဆူတည်ပြီး ပုဂံယဉ်ကျေးမှုလက်ရာအစုထဲတွင် ဖြည့်ဆည်းခြင်းများ။

- ထိုသို့ မိမိတို့ ထင်သလို စိတ်ကြိုက်ပြင်ဆင်ပြီးသကာလ အဆိုပါ ထူပါ ပုထိုးများရှေ့တွင် ကျောက်စာချပ်ကြီးများထူကာ မိမိနှင့် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၏ အမည်နာမများကို ကျောက်စာပေါ် ထွင်းထုကာ ကမ္ပည်းထိုးမော်ကွန်းတင်သည်များ။

- ထို့ပြင်တစ်ဝ ရှေးဟောင်းဒေသနေရာအဖြစ် သီးခြားတည်ရှိရန်ဟူသော အကြောင်းပြချက်ဖြင့် နေထိုင်နေကြသော မြို့သူမြို့သားများကို မြို့ပြင်ဆီသို့ မြို့သစ်တည်ကာ အတင်းရွှေ့ပြီးနောက် ပုဂံဘုရားများကို လွှမ်းမိုးလာသည့် ဟိုတယ်များ တစ်လုံးပြီးတစ်လုံး ပေါ်ပေါက်လာခဲ့သည်များ စသည့် အခြေခံအယူအဆအလွဲများကို အလေးအနက်ဆင်ခြင်ကာ စီမံကြဖို့လိုပါမည်။

ယခု ဖြစ်ပေါ်လာသည့် အခြေအနေကို အကြောင်းပြုကာ ရေတိုပြုပြင်စရာရှိသည်တို့ကို ပြုပြင်ရန်၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စီမံကိန်းများနှင့် နောင်ကို မဖြစ်သင့် မဖြစ်အပ်သည်တို့ မဖြစ်စေရန် ဥပဒေနှင့် နည်းနာများ၊ ခြုံငုံကြည့်မြင်ရေးဆွဲသည့် စီမံကိန်းနှင့် ဇုန်ခွဲခြားမှုများ၊ ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး အစီအမံတို့ကိုပါ စနစ်တကျ ရေးဆွဲပြင်ဆင်ကြရန် လိုပါမည်။

ထို့ပြင် ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရခြင်း ဖြစ်သည့်အားလျော်စွာ နိုင်ငံတကာမှ ကျွမ်းကျင်ပိုင်နိုင်သော ပညာရှင်များ၏ အကူအညီ အကြံဉာဏ်များကိုလည်း မဖြစ်မနေ ရယူကြရန် လိုအပ်ပါမည်။ ပြည်တွင်းရှိ တာဝန်ရှိသူများ၊ ယူနက်စကို အပါအဝင် နိုင်ငံတကာမှ ကျွမ်းကျင်နားလည်သူများ၊ ပညာရှင်များ၊ ပြည်တွင်းမှ ကျွမ်းကျင်နားလည်သူနှင့် ပညာရှင်များ အားလုံးပူးပေါင်းစီမံသည့် အဖွဲ့အစည်းတစ်ခုဖွဲ့စည်းကာ ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို စီမံဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါကြောင်း။ ။

■

# မန္တလေးမြို့တွင် ခေတ်မီလက်တု ၂၀၀ အခမဲ့တပ်ဆင်ပေးမည်

**မန္တလေး ဩဂုတ် ၂၆**

အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လက်များနေရာတွင် ကိုင်တွယ်အသုံးပြု၍ရသည့် ခေတ်မီလက်အတု အခု ၂၀၀ ကို ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းမှ မန္တလေးမြို့တွင် အောက်တိုဘာလအတွင်း အခမဲ့တပ်ဆင်ပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ဩဂုတ် ၂၅ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။


"လက်တုတွေက ပေါက်တူးပေါက်တာတို့၊ အကြမ်းသုံးတာတို့တော့မရဘူး။ စာရေးလို့ရမယ်။ ရေခွက်ကိုင်ပြီး သောက်လို့ရမယ်။ ထမင်းစားလို့ရမယ်။ နောက်ပြီး ဘုရားရှိခိုးလို့ရမယ်။ တချို့ပန်းချီဆွဲတာတို့၊ ခါးကိုတပ်ပြီး ကြက်သွန်လှီးတာတို့ ဒါမျိုးအပေါ့စားလေးတွေသုံးလို့ရပါတယ်"ဟု ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးတိုးဘရှမ်းက ပြောသည်။

ထို့ပြင် လက်တုများတပ်ဆင်မည့်သူများသည် အသက် (၁၄) နှစ်အထက် ကျန်းမာသန်စွမ်းသူဖြစ်ရမည်ဖြစ်ပြီး တံတောင်ဆစ်အတွင်းဘက်မှ အောက်သို့ ငါးလက်မခန့် ပြတ်တောက်နေသူများ၊ လက်ကောက်ဝတ်ပြတ်သူများအတွက် တပ်ဆင်ရန် ပိုမိုသင့်လျော်ကြောင်းနှင့် ဖောင်ဒေးရှင်းမှ လက်နှစ်ဖက်မရှိသူများကို ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူမျိုးမရွေး ဘာသာမရွေး အခမဲ့ တပ်ဆင်ပေးမည်ဖြစ်သည်။

ဒေါက်တာစောမြအောင်ဖောင်ဒေးရှင်းမှ မန္တလေးမြို့ လမ်း (၃၀)နှင့် (၇၉)လမ်းထောင့်ရှိ မြတ်ဆုရှင်ဘုရားတွင် အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီခွဲမှ စတင်ကာ တပ်ဆင်ပေးသွားမည်ဖြစ်သည့်အပြင် လူဦးရေ ၂၀၀ သာ လက်ခံမည်ဖြစ်သည့်အတွက် လက်အတု တပ်ဆင်လိုသူများအနေဖြင့် ဖုန်း-၀၉-၄၂၀၀၄၂၇၃၈၊ ၀၁- ၅၃၅၆၆၀ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ခေတ်မီလက်တုများကို အမေရိကန်နိုင်ငံ Ellen Meadows Prosthe Tics Hand Foundation မှ ကူညီပံ့ပိုးပေးခြင်းဖြစ်ပြီး ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ်မှစတင်ကာ လူဦးရေ ၄၅၀ နီးပါးအား လက်တုများ တပ်ဆင်ပေးခဲ့ရာ ယခုတပ်ဆင်ပေးမည့်အကြိမ်ရေနှင့်ပါဆိုလျှင် (၆) ကြိမ်ရှိပြီဖြစ်ကြောင်းသိရသည်။

**(သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဖြိုး)**



■

# နေပြည်တော်၌ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

စက်ဘီးအားကစားနည်းကို ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ လေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် စက်သုံးဆီခြိုးခြံချွေတာနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့ နံနက် ၅ နာရီခွဲတွင် ပေါင်းလောင်းအားကစားကွင်းရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ပေါင်းလောင်းအားကစားကွင်းရှေ့မှ တာထွက်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲကို စက်ဘီးစီးဝါသနာရှင် ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းစက်ဘီးစီးအင်အား ၃၅၀ ကျော်ဖြင့် ပျဉ်းမနား- ပေါင်းလောင်း အားကစားကွင်းမှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း စီးနင်းကြပြီး မြင်းရတနာလမ်းဆုံ၊ ထိုမှတစ်ဆင့် ဗိုလ်တေဇလမ်းအတိုင်း၊ ထို့နောက် အထက(၁)လမ်းဆုံ၊ ဆက်လက်၍ ဗိုလ်ချုပ်လမ်းအတိုင်း၊ ထိုမှတစ်ဆင့် ခလရ(၈၅)တံတား၊ ထို့နောက် ပန်းခင်းလမ်းအထိ စီးနင်းကြပြီး ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနား- နှင်းဆီအဝိုင်း၊ ထို့နောက် ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း စီးနင်းကြပြီး ပျဉ်းမနား-ပေါင်းလောင်း အားကစားကွင်းရှေ့၌ ပန်းဝင်ခဲ့ကြကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# မူးယစ်ဆေးစွဲသူများအား ဆေးကုသရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဩဂုတ် ၂၆**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှ ပြည်သူလူထုအခြေပြု မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးကုသနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၅ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက အဖွင့်အမှာစကားပြောကြားသည်။

ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲသူများအား ဆေးကုသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မွန်ပြည်နယ် ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ဦးစီးပထမတန်း ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်၊ မူးယစ်တပ်ဖွဲ့စု (၃၈)မှ ဒုတိယရဲမှူး နိုင်ထန်းမနား၊ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးနေဝင်းနှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ မူးယစ်နှင့် စိတ်ရောဂါကုသရေး တာဝန်ခံဆရာဝန်ကြီး ဒေါက်တာတင်ဝင်းမြင့်တို့ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက မူးယစ်ဆေးစွဲသူများ ကုသနိုင်ရေး၊ ရေရှည်အတွက် စီမံချက်ဖြင့် ဆောင်ရွက်ပေးရေးနှင့် လတ်တလော ဖြေရှင်းကုသနိုင်ရေးတို့ကို အကျယ်တဝင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ်ရဲတပ်ဖွဲ့)**

● စာမျက်နှာ ၅ မှ

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်ရုံးများကို စတင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီးများနှင့် တွေ့ဆုံပြီး တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ နေ့ထူးနေ့မြတ်များ လွတ်လပ်စွာဆောင်ရွက်နိုင်ရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးစသည့် လုပ်ငန်းများအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေး၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဆိုင်ရာ ယဉ်ကျေးမှုပြက္ခဒိန်ရေးဆွဲနိုင်ရေး၊ ဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို Bottom Up စနစ်ဖြင့် ရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနရုံးများကို ဆက်လက်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရုံးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ရုံးအဖွဲ့များသဖွယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာန၏ ဝန်ထမ်းဖွဲ့စည်းမှုဆောင်ရွက်ပြီးသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အပေါ် အခြေခံ၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသည် တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနသည် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

**(သတင်းစဉ်)**

## မန္တလေး မြို့သာစက်မှုဥယျာဉ်စီမံကိန်းနှင့် ဆီမီးခုံဆိပ်ကမ်းနယ်မြေသို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်မှု ဒေသခံတောင်သူများနှင့် ကြီးမားသောပြဿနာမရှိ

**နေပြည်တော် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မန္တလေး မြို့သာစက်မှုဥယျာဉ်စီမံကိန်းလုပ်ငန်းတွင် ဆီမီးခုံ Container ဆိပ်ကမ်းနယ်မြေနှင့် မြို့သာစက်မှုဥယျာဉ်စီမံကိန်းသို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ရာတွင် ဒေသခံတောင်သူများနှင့် ကြီးမားသောပြဿနာမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့သာစက်မှုဥယျာဉ်စီမံကိန်းနဲ့ ဆီမီးခုံ Container ဆိပ်ကမ်းနယ်မြေကို ဆက်သွယ်တဲ့ အရှည် ကီလိုမီတာ ၂၀ (၁၁)မိုင်ခန့် လမ်းအကျယ် ပေ ၂၀၀ ဖောက်လုပ်တဲ့နေရာမှာ ယာမြေအချို့ပါဝင်ခဲ့ပါတယ်။ လမ်းဖောက်လုပ်ရာမှ ဆုံးရှုံးတဲ့ ယာမြေတွေအတွက် ဦးပိုင်ပေါက်ယာမြေဆိုရင် တစ်ဧကကို ကျပ်သိန်း ၂၀၊ ဦးပိုင်မပေါက်တဲ့ ယာမြေကို တစ်ဧကကျပ် ငါးသိန်းနှုန်းနဲ့ ညှိနှိုင်းသဘောတူညီမှုအရ ပေးလျော်ခဲ့ပါတယ်။ ငွေပေးလျော်တဲ့အပြင် ၄၀၈ ဧကခန့်မြေကွက်မှာ နစ်နာသူတောင်သူမိသားစု ၁၇၄၇ ဦးအတွက် (ပေ ၈၀× ပေ ၆၀) မြေတစ်ကွက်စီကိုလည်း ပေးခဲ့ပါတယ်။ အဲဒီ ၄၀၈ ဧကခန့် မြေကွက်ပေါ်မှာလည်း အားကစားကွင်း၊ ဆေးပေးခန်း၊ ဓမ္မာရုံ၊ စာသင်ကျောင်း၊ ရဲစခန်း၊ ဈေးတွေကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ လျော်ကြေးငွေနဲ့ မြေမယူတဲ့ တောင်သူသုံးလေးဦးလောက်တော့ရှိတယ်လို့ သိရပါတယ်။ လမ်းဖောက်လုပ်မှုနဲ့ ပတ်သက်ပြီး ကြီးမားတဲ့ပြဿနာ မရှိခဲ့ပါဘူး။ လမ်းဖောက်လုပ်မှုကတော့ ကတ္တရာနှစ်မိုင် ခင်းကျင်းပြီးဖြစ်ပါတယ်။ ကျန်အပိုင်းကိုလည်း ကတ္တရာဆက်လက်ခင်းသွားမှာဖြစ်ပါတယ်။ အကျယ် ပေ ၂၀၀ ယူပြီး ဖောက်လုပ်ရာမှာ လမ်းကတော့ ပေ ၁၀၀ ပဲ အသုံးပြုပြီး ကျန်တဲ့ ပေ ၁၀၀ က ဈေးဆိုင်ခန်းတွေ နေရာချထားပေးမှာဖြစ်ပါတယ်"ဟု မန္တလေး မြို့သာစက်မှုဥယျာဉ်စီမံကိန်း (MMID) တာဝန်ခံ ဦးပြည့်ဖြိုးကျော်က ပြောသည်။

"ဆီမီးခုံစက်မှုဆိပ်ကမ်းနယ်မြေနဲ့ မြို့သာစက်မှုဥယျာဉ် စီမံကိန်းကို ဆက်သွယ်တဲ့လမ်းမကြီးဖောက်လုပ်တဲ့အတွက် ကျွန်တော်တို့ဒေသခံတွေ အနေနဲ့ လတ်တလောမှာ ယာဉ်ငယ်လိုင်း ၁၀ လိုင်း၊ ရန်ကုန်-ဆီမီးခုံ နေ့ချင်းရောက် ယာဉ်လိုင်းတစ်လိုင်း ပွင့်သွားလို့ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာနေပါတယ်။ ပြီးတော့ လမ်းအသုံးပြုခလည်း မပေးဆောင်ရပါဘူး။ အရင်ကဆို မြင်းခြံ ၂၉ မိုင် ခရီးတောင်သွားဖို့ မလွယ်တဲ့ ချောင်ကျတဲ့ဒေသပါ၊ အခုဆို မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ နွားထိုးကြီး၊ ပုဂံ-ညောင်ဦး၊ ပခုက္ကူ ဥဒဟိုသွားလာနိုင်ပြီး ကျွန်တော်တို့ နဝရတ်ရွာကိုလည်း ကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံပြီး မီးတိုင်တွေစိုက်၊ မီးကြိုးတွေ သွယ်တန်းပေးထားပါတယ်။ ပူပြင်းခြောက်သွေ့ပြီး လမ်းပန်းဆက်သွယ်ရေးမကောင်းခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှုတွေ နှေးကွေးခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ဒေသမှာ အခုလို မြို့သာစက်မှုဥယျာဉ်စီမံကိန်းတစ်ခု ဖြစ်ထွန်း ပေါ်ပေါက်လာမှုကြောင့် အနာဂတ်မှာ ယခုထက် ဒေသခံတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ သေချာနေပါတယ်"ဟု နဝရတ်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**သာပေါင်း ဩဂုတ် ၂၆**

သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းများအသင်း (DSTO)မှ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများသို့ ငွေကျပ် ၁၂၇၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ဆပ်ပြာ၊ သောက်ရေသန့်တို့ကို ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် သာပေါင်းမြို့နယ် ဆင်လမ်းကျေးရွာ၌ အသင်းခေတ္တဥက္ကဋ္ဌ ဒေါ်ဟေမာမြင့်က ပေးအပ်လှူဒါန်းရာ ဒေသခံ ဦးဝင်းသန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## မိုးများမှုကြောင့် စစ်ကိုင်း-မုံရွာ ကားလမ်းတွင် မော်တော်ယာဉ်များ ရာကျော်ပိတ်မိနေခဲ့

**စစ်ကိုင်း ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဩဂုတ် ၂၆ ရက် နံနက်က မိုးရွာသွန်းခဲ့ပြီး မိုးရေချိန်လက်မ (သုည ဒသမ ၉၁) လက်မရှိခဲ့ သည်။ မိုးရွာသွန်းမှုကြောင့် စစ်ကိုင်း-မုံရွာ ကားလမ်းရှိ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ (မြင်းမူနှင့် မြောင်လမ်းခွဲအနီး)တွင် နံနက် ၆ နာရီခန့်မှ စတင်ပြီး ကားလမ်းရေကျော်မှုများဖြစ်ပွားခဲ့ရာ ကားလမ်းပေါ်တွင် နှစ်ပေခန့် ရေကျော်နေပြီး တစ်ဖက်လျှင် ကားအစီးရေ ရာကျော်ပိတ်မိနေကြောင်း သိရသည်။

"ဩဂုတ် ၂၆ ရက် နံနက် ၆ နာရီလောက်မှာ ရေတွေ တဖြည်းဖြည်းများလာတာဖြစ်ပြီး ပုံမှန်နှစ်တွေထက်တော့ ရေဆင်းပမာဏများပြားလာတယ်။ အထက်အမြင့်ပိုင်းမှာ မိုးရွာ၊ မိုးကြီးရင်တော့ အမြဲဖြစ်မယ့်သဘောရှိတယ်"ဟု ဒေသခံ အလ္လကပ္ပကျေးရွာသား ဦးအောင်သန်းက ပြောသည်။

အဆိုပါရေကျော်မှုဖြစ်ပွားရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံနှင့် တပ်ဖွဲ့ဝင်များ၊ မြတ်သုခလူမှုကူညီရေးအသင်းဝင်များက အန္တရာယ်ကင်းစွာ ဖြတ်သန်းနိုင်ရန်အတွက် လူနှင့်ပစ္စည်းများ သယ်ပို့ခြင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေးအတွက် ယာဉ်လမ်းကြောင်း တစ်ဖက်ပိတ်၊ တစ်ဖက်ဖွင့်စနစ်ဖြင့် ရှင်းလင်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ညနေ ၃ နာရီမှစ၍ ရေများကျဆင်းသွားပြီး မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ (IPRD)**



## ဆင်သေချောင်းရေကြီးမှုကြောင့် လူနေအိမ် ၂၀ ကျော် ရေမျောပါသွား

**နေပြည်တော် ဩဂုတ် ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဩဂုတ် ၂၆ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်သေချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ တောင်ရိုးအနောက်ဘက်ရှိ သံပုရာကုန်းကျေးရွာ၊ လက်ပံ့အိုင့်ကျေးရွာနှင့် ဖက်သန်းတောင် စသည့် ကျေးရွာများ ရေဘေးသင့်ခဲ့သည်။

ရေကြီးမှုကြောင့် လူနေအိမ် ၂၀ ကျော် ရေထဲမျောပါ၍ အိမ်ခြေ ၉၀ ကျော် ခေါင်မိုးထိရေနစ်မြုပ်ခဲ့ပြီး အိမ်ခြေ ၁၉၆ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ရေနစ်မြုပ်ခဲ့သည်။ လူဦးရေ ၁၀၀၀ ကျော်အား ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး လိုအပ်သည်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပရဟိတအဖွဲ့များ၊ စေတနာရှင်များက ထမင်းထုပ်များ၊ ရေသန့်များနှင့် လူသုံးကုန်များ လာရောက်လှူဒါန်းလျက်ရှိကြောင်းနှင့် လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များ အသေအပျောက်မရှိကြောင်း သိရသည်။

**တင်လှ(တပ်ကုန်း)**



## စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**ဒေးဒရဲ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှု၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဝင်းထွန်းအောင် ပါဝင်သော တောင်သူ ၁၅ ဦးတို့၏ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၈ နာရီက အဆိုပါကျေးရွာရှိ ဧက ၁၀၀ အဆင့်မြင့် စံကွက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းလွင်နှင့် ဦးခင်ဝင်း၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြိုင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မော်မော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆင်ကူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက လယ်ဧက ၂၅၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ တစ်သိန်းနှစ်သောင်း ငါးထောင်ကို ငါးမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(သပြေထွန်း)**

# အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပဥ္စမအကြိမ် သတင်းစာရှင်းလင်းပွဲကျင်းပ



အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပဥ္စမအကြိမ် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**နေပြည်တော် သြဂုတ် ၂၆**
အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပဥ္စမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စီမံချက်ပေါင်း ၆၈ ခုရေးဆွဲဆောင်ရွက်ခဲ့**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရက် ၁၀၀ ကာလအတွင်း စီမံချက်ပေါင်း ၆၈ ခု ရေးဆွဲဆောင်ရွက်ခဲ့ရာ ၃၁ ခုမှာ ရက် ၁၀၀ အတွင်း အပြီးဆောင်ရွက်ရမည့် စီမံချက်များဖြစ်ပြီး ကျန် ၃၇ ခုမှာ ရက် ၁၀၀ နောက်ပိုင်းတွင်လည်း ဆက်လက်ဆောင်ရွက်ရမည့် စီမံချက်များ ဖြစ်ပါကြောင်း၊ လုပ်ငန်းအားလုံး၏ ၇၂ ရာခိုင်နှုန်းအား ဆောင်ရွက်ပြီးစီးပြီးဖြစ်ကာ ၂၈ ရာခိုင်နှုန်းသာ ဆောင်ရွက်ပြီးစီးရန် ကျန်ရှိပါကြောင်း။

**ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း**

မူလက ခန့်ထားရန် စီစဉ်ထားသည့် သစ်လွင်ဆရာဝန် ၁၀၀၀ နှင့် သွားဘက်ဆိုင်ရာ ဆရာဝန် ၄၂ ဦးအား သစ်လွင်ဆရာဝန် ၁၇၆၈ ဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန် ၈၄ ဦးအထိ တိုးမြှင့်ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ အတည်ပြုချက်ရယူခဲ့ပါကြောင်း၊ ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Clinic) များဖွင့်လှစ်၍ ကျေးလက်နေပြည်သူလူထုအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ခြင်းကိစ္စ၊ ကျောင်းသားများ ကျန်းမာမှသာ Community အတွက် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ အားကစားနှင့် ပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း။

**ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး**

သဘာဝဘေးလျှော့ချရေးနှင့် ကြိုတင်ပြင်ဆင်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းကိစ္စ၊ (၅)နှစ်အောက်ကလေးများ သေဆုံးမှုလျှော့ချရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါပိုး ကာကွယ်ဆေး၊ ဖြည့်စွက်ဆေးထိုးခြင်းနှင့် ပိုလီယိုရောဂါပပျောက်ရေးအတွက် လက်ရှိအသုံးပြုနေသော ပိုလီယိုရောဂါကာကွယ်ဆေးအစား ဆေးအမျိုးအစားနှစ်မျိုးပါဝင်သော ပိုလီယိုရောဂါကာကွယ်ဆေး (Bivalent Oral Polio Vaccine) ဖြင့် ပြောင်းလဲသုံးစွဲ တိုက်ကျွေးခြင်းကိစ္စများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသာမက အခြား တာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

**ဧည့်ကြိုစနစ်**

ကျန်းမာရေးသတင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိကျန်းမာရေးသတင်းစနစ်ကို လေ့လာသုံးသပ်ပြီး (၅)နှစ်စီမံကိန်းရေးဆွဲခြင်း အကြမ်းပြီးသွားပြီဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သင်တန်းများပို့ချခြင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်သက်ရောက်မှု ရှိ/မရှိ စစ်ဆေးမှုပြုလုပ်ခြင်း၊ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးကိစ္စများ ဆောင်ရွက်ခြင်း၊ ခုတင် (၂၀၀)နှင့်အထက် ဆေးရုံများတွင် ဧည့်ကြိုစနစ်နှင့် ဆေးရုံဆင်းချိန်တွင် လူနာများအသံနားထောင်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများ ပြုလုပ်ခြင်း၊ လူနာနှင့် ဆွေးနွေးပြီး ရရှိလာသည့်သတင်းများသည် မိမိတို့အတွက် အလွန်အရေးကြီးပါကြောင်း၊ ရရှိလာသည့် အချက်များကို အခြေခံ၍ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

**ကူးစက်ရောဂါ ကာကွယ်တားဆီးရေး**

ဆေးရုံများတွင် ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးရုံစစ်ဆေးမှု ပုံစံများပြုလုပ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဆေးရုံများသို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးလုပ်သားများ၏ ကျင့်ဝတ်သိက္ခာ ပိုမိုကောင်းမွန်စေရေးအတွက် ဆေးတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်အတန်းအားလုံးတွင် ဆေးပညာကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ သုတေသနကျင့်ဝတ်နှင့် ပြည်သူ့ကျန်းမာရေးကျင့်ဝတ် သင်ခန်းစာများ သင်ယူနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းပြင်ဆင်ရေးဆွဲခြင်းနှင့် သင်ကြားပို့နည်းစနစ် ပိုမိုကောင်းမွန်ရေးကို အလေးပေးဆောင်ရွက်ခဲ့ပါကြောင်း။

**အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေး**

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးကိစ္စနှင့်ပတ်သက်၍ သြဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး စုစုပေါင်း (၆)ကြိမ် လူနာသွားရောက်သယ်ယူကာ လူနာခုနစ်ဦးအား အချိန်မီဆေးဝါးကုသမှုများ ပေးနိုင်ခဲ့ပါကြောင်း၊ ခုတင် (၂၀၀) နှင့်အထက် ဆေးရုံများတွင် ဧည့်ကြိုစနစ်နှင့် ဆေးရုံဆင်း Interview ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်းရှိ ဆေးရုံပေါင်း ၈၂ ရုံတွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ခံတွင်းကျန်းမာရေး၊ မျက်စိကျန်းမာရေး**

ပခုက္ကူဆေးရုံ၊ နေပြည်တော်ဆေးရုံများတွင်လည်း Reception Service ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကိစ္စနှင့် ပတ်သက်၍ ကျောင်းပေါင်း ၁၅၃၅၂ ကျောင်းတွင် ကျောင်းသားပေါင်း ၂၈၉၀၄၅၁ ဦးအား သွားနှင့်ခံတွင်းကျန်းမာရေး၊ မျက်စိကျန်းမာရေး အပါအဝင် အထွေထွေကျန်းမာရေး စစ်ဆေးမှုများပြုလုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျောင်းယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ သွေးလွန်တုပ်ကွေး အပါအဝင် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ အစားအသောက်နှင့် ပတ်သက်၍လည်း မိမိကိုယ်တိုင်ဦးစီး၍ လက်ရှိ ရှိနေသည့် လူအင်အားနှင့် အဆင်ပြေအောင်ဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရက် ၁၀၀ အတွင်း လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းလုပ်ဆောင်ချက်များမှာ အချက် (၁၈)ချက်ရှိကြောင်း၊ ယင်းတို့မှာ အစိုးရသစ်တက်လာပြီး နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၃ ယောက် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့ပါကြောင်း။

**ပြည်တွင်းငြိမ်းချမ်းရေး**

နောက်တစ်ချက်က တစ်နိုင်ငံလုံးရှိ တရားရုံးများတွင် နိုင်ငံရေးနှင့် ဆက်နွှယ်သည့် အမှုရင်ဆိုင်မှုများကိုလည်း ပိတ်သိမ်းဖို့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတရုံး ပြင်ဆင်ဖွဲ့စည်းရေးနှင့် အစိုးရအုပ်ချုပ်ရေး ရုံးလုပ်ငန်းများ စနစ်တကျရှိရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရက် ၁၀၀ အတွင်း Myanmar Peace Center ကို NRPC အဖြစ် ပြောင်းလဲဖွဲ့စည်းရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ရာ ရက် ၁၀၀ အတွင်း အောင်မြင်ခဲ့ပါကြောင်း။

**အမုန်းတရားကင်းရှင်းစေရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲ**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းခဲ့ကြောင်း၊ NRPC အောက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအပိုင်းတွင် ရခိုင်ပြည်နယ်ကိစ္စလည်းပါဝင်သလို အခြားသော အမျိုးသားပြန်လည်သင့်မြတ်ရေးများလည်း ပါဝင်ပါကြောင်း၊ အမုန်းတရားများ လျော့နည်းသွားအောင် ဘက်ညီမျှတသည့် ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးသော မူဝါဒနှင့်အညီ Dialogue များ၊ လူ့အဖွဲ့အစည်းအတွင်း အမုန်းတရားကင်းရှင်းစေရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲရန် ဆောင်ရွက်နေပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ပါဝင်လာအောင် နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ဆောင်ရွက်ခဲ့ပါကြောင်း။

**လေ့လာစိစစ် သုံးသပ်ရေးကော်မရှင်**

ဧရာဝတီမြစ်ဆုံ မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်နှင့် ပတ်သက်ပြီး မြစ်ဆုံစီမံကိန်းကို ပြီးခဲ့သည့်ငါးနှစ်က ယာယီဆိုင်းငံ့ခဲ့ပါကြောင်း၊ အစိုးရသစ် တက်လာချိန်တွင် ဒါကို မေးခွန်းထုတ်ခံရကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးကို ခြုံငုံသုံးသပ်ပြီး ဧရာဝတီမြစ်ဆုံ မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်ဆိုပြီး ဖွဲ့စည်းခဲ့ပါကြောင်း။

**Donor Coordination Mechanisms**

ထို့ပြင် Donor Coordination Mechanisms များ ပေါ်ပေါက်လာရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရန်ကုန်မှာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Donor Community တို့ တွေ့ဆုံခဲ့ပါကြောင်း၊ အထူးသဖြင့် Donor, Stakeholder နှင့် အစိုးရတို့ ပါဝင်သည့် Joint Mechanisms များ ပေါ်ပေါက်လာအောင် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ၎င်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ရက် ၁၀၀ လုပ်ငန်း ဆောင်ရွက်ချက်များ ဖြစ်ပါကြောင်း ပြောကြားသည်။

**တာဝန်သိသည့် ခရီးသွားလုပ်ငန်း**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ခရီးသွားမူဝါဒကို ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ရန် လွှင့်တင်ထားပါကြောင်း၊ နိုင်ငံခြားငွေရှာဖွေပေးသည့် အမျိုးသားအဆင့် ဦးစားပေးစီးပွားရေးကဏ္ဍတစ်ခုဖြစ်စေရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့လုပ်ငန်းတွင် တာဝန်သိသည့် ခရီးသွားလုပ်ငန်းဖြစ်ရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ နေထိုင်ရာ ရပ်ရွာအားလုံး ပြန်သွားသည်အထိ ဧည့်ဝတ်ကျေပွန်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း ခရီးသွားများလည်း စိတ်ချမ်းသာစွာ၊ အန္တရာယ်ကင်းရှင်းစွာ သွားရောက်လည်ပတ်နိုင်ရန်အတွက် ရည်မှန်းချက်များ ဖော်ဆောင်ထားခဲ့ပါကြောင်း၊ သို့မှသာ ဝန်ကြီးဌာနက တာဝန်ကျေမည်ဖြစ်ကြောင်း၊ ရိုးရှင်းသည့် မြန်မာဝေါဟာရများကိုသာ အသုံးပြုထားပါကြောင်း။

**လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး**

ရက် ၁၀၀ လုပ်ငန်းများကို Facebook လူမှုကွန်ရက်များတွင်ပါ ကျယ်ပြန့်စွာတင်ပြခဲ့ပါကြောင်း၊ အဓိကလုပ်ငန်းမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုကို လူများကလုပ်သည့်အတွက် ဝန်ထမ်းများ လူသားအရင်းအမြစ်ဖွံ့ဖြိုးရန် အရေးကြီးပါကြောင်း၊ ဝင်ငွေမကောင်းသေးသည့် ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက်၊ ကျေးရွာများတွင် ထိုက်သင့်သည့် ဝင်ငွေနှင့် စီမံခန့်ခွဲမှုများ လုပ်ဆောင်နိုင်ရန်အတွက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် (Community Based Tourism)ဖြစ်အောင် ရည်ရွယ်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ PPP မှာ Private-Public-Partnership တို့အပြင် People ကိုပါ ထည့်သွင်းထားပါကြောင်း။

**ဟိုတယ်လုပ်ငန်း**

ဟိုတယ်လုပ်ငန်းများကိုလည်း လိုင်စင်ပေးခဲ့ပါကြောင်း၊ သတ်မှတ်ထားသည့် လိုင်စင်နှင့် ဖွင့်လှစ်မှု ရှိ/မရှိ၊ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်မှု ရှိ/မရှိကိုလည်း စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ ယခုအခါ လိုင်စင်မယူဘဲ ဖွင့်လှစ်နေသည့် ဟိုတယ်၊ တည်းခိုခန်းများ ရှိနေပါကြောင်း၊ ဥပဒေချိုးဖောက်မှုမရှိစေရန် သတ်မှတ်ထားသည့် ကာလအတွင်း လိုင်စင်လျှောက်ထားစေလိုပြီး အကယ်၍ လျှောက်ထားမှုမရှိပါက အရေးယူမည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ဧည့်လမ်းညွှန်လုပ်ငန်း**

ဧည့်လမ်းညွှန်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လိုင်စင်ယူရမည်ဖြစ်ပါကြောင်း၊ လိုင်စင်ယူထားပြီး အခွန်အခဆောင်ထားရသည့် ဧည့်လမ်းညွှန်များ မနစ်နာစေရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ပါကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လိုင်စင်မယူဘဲ လုပ်နေသူများရှိနေပါကြောင်း၊ ၁၉၉၃ ခုကတည်းက ပြဋ္ဌာန်းခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေထဲတွင် ပါဝင်ပြီးဖြစ်ပါကြောင်း၊ ဥပဒေအသစ်ကိုလည်း ရေးဆွဲပြီးဖြစ်ပါကြောင်း။

**ဖြေလျှော့မှုများ**

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ သွားနေချိန်တွင် ဖြေလျှော့မှုများလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းရှင်များ အခက်အခဲမဖြစ်စေရန်နှင့် ဆက်စပ်လုပ်ငန်းများ၊ အလုပ်သမားများ အခက်အခဲမဖြစ်စေရန် လိုင်စင်ကြေးအတွက် ၅၀ ရာခိုင်နှုန်း လျှော့ချပေးခဲ့ပါကြောင်း၊ လိုင်စင်လုပ်ကိုင်ရန်အတွက် သွားလာစရိတ်များကို မကုန်ကျစေရန် အွန်လိုင်းလိုင်စင်ကို ဇူလိုင် ၁ ရက်မှ စတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ လူတိုင်းအသုံးပြုနေသည့် မိုဘိုင်းဖုန်းမှတစ်ဆင့် e-licence မှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ လိပ်စာမှာ elicence.tourism.gov.mm ဖြစ်ပါကြောင်း။

**လုပ်ငန်းလိုင်စင်**

ပြည်ပသို့ထွက်မည့် ပြည်သူများအတွက် လုပ်ငန်းလိုင်စင်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ သတင်းအချက်များကို ဖြန့်ဝေနိုင်ရန် Mobile Application များကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ဥပဒေများ၊ data များ၊ စာရွက်စာတမ်းများ အားလုံးကို PDF ဖိုင်ဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊

**စာမျက်နှာ ၉ သို့** ❖

# မြစ်ဆုံနှင့်ပတ်သက်၍ ကော်မရှင်၏လုပ်ငန်းစဉ် မပြီးသေးပါကြောင်း၊ ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးသည့်အခါ သူတို့၏ အစီရင်ခံစာ ထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် စာချုပ်အပါအဝင် ပြည်သူလူထု သိသင့်သိထိုက်သည်များကို သိလာရမည် ဖြစ်ပါကြောင်း ဖြေကြား

**ရွှေဖုံးမှ**

### စစ်အေးတိုက်ပွဲ အကျိုးဆက်

ကိုဖီအာနန်နှင့် ပတ်သက်၍ ရေးသားနေသည်များကို မိမိတို့ ဖတ်ကြည့်ပါကြောင်း၊ ကိုဖီအာနန်က ဘယ်လိုလူမျိုးလဲ ဆိုသည်ကို သူ၏ရာဇဝင်ကို ပြန်ကြည့်ရန်လိုပါကြောင်း၊ တစ်ကမ္ဘာလုံးတွင်လုပ်နေသည့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ကို မစ္စတာ ကိုဖီအာနန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်လက်ထက်က ချမှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းသည် ၂၀၀၁ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်ဆုရရှိခဲ့ပါကြောင်း၊ ထိုသို့ပေးစဉ်တွင် နိုဘယ်ဆုကော်မတီက ကိုဖီအာနန်နှင့် ကုလသမဂ္ဂအဖွဲ့ချုပ်ကို သီးခြားခွဲထုတ်လိုက်ပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ပေးခြင်းမဟုတ်ဘဲ ကိုဖီအာနန်ကို ပေးခြင်းဟုဆိုကာ ကြေညာပြီးပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ၎င်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နှစ်ဆက် တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် သူလုပ်ခဲ့သည့် Project များ ရှိပါကြောင်း၊ ဆီးရီးယားကိစ္စ ပြဿနာသည် ကိုဖီအာနန်ကြောင့် ဖြစ်ခြင်းမဟုတ်ပါကြောင်း၊ အာဖဂန်နစ္စတန်တွင် ဘုရားစေတီတော်များ ဒုံးကျည်နှင့်ပစ်သည့်ကိစ္စမှာလည်း ကိုဖီအာနန်နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိပါကြောင်း၊ ယင်းမှာ အမေရိကန်နှင့် ဆိုဗီယက်တို့၏ စစ်အေးတိုက်ပွဲ အကျိုးဆက်ဖြစ်ပါကြောင်း။

### စံလေးခုသတ်မှတ်

မိမိတို့က စံ (Criteria) လေးခုသတ်မှတ်ထားပါကြောင်း၊ ထိုကော်မရှင်တွင် ပါဝင်သည့်သူများသည် ဘက်လိုက်မှုကင်းရမည်၊ လူအများက လေးစားသောသူဖြစ်ရမည်၊ အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်၊ ထင်ပေါ်ကျော်ကြားသူဖြစ်ရမည် ထိုစံလေးခုဖြင့် ပြည်တွင်းမှ ခြောက်ဦးနှင့် ပြည်ပမှ သုံးဦး ပေါင်းကိုးဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း။

### ပြည်ပပညာရှင်များ ဘာကြောင့်ပါရသည်

ဒုတိယအချက်အနေဖြင့် ပြည်ပပညာရှင်များဘာကြောင့်ပါသလဲ ဆိုလျှင် ရခိုင်ပြည်နယ် ပြဿနာမှာ ယခုအစိုးရတက်လာသည့်အချိန်တွင် ပထမဆုံး မေးခွန်းထုတ်ပြီး စောင့်ကြည့်ခံရသည့် ပြဿနာဖြစ်ပါကြောင်း၊ ပဋိပက္ခမှာ သိမ်မွေ့မှု၊ နက်နဲမှု၊ ကျယ်ပြန့်မှုနှင့် ထိလွယ်ရှလွယ်ရှိပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ လုပ်ဆောင်ရမည့်ကိစ္စ အများကြီးရှိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာပြည်တွင်းမှ လူများနှင့် လုပ်ခဲ့ပါကြောင်း၊ လုပ်ခဲ့သည့်အချိန်တွင် ထိုကော်မရှင်က အကြံပြုချက်များ ထွက်လာပါကြောင်း၊ ထိုသို့ ထွက်လာသည့် နေရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းက မည်သို့ အသိအမှတ်ပြုသလဲဆိုသည်ကို ပြန်သုံးသပ်ရန်လိုပါကြောင်း။

### ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းရင်း

နောက်တစ်ချက်မှာ မြန်မာနိုင်ငံအစိုးရအနေဖြင့် ထိုကော်မရှင်ဖွဲ့သည့် ထုတ်ပြန်ချက်တွင် အချက်တစ်ချက် ပါဝင်ပါကြောင်း၊ ယင်းမှာ ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းရင်း ဆက်နွှယ်မှုများကို သုံးသပ်ရန်ဆိုပြီး ပါရှိပါကြောင်း၊ ယင်းကို ဝေဖန်သုံးသပ်သူများအနေဖြင့် ထောက်ပြထားမှုမရှိပါကြောင်း၊ နိုင်ငံတကာ ပညာရှင်များ ဘာကြောင့်ပါဝင်ရသလဲဆိုလျှင် ဥပမာ ရခိုင်သမိုင်းပညာရှင် ဒေါက်တာ အေးချမ်း အပါအဝင် ရခိုင်စာပေပညာရှင်များ ရှိပါကြောင်း၊ ရာဇဝင်က ဒီလိုဖြစ်သည်၊ ဒီသမိုင်းက ဒီလိုရှိသည်ဆိုပြီး ပြောခဲ့ပါကြောင်း၊ ယခုလည်း ပြောနေပါကြောင်း၊ ယင်းကို လက်ခံသလားမေးလျှင် အဖြေမထွက်ပါကြောင်း၊ မြန်မာအစိုးရကိုယ်တိုင်က ပြောလည်း လက်ခံသလား၊ အဖြေထွက်သလားဆိုသည်ကို မိမိတို့ စဉ်းစားရန် လိုပါကြောင်း။

### ကော်မရှင်၏ လုပ်ပိုင်ခွင့်

ကော်မရှင်နှင့် ပတ်သက်၍ ဘာလုပ်ပိုင်ခွင့်များ ပေးထားသလဲ ဆိုသည်မှာ အဓိကအချက်ဖြစ်ပါကြောင်း၊ ဤကော်မရှင်က ဘာလုပ်ပိုင်ခွင့်ရှိသလဲ ဆိုလျှင် သူ၏ Mandate က ရှာဖွေတွေ့ရှိချက်များ၊ အကြံပြုချက်များ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရထံ တင်ပြရန် ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ယင်းမှာ သူ့ကို ပေးထားသည့်၊ သူ့ကို ပေးမည့် လုပ်ပိုင်ခွင့်ဖြစ်ပါကြောင်း။

### နိုင်ငံတကာ ဖိအား

နောက်တစ်ချက်မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော အစိုးရကော်မတီရှိပါကြောင်း၊ နောက် ထိုကိစ္စနှင့် ပတ်သက်ပြီး နိုင်ငံတကာ ပါဝင်ပတ်သက်မှုရှိပါကြောင်း၊ မည်သို့ပင် ငြင်းဆန်စေကာမူ နိုင်ငံတကာ၏ ဖိအားရှိပါကြောင်း၊ နိုင်ငံတကာ ပါဝင်ပတ်သက်မှုများ ရှိပါကြောင်း၊ OIC အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်ပတ်သက်မှုများ အထင်အရှား တွေ့မြင်နိုင်ပါကြောင်း။

### ပေးထားသည့် တာဝန်လေးချက်

ဤအဖွဲ့၏ လုပ်ပိုင်ခွင့်မှာ အကြံပြုချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှတစ်ဆင့် အစိုးရထံ တင်ပြရန်ပင် ဖြစ်ပါကြောင်း၊ ဘာလုပ်ပါဆိုပြီး ဤကော်မရှင်က ပြော၍မရပါကြောင်း၊ ဤကော်မရှင်၏ တွေ့ရှိချက်၊ အကြံပြုချက်များကို အစိုးရ လုပ်ရမှာလား၊ မလုပ်ဘူးလား ဆိုသည်ကို မေးခွင့်ရှိပါကြောင်း၊ အကယ်၍ မလုပ်လျှင် ဘာဖြစ်မလဲ၊ လုပ်လျှင် ဘာဖြစ်မလဲ ဆိုသည့် အချက်များရှိပါကြောင်း၊ သူ့ကိုပေးထားသည့်တာဝန်မှာ လေးချက် ရှိပါကြောင်း။

ယင်းတို့မှာ ရခိုင်ပြည်သူများ၏ လုံခြုံရေးနှင့် အခြေခံ အခွင့်အရေးများကို အာမခံချက်ပေးရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စများနှင့် အခြေခံဝန်ဆောင်မှုများ ရရှိရေး၊ ပဋိပက္ခ ကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးရေး၊ အခွင့်အရေးများနှင့် ပြန်လည် ရင်ကြားစေ့သင့်မြတ်ရေး၊ အခြေခံအဖွဲ့အစည်း အဆောက်အအုံများ တည်ထောင်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး၊ ပြည်ပနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခံယူသူများ၏ ပင်ရင်းနိုင်ငံနှင့် နောက်ခံအကြောင်းအရာအပါအဝင် နိုင်ငံတကာ ဆက်နွှယ်မှုတို့ကို သုံးသပ်ရေးတို့ ဖြစ်ပါကြောင်း။

### ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တည်ဆဲဥပဒေကို လိုက်နာရသည်

ပေးထားသည့် လုပ်ငန်းတာဝန်အားလုံးက လေးချက်၊ လုပ်ပိုင်ခွင့်က အကြံပြုတင်ပြရန်ဖြစ်ပါကြောင်း၊ မေးခွန်းထုတ်သည်မှာ ဥပမာ ၁၉၈၂ ဥပဒေနှင့် မညီညွတ်ဘဲ ဘင်္ဂါလီအသိုင်းအဝိုင်းကို နိုင်ငံသားပေးရန် ပြောလာလျှင် ယင်းကို လုပ်ရမည်လားဆိုသည့် မေးခွန်းများရှိပါကြောင်း၊ တကယ်ဆိုလျှင် အစိုးရတွင် လိုက်နာရသည့် ဖွဲ့စည်းပုံအခြေခံနှင့် တည်ဆဲဥပဒေရှိပါကြောင်း၊ အစိုးရတွင် စည်းမျဉ်းစည်းကမ်းများရှိပါကြောင်း၊ ယင်းတို့နှင့် ညီလျှင် လုပ်ဆောင်၍ ရပါကြောင်း၊

### အကြံပြုချက်များ

၁၉၈၂ ဥပဒေနှင့်မညီဘဲ အစိုးရက နိုင်ငံသားပေး၍ မရပါကြောင်း၊ ယင်းမှာ ထိလွယ်ရှလွယ်ကိစ္စဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ထိုအဖွဲ့၏ အကြံပြုချက်များကို မလိုက်နာလျှင် ဖိအားပေးမလားဆိုသည့်မေးခွန်းဖြစ်ပါကြောင်း၊ အစိုးရနှင့် ပတ်သက်ပြီး အကြံပြုချက်များနှင့် ပတ်သက်၍ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်က ကဏ္ဍအလိုက် အကြံပြုချက်များပေးခဲ့ပြီး စီးပွားရေးကဏ္ဍတွင် လေးချက်၊ အာဟာရ အစားအစာ ဖူလုံမှု သုံးချက်၊ အမိုးအကာ အခြေအနေ နှစ်ချက်၊ ကျန်းမာရေးစောင့်ရှောက်မှု နှစ်ချက်၊ ပညာရေးအခြေအနေ နှစ်ချက်၊ အထွေထွေ နှစ်ချက်၊ တရားရေးဆိုင်ရာ အကြံပြုချက် ၁၉ ချက်၊ နှစ်ဖက် အသိုင်းအဝိုင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရန် အကြံပြုချက် အချက် ၂၀၊ သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ အကြံပြုချက် ငါးချက် စုစုပေါင်း ၅၉ ချက် ရှိခဲ့ပါကြောင်း၊ အစိုးရက ထို ၅၉ ချက်စလုံး လုပ်ရန်လည်း မလိုပါကြောင်း၊ အကြံပြုချက်များ အပေါ် အစိုးရက သုံးသပ်ပါကြောင်း၊ လုပ်သင့်လား၊ မလုပ်သင့်ဘူးလား သုံးသပ်ပြီး လုပ်ဆောင်ပါကြောင်း၊ ယခု အကြံပေးကော်မရှင်နှင့် ပတ်သက်ပြီးလည်း အလားတူပင် ဖြစ်ပါကြောင်း၊ အကြံပြုချက်တိုင်းကို လုပ်ရမည်ဆိုသည့် Mandate မရှိပါကြောင်း ဖြေကြားသည်။

### မြစ်ဆုံ စာချုပ် ကိစ္စ

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မြစ်ဆုံနှင့်ပတ်သက်၍ ချုပ်ထားသည့် စာချုပ်ကို ပြည်သူလူထုထံ ချပြရန် အစီအစဉ် ရှိ၊ မရှိနှင့် ပတ်သက်၍ ဖြေကြားရာတွင် မြစ်ဆုံနှင့် ပတ်သက်၍ ကော်မရှင်၏ လုပ်ငန်းစဉ် မပြီးသေးပါကြောင်း၊ ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးသည့်အခါ သူတို့၏ အစီရင်ခံစာ ထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် စာချုပ်အပါအဝင် ပြည်သူလူထု သိသင့် သိထိုက်သည်များကို သိလာရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်နိုင်ဦးကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

---

❖ **စာမျက်နှာ ၈ မှ**

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ဖော်ပြထားပြီး နောက်ပိုင်းတွင် လေယာဉ်၊ ကားထွက်ချိန်များကို ဖြည့်သွင်းမျှဝေနိုင်ရန် ကြိုးစားနေပါကြောင်း၊ နိုင်ငံခြားသားများ သိနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာဖြင့် ဆောင်ရွက်ထားပါကြောင်း။

### ပုဂံတွင် လျှောင်လှုပ်ခဲ့ပြီး သဘာဝဘေးများကို သိနိုင်ရန် ဖေ့ဘွတ်တစ်ခု လွှင့်တင်ထား

အခြေအနေ အားလုံးကို ပွင့်လင်းစွာ တင်ပြထားပြီး မိမိတို့ဝက်ဘ်ဆိုက် www.myanmartourism.org တွင် ပြည့်ပြည့်စုံစုံတင်ပြထားပါကြောင်း၊ မိမိတို့ Facebook လည်း ရှိပါကြောင်း၊ အီးမေးလ်လိပ်စာ အနေဖြင့် dg.dhtd.moht@gmail.com , ဖုန်း- ၀၆၇-၄၀၆၄၄၈, ၄၀၆၂၄၄ တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ မကြာခင်က ပုဂံတွင် လျှောင်လှုပ်ခဲ့ပြီး သဘာဝဘေးများကိုသာ သိနိုင်ရန်အတွက် ဖေ့ဘွတ်တစ်ခု လွှင့်တင်ထားပါကြောင်း ပြောကြားသည်။

### တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်တူးမိန်းဂေါင်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအဖွဲ့အစည်းတွေကို စနစ်တကျ ဖွဲ့စည်းမှုဆောင်ရွက်ပြီးသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အပေါ် အခြေခံ၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနသည် တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနသည် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ၉၀ ရာခိုင်နှုန်း ပြီးစီး

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသစ်စတင်ဖွဲ့စည်းခြင်းသည် ဆောင်ရွက်ဆဲဖြစ်ပြီး ပြီးစီးမှုမှာ ၉၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် ပြီးစီးရန် ခန့်မှန်းထားပါကြောင်း၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာန (၂) ခု၏ ရုံးချုပ်တို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ ဦးစီးဌာန (၂) ခု၏ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်းကောင်း ဖွဲ့စည်းနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ရသုံးဘဏ္ဍာငွေခွင့်ပြုချက် တင်ပြတောင်းခံခြင်း ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော် အတည်ပြုပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများအတွက် လစာစရိတ်များ၊ လိုအပ်သည့် ရုံးသုံးနှင့် အထွေထွေသုံး ပစ္စည်းများ ဝယ်ယူရန်စရိတ်များနှင့် လုပ်ငန်းဆောင်ရွက်ရန်စရိတ်များ ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

## ရွှေလျား အသိပညာပေးစာကြည့်တိုက် ဖွင့်လှစ်ပြသ

**ဝေါ ဩဂုတ် ၂၆**

ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး ဦးဆောင်၍ ပဲခူးတိုင်း ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး ထိန်ဝင်း ဦးစီးအဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စု(၃၆)မှ ရဲအုပ်ထွန်းအောင်သိန်း ဦးစီးအဖွဲ့များသည် ရွှေ့လျားအသိပညာပေးစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ဝေါမြို့နယ်သို့ ဩဂုတ် ၂၅ ရက် နံနက်က ရောက်ရှိလာပြီး ကျွန်းသာယာရပ်ကွက် မင်းလမ်းရှိ အထက်တန်းကျောင်း ရှေ့တွင် လည်းကောင်း၊ အရှေ့ဘက်ကမ်း ရပ်ကွက် အထက်တန်းကျောင်းရှေ့တွင် လည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ အထက်တန်းကျောင်းရှေ့တွင်လည်းကောင်း လှည့်လည်ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ရွှေ့လျားအသိပညာပေးစာကြည့်တိုက်ကို ဩဂုတ် ၂၃ ရက်မှစ၍ ပဲခူးတိုင်းဒေသကြီး နယ်မြေအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်သို့ သွားရောက်အသိပညာပေး ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**○ ကျောဖုံးမှ**

ဖိကစားလာပြီး မြန်မာဂိုးသမားဆန်းဆက်နိုင် လက်စွမ်းပြကာကွယ်နိုင်ခဲ့၍ မြန်မာအသင်းအနိုင်ရလဒ်ကို ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

ညနေ ၃ နာရီက ကျင်းပသော ပထမပွဲတွင် ဗီယက်နမ်ယူ-၁၉ အသင်းနှင့် ဂျပန်ဒုတိယတန်းကလပ်ဆာပေါ်ရို ယူ-၁၈ အသင်းတို့ပွဲတွင် တစ်ဂိုးစီ သရေကျခဲ့သည်။ သရေရလဒ်ကြောင့် ဗီယက်နမ်အသင်းမှာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ယခုပွဲတွင် အနိုင်ရလဒ်ထက် သရေတစ်မှတ်ရရှိအောင်သာ ကစားသွားခဲ့သည်။ ၄၈ မိနစ်တွင် တိုမိုရာက ဆာပေါ်ရိုအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ထရန်သန်က ဗီယက်နမ်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ငါးမှတ်ဖြင့် ပထမ၊ ဆာပေါ်ရိုအသင်းက လေးမှတ်ဖြင့် ဒုတိယရရှိခဲ့သည်။ မြန်မာအသင်းသည် လေးမှတ်ရသော်လည်းဂိုးကွာခြားချက်ဖြင့် တတိယ၊ ထိုင်းအသင်းက သုံးမှတ်ဖြင့် စတုတ္ထရရှိသည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲအဖြစ် မြန်မာနှင့်ထိုင်း၊ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် ဆာပေါ်ရိုအသင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

■

# ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ရေနံချောင်းမြို့၌ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိ

**မကွေး ဩဂုတ် ၂၆**

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကို မြန်မာနိုင်ငံအတွင်းရှိ အခြားသောနေရာဒေသများနည်းတူ မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သည့် ငလျင်ဗဟိုချက်နှင့် မိုင် ၄၀ ခန့်အကွာတွင်တည်ရှိသော မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့သည်လည်း အနည်းနှင့်အများဆိုသလို ခံစားခဲ့ရသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ရေနံချောင်းမြို့၌ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ သို့သော် ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူဖြစ်သည့် ရှင်ဇေယျမာရ်အောင်ကျမ်းကိုင်ဘုရားဝင်းအတွင်းရှိစေတီတော်တစ်ဆူ၏အတွင်းပိုင်း၌ ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။



ရေနံချောင်းမြို့ ရှင်ဇေယျမာရ်အောင်ကျမ်းကိုင် ဘုရားပရိဝုဏ်အတွင်းရှိ စေတီတစ်ဆူ၏ အတွင်းပိုင်းပြိုကျပျက်စီးနေမှု။

"ပုံမှန်မဟုတ်တဲ့လှုပ်ရှားမှုတစ်ခုလို့စိတ်ထဲကသိလိုက်ပြီးမှ ငလျင်လှုပ်တာလို့ ချက်ချင်းသိလိုက်ရတယ်။ အဲဒါနဲ့ ထိုင်နေတဲ့အဆောက်အအုံထဲက အပြင်ကိုပြေးထွက်ပြီးချိန်မှာတော့ ပိုပြီးလှုပ်ရှားတုန်ခါမှုဖြစ်လာပါတယ်။ ပြီးတော့ ရပ်နေတဲ့မြေကြီးက အထက်အောက် ဘယ်ညာသွက်သွက်ခါအောင် လှုပ်ရှားလာပြီး ဝုန်းခနဲဆိုတဲ့အသံကြီးကြားလိုက်ရလို့လှည့်ကြည့်လိုက်တော့ စေတီတွေကြားက ဖုန်လုံးကြီးနဲ့အတူ အုတ်တွေလွင့်ပျံလာတာကိုတွေ့လိုက်ရတယ်"ဟု ငလျင်လှုပ်ခတ်စဉ်အချိန်က ရေနံချောင်းမြို့ ရှင်ဇေယျမာရ်အောင်ကျမ်းကိုင် ဘုရားပရိဝုဏ်အနီးတွင် ရှိနေသူဒေသခံ ဦးမျိုးမြင့်က ၎င်း၏အတွေ့အကြုံကို ပြန်လည်ပြောပြသည်။

"အဲဒီအချိန်မှာ ခေါင်းလောင်းသံ၊ ဆည်းလည်းသံတွေ ဆူညံစွာကြားရပြီး စေတီရဲ့ဖောင်းရစ်တွေ ခါရမ်းယိမ်းထိုးနေပြီး အုတ်ချပ်တွေက ကိုက် ၃၀-၄၀ အထိ လွင့်ပျံလာပါတယ်။ တော်တော်ကို ကြောက်စရာ၊ ထိတ်လန့်စရာကောင်းပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

နှစ်သက်တမ်း ၁၁၈ နှစ်ခန့်ရှိပြီဖြစ်သော အဆိုပါ ဘုရားပရိဝုဏ်အတွင်း၌ စေတီငယ်များရှိပြီး စေတီတစ်ဆူမှာ ငလျင်ဒဏ်ကြောင့် အတွင်းပိုင်း၌ ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ အချို့မှာ စိန်ဖူးတော်မြေခြင်း၊ စောင်းသွားခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါဘုရားပရိဝုဏ်၌ အမှန်တရားကို လက်ကိုင်ပြုပြီးကျမ်းသစ္စာ ကျိန်ဆို၍ ဆုတောင်းမှုများလုပ်ဆောင်ကြကြောင်း သိရသည်။

ထို့ပြင် ရေနံချောင်းမြို့ သစ်တပွေရပ်ကွက် ရှားပင်ရိုးကုန်းရပ်၌ ငလျင်ဒဏ်ကြောင့် မြေသားအမြင့်ကမ်းပါးယံတစ်ခုပြိုကျခဲ့သဖြင့် အသက်(၁၅)နှစ်နှင့် အသက်(၈) နှစ်အရွယ် နဝမတန်းနှင့် ဒုတိယတန်းကျောင်းသူ ညီအစ်မဝမ်းကွဲတော်စပ်သူနှစ်ဦး ပိမိသေဆုံးခဲ့ကြရသည်ဟု သိရသည်။

"ကျွန်တော်တို့ရွာလေးကတော့ ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါတယ်။ ငလျင်လှုပ်တဲ့အချိန် ကမ်းပါးအနီးမှာနေထိုင်ကြတဲ့အိမ်တွေက သက်ကြီးရွယ်အိုတွေကို ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ကြပါတယ်။ အဲဒီလို ကျွန်တော်တို့ ဝိုင်းပြီးရွှေ့ပြောင်းလို့ပြီးလုပြီးခင်မှာ ဝုန်းဆိုတဲ့အသံကြီးနဲ့အတူ ကမ်းပါးပြိုကျတာကိုတွေ့လိုက်ရပါတယ်။ ရုတ်တရက် အားလုံး ငြိမ်သက်သွားခဲ့ကြတယ်။ နောက်မှ ကလေးနှစ်ယောက်ကို သတိရပြီး ဝိုင်းရှာကြတာ။ နောက်ဆုံးရှာမတွေ့တာနဲ့ မြေစာပုံကြီးကို ဝိုင်းဝန်းတူးဖော်ရှာကြတော့မှ ကလေးနှစ်ယောက်ကိုတွေ့ခဲ့ရပါတယ်။ အတော်ကိုဝမ်းနည်းစရာ အဖြစ်အပျက်ပါပဲဗျာ"ဟု ကမ်းပါးပြိုကျမှုကို မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ရသူ ဒေသခံရွာသား ဦးဟန်အေးက ပြောသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ရေနံချောင်းမြို့ပေါ်ရှိ ဘုရားစေတီခြောက်ဆူ အပါအဝင် ဘုရားစေတီ ၂၃ ဆူနှင့် သာသနာ့အဆောက်အအုံ မုခ်ဦးတံတိုင်းနှစ်ခုကွဲအက်ပြိုကျခြင်းများဖြစ်ပေါ်ခဲ့သည်။

ထို့ပြင် စာသင်ကျောင်းငါးကျောင်း မျက်နှာကြက်များ ကွာကျခြင်း၊ နံရံအက်ခြင်းများဖြစ်ပေါ်ခဲ့ပြီး မကွေးတက္ကသိုလ်ဓမ္မာရုံအဆောက်အအုံ မြင်းမိုရ်ပိတ် မှအုတ်ခဲများ ပြုတ်ထွက်ခဲ့ကာ သစ်တပွေရပ်ကွက် ဓမ္မာရုံအဆောက်အအုံမြေထိန်းနှင့်တကွ ကြမ်းခင်းအစိတ်အပိုင်းအချို့ ပြိုကျပျက်စီးခဲ့သည်။

ရေနံချောင်းမြို့တွင် ငလျင်ဒဏ်ကြောင့် သေဆုံးခဲ့ကြရသည့် ကျောင်းသူနှစ်ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းကူညီထောက်ပံ့ပေးခဲ့ပြီး ဝေဠုကျော်ဖောင်ဒေးရှင်းမှ တစ်ဦးလျှင် ငွေကျပ်တစ်သိန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မြို့ပေါ်ရှိလူနေအိမ်နှင့် အခြားသောအဆောက်အအုံများထိခိုက်ပျက်စီးမှုမရှိဘဲ ကျေးရွာအုပ်စု ၁၁ ခုမှ စေတီပုထိုး ၂၄ ဆူ ထိခိုက်ပျက်စီးခဲ့ရာတွင် သရက်တောကျေးရွာအုပ်စု သရက်တောရွာမှ ရွှေမင်းဝံဘွဲ့တော်ရ ရှေးဟောင်းစေတီတစ်ဆူမှာ လုံးဝပြိုကျပျက်စီးပြီး ဗုဒ္ဓရုပ်ပွားတော်များအပါအဝင် ရှေးဟောင်းလက်ရာ ဌာပနာပစ္စည်းများ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

ဉာဏ်တော်အမြင့် အတောင် ၄၀ ရှိ အဆိုပါစေတီတော်သည် မြေပေါက်စေတီတော်အမျိုးအစားဖြစ်ပြီး ငလျင်ဒဏ်ကြောင့် အလုံးစုံပြိုကျခဲ့သဖြင့် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသနှင့် ကျေးရွာလူငယ်များစုပေါင်းသန့်ရှင်းရေးပြုလုပ်ကြရာ ဉာဏ်တော် ၆ လက်မအရွယ် ငွေဆင်းတု တစ်ဆူ၊ ဉာဏ်တော် ၅ လက်မအရွယ် ငွေဆင်းတုနှစ်ဆူ၊ ဉာဏ်တော် ၄ လက်မအရွယ် ငွေဆင်းတုခြောက်ဆူ၊ ဉာဏ်တော်သုံးလက်မအရွယ် ငွေဆင်းတုငါးဆူ၊ ကျောင်းဆောင်ငယ်ပါ တစ်လက်မခွဲအရွယ် ငွေဆင်းတုလေးဆူ၊ ၆ လက်မအရွယ်ငွေကျောင်းဆောင်တစ်ဆောင်၊ တစ်လက်မအမြင့်ရှိဓာတ်လုံးပါ ဓာတ်တော်ကြုတ်လေးခု၊ ငါးရုပ်လိပ်ရုပ်ပါ သုံးလက်မပတ်လည်ကြေးပြားတစ်ပြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရွာဦးကျောင်းဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။

လုံးဝပြိုကျပျက်စီးခဲ့သော အဆိုပါစေတီတော်၏ သက်တမ်းကို ခန့်မှန်းနိုင်သူမရှိဘဲ မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ် ပုဂံငလျင်လှုပ်ခတ်စဉ်ကပြိုကျခဲ့ရာ ၁၃၄၀ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သောစေတီဖြစ်ကြောင်း သိရသည်။

ရှာဖွေတွေ့ရှိခဲ့သော ဌာပနာပစ္စည်းများကို ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသက ထိန်းသိမ်းစောင့်ရှောက်ထားပြီး ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(သတင်း-ရာမည၊ ဓာတ်ပုံ-နေသန်)**



## ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေရှိ ဘုရားစေတီ ပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၂၆**

ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်က ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ ရစ်(ချ်)တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင် လှုပ်ခတ်သွားခဲ့ပြီး မြေငလျင် လှုတ်ခတ်မှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ သမိုင်းဝင် တန်ခိုးကြီး ဘုရားအချို့နှင့် စေတီ ပုထိုးများ စုစုပေါင်း ၂၀၀ ကျော်ခန့် ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရသည်။ ဩဂုတ် ၂၅ ရက်က ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ ၊ ရွှေလှေတံခွန်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ညောင်ဦး(၄၁၅)တပ်ရင်းမှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး(၈၈)တပ်ရင်းမှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များသည် ထိခိုက်ပျက်စီးသည့် ဘုရား၊ စေတီပုထိုးများအား ရဟန်းရှင်လူအများ ရှေးဟောင်းလက်ရာမပျက် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် အသစ်ပြန်လည် ပြုပြင်ဆောင်ရွက်နိုင်ရေး သန့်ရှင်းရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးလျက်ရှိသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ရတနာ့မာရ်အောင်စေတီပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြောက်ဦး ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ မာရ်(၅)ပါးတွင် အထင်ကရ တန်ခိုးကြီးရှေးဟောင်း သမိုင်းဝင်စေတီတစ်ဆူဖြစ်သည့် ရတနာ့မာရ်အောင်စေတီမှာ ဩဂုတ် ၂၄ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် စိန်ဖူးတော်၊ ထီးတော်နှင့် ၄က်ပျောဖူးအခြေကြာမှောက်အပေါ်ပိုင်းထိ ပေ ၂၀ ခန့်၊ ထီးတော်အောက်ဆုံးအဆင့် ကိုးလက်မခန့် ပြိုကျခဲ့၍ မြောက်ဦး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအဖွဲ့၊ ဘုရားဂေါပကအဖွဲ့၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ အမှတ်(၁၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ရဲမေမိသားစုများ၊ မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းပြီး ဩဂုတ် ၂၅ ရက် နံနက် ၇ နာရီက လူအင်အားစုစုပေါင်း ၃၀၀ ကျော်ဖြင့် ပေါင်းမြက်နှင့်ချုံနွယ်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် ခဲ့ကြသည်။

ထိုသို့မြေငလျင် လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးပြုတ်ထွက်နေသော ရတနာ့မာရ်အောင်စေတီတော်မှ ကျောက်တုံးများအား ပြန်လည်အသုံးပြုနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိမ်းလွင်ဦးဆောင်ပြီး ကျောက်တုံးအမျိုးအစား လေးမျိုးခွဲခြား၍ စနစ်တကျစုပုံထားပြီး ပြန်လည်အသုံးပြုနိုင်ရန်နှင့် ထီးတော်မှ ပြုတ်ကျခဲ့သော ကြေးခေါင်းလောင်းများကို စနစ်တကျ ထိန်းသိမ်းထားရန် ဘုရားဂေါပကအဖွဲ့တွင် အပ်နှံခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် သုံးမြွှာပူးနှင့်အထက် ကလေးမိခင်များအား ထောက်ပံ့ကြေးငွေပေးအပ်



**ရန်ကုန် ဩဂုတ် ၂၆**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် သုံးမြွှာပူးနှင့်အထက် ကလေးမိခင်များအား ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွက် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

"လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနရဲ့ သုံးမြွှာပူးအထက်မွေးသောမိခင်နဲ့ကလေးများ ခေါင်းစဉ်အောက်က ရန်ပုံငွေကနေ ဆင်းရဲချမ်းသာမရွေးပေးတာပါ။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုတာ လူမှုဝန်ထမ်းနဲ့ဆိုင်တဲ့ လူမှုဝန်ထမ်းက ဗဟိုပြုပြီးလုပ်နေတဲ့ ဌာနဖြစ်တဲ့အတွက်ကြောင့် သုံးမြွှာပူးမွေးတဲ့မိခင်တွေမှာ အနည်းနဲ့အများတော့ ဒုက္ခရောက်ကြတာပဲလေ၊ ကလေးတွေရဲ့ အသက်ရှင်ရပ်တည်ရေးအတွက် ထောက်ပံ့ပေးတဲ့ သဘောပါ။ သုံးမြွှာပူးနဲ့အထက် မွေးပြီဆိုရင် တစ်ဦးကို ငါးသိန်းနှုန်းနဲ့ တစ်ကြိမ်ထောက်ပံ့တယ်။ သူတို့အတွက် ငါးသိန်းဆိုတဲ့ပမာဏက ကလေးလေးတွေအတွက် လိုအပ်တဲ့ ဖြည့်စွက်အာဟာရ ထောက်ပံ့မှုတစ်ခုခုအတွက် သုံးဖို့အဆင်ပြေမှာပါ" ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်ကပြောသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူး၊ တိုက်ကြီး၊ မင်္ဂလာဒုံမြို့နယ်များမှ သုံးမြွှာပူးမွေးဖွားခဲ့သည့် မိခင်သုံးဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ ပေးအပ်ခဲ့သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ရန်ကုန်မြို့အတွင်းရှိ အသက်(၉၀)နှင့် ၁၀၀ ကြားရှိ သက်ကြီးဘိုးဘွား ၂၇၉၀ အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ အသက်(၁၀၀) နှင့်အထက် သက်ကြီးဘိုးဘွား ၁၃၄ ဦးအား တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဩဂုတ် ၂၄ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်နှင့်အဖွဲ့ဝင်များက သွားလာရခက်ခဲသည့် အသက်အရွယ်ကြီးရင့်သူ အသက်(၁၀၀)နှင့်အထက် ဘိုးဘွားများအား အိမ်တိုင်ရာရောက်ထောက်ပံ့ပေးသည့် အစီအစဉ်အရ ရန်ကုန်မြို့ တာမွေမြို့နယ်တွင် နေထိုင်သည့် အသက် (၁၀၃) နှစ်အရွယ် အဘွား ဒေါ်မာမီထံသို့ ထောက်ပံ့ကြေးငွေသွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သီသီမင်း၊ ဓာတ်ပုံ-ဖြိုး)**

# မူခင်းအသိပညာပေးပြခန်းယာဉ် ဒိုက်ဦးမြို့၌ လှည့်လည်ဟောပြော

**ဒိုက်ဦး ဩဂုတ် ၂၆**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့၌ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု(၁၆)မှ ရဲအုပ်ထွန်းအောင်သိန်း၊ တိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ အမှတ်(၃)ယာဉ်ထိန်းရဲ ဒု-တပ်ဖွဲ့ခွဲမှူးရုံးမှ ရဲအုပ်စည်သူထွန်း၊ တိုင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်မင်းဇော်ဦး၊ ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးအောင်ကိုနှင့် တပ်ဖွဲ့ဝင်အင်အား ၅၀ တို့သည် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများ ထိရောက်သော မူခင်းအသိပညာများ ရရှိစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဓာတ်ပုံမှတ်တမ်းများ၊ လူကုန်ကူးခံရခြင်း၏ ဆိုးကျိုး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်သော ပညာပေးဓာတ်ပုံများပါသည့် မူခင်းအသိပညာပေးပြခန်းယာဉ်သည် ဒိုက်ဦးမြို့မဈေးကြီးရှေ့မှစတင်၍ အသိပညာပေးဟောပြောပြသခဲ့သည်။

ဆက်လက်၍ အဆိုပါယာဉ်သည် ဒိုက်ဦးမြို့ အထက(၂)ကျောင်းရှေ့၌ လည်းကောင်း၊ လူစည်ကားရာ အမှတ် (၈)ရပ်ကွက် ဒရယ်မီးတာဆုံ ကားဂိတ်၌လည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါ ပြခန်းယာဉ်အား ကျောင်းသား ကျောင်းသူများ၊ မူခင်းနှင့်ပတ်သက်၍ စိတ်ဝင်စားသောပြည်သူများ လေ့လာခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၅၇၀၀၀ | - | ၈၅၇၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၅၆၅၀၀ | - | ၈၅၆၅၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၅၇၀/၆၂၀ ကျပ်၊ | ၆၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၀၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၅၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၀. ၈၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၈၅၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၈၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၉၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၈. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၀၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၈. ၉၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၀. ၉၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| | | | | |
|---|---|---|---|---|
| ၄၅ | သင့်လူ | နူးညံ့စိတ်ထားနှလုံးသား | ၄၆၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၄၆ | ဆူးသစ်နီ | ဒီနေ့ဂျာမနီ | ၄၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၇ | မောင်သန်းဆွေ (ထားဝယ်) | မြန်မာ့ရိုးရာ နတ်ယုံကြည်မှုဓလေ့ (ဒုတိယတွဲ) | ၇၀၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၄၈ | လူထုစိန်ဝင်း | စဉ်းစားတတ်အောင် ပညာသင်ပါ | ၁၅၀၀ိ/- | ပင်ဝါးရုံစာပေ |
| ၄၉ | ပန်းချီ-မျိုးမာန် | A to Z ပုံပြင်များ (၁) | ၁၅၀၀ိ/- | မြင့်မိုရ်စာပေ |
| ၅၀ | ဒေါက်တာသက်ဦး | ထိုင်ခုံမက်ရင် အသက်တိုမယ်(ကျန်းမာရေးဆောင်းပါးများ) | ၂၅၀၀ိ/- | တိုးမြစ်စာပေ |
| ၅၁ | KATHLEEN KUIPER | The 100 Most Influential Woman Of All Time | ၃၅၀၀ိ/- | Goldစာပေ |
| ၅၂ | DONALD J. TRUMP Meredit Mciver | TRUMP NEVER GIVE UP | ၃၀၀၀ိ/- | Gold စာပေ |
| ၅၃ | နေရီရီ စာတည်းအဖွဲ့ | ပင်လုံစာချုပ်ဦးအောင်ဆန်း၏ လမ်းညွှန်မှုခုနစ်ချက် တောင်ကြီးညီလာခံနှင့် ဖက်ဒရယ်မူ | ၂၅၀၀ိ/- | နေရီရီစာပေ |
| ၅၄ | တင်မောင်ယု | အာရှနယ်ပယ်ဝါးတွင်ကျယ်(ဗီယက်နမ်နိုင်ငံ) | ၁၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၅၅ | Saya Harry Khoo | ပျော်ရွှင်အောင်မြင်ဂရမ်မာသင်နှင့် ဝေါဟာရ | ၂၀၀၀ိ/- | SayaHarryHtooစာပေ |
| ၅၆ | အသျှင်ဝါသဝ | ရခိုင်ဝေါဟာရအဘိဓာန်ကျမ်း အတွဲ-၃ | ၈၀၀၀ိ/- | ဟိန်းထက်စာပေ |
| ၅၇ | U.SANDAMUNI | Origin and Development Of Arakanese Script | ၂၀၀၀၀ိ/- | ဟိန်းထက်စာပေ |
| ၅၈ | ကံလှ(ငါန်းဇွန်) | မျက်မှောက်ကာလမြေယာပြဿနာများ ဆောင်းပါးပေါင်းချုပ် | ၁၀၀၀၀ိ/- | ဦးကံလှစာပေ |
| ၅၉ | သိပ္ပံမောင်ဝ | ရွာကျက်သရေနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ိ/- | The key collection |
| ၆၀ | ဒေါက်တာ ခင်မောင်အေး(နှလုံး) | နှလုံးအားပြတ်ခြင်းဆိုသည်မှာ မေး-ဖြေ ၁၀၀ | ၃၀၀၀ိ/- | တူဒေးစာပေ |
| ၆၁ | KHIN MAUNG SAW | BEHIND THE MASK THE TRUTH BEHIND THE zNAME "ROHINGYA" | ၅၀၀၀ိ/- | ဦးမြကြိုင်စာပေ |
| ၆၂ | သော်ဇင်အုန်း ကေဇော်မိုး | လရောင်ဖြူ ရသစာစဉ်(၂) | ၂၀၀၀ိ/- | အဖြူရောင်စာပေ |
| ၆၃ | ရန်အောင် | တစ်ဗိုလ်ဆင်းတစ်ဗိုလ်တက်နှင့် အခြားဆောင်းပါးများ | ၁၅၀၀ိ/- | ရန်အောင်စာပေ |
| ၆၄ | ဒေါက်တာ ခင်မောင်ဝင်း(သချၤာ) | ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သိပ္ပံနှင့် ပညာရေးဆိုင်ရာဆွေးနွေးပွဲ အတွေ့အကြုံများ | ၁၀၀၀ိ/- | ရန်အောင်စာပေ |
| ၆၅ | မောင်သာချို | ဒါလားနိုင်ငံတော်သမ္မတ | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၆ | အောက်တိုဘာ အောင်ကြီး | ကလေးများအတွက် ဆယ်နှစ်လရာသီ ပန်းချီ | ၃၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၇ | မောင်ဆန္ဒ | ကလေးတို့ဖတ်ဖို့ မင်္ဂလာပုံပြင်များ -၂ | ၃၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၈ | သွန်းနေစိုး | ပြည့်တန်ဆာဟုအမည်တွင်သူများအကြောင်း | ၂၀၀၀ိ/- | ပေါက်စာပေ |
| ၆၉ | လမင်းမိုမို | ကျွန်မမရှိတော့တဲ့အခါ | ၂၅၀၀ိ/- | တကောင်းစာပေ |
| ၇၀ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နည်းဥပဒေ | ၁၀၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၇၁ | လူသာမန် | သူတို့ဘာလို့စာမဖတ်ကြတာလဲ | ၂၅၀၀ိ/- | စံပယ်စာပေ |
| ၇၂ | ဒေါက်တာစိုးလွင် | တိတ်တိတ်ပုန်းအပျိုစင် သို့မဟုတ် လျှို့ဝှက်အိမ်ထောင်ရှင် နှင့် စပ်စပ်စုစု ဆန်းဆန်းပြားပြားမတို့ရဲ့ မေးခွန်းများ | ၃၅၀၀ိ/- | စိုးဇင်စာပေ |
| ၇၃ | တက္ကသိုလ်စိန်တင် | ရိုးသားကြိုးစား၍ သန်းကြွယ်သူဌေးကြီးဖြစ်လာသည့် မုံရွာဦးသိန်းထိုက်၏ဘဝခရီးနှင့်အောင်မြင်နည်း အတွေ့အကြုံများ | ၃၀၀၀ိ/- | အားမာန်သစ်စာပေ |
| ၇၄ | Aung Myint | Microsoft Office Word 2010 | ၃၆၀၀ိ/- | အောင်မြင်စာပေ |
| ၇၅ | Aung Myint | Microsoft Office Access 2016 | ၄၀၀၀ိ/- | အောင်မြင်စာပေ |
| ၇၆ | မောင်မြင့်ဇော် | သုတေသနအားဖြင့် ပြောဆိုရန်လိုအပ်သဖြင့် တင်ပြခြင်း | ၃၀၀၀ိ/- | ငဝန်စာပေ |
| ၇၇ | မောင်မောင်မြင့် | (၁၉)ရာစု အင်္ဂလိပ်-မြန်မာစစ်ပွဲများနှင့် အဖြုန်း၊ အရှုံးအဆုံး | ၂၀၀၀ိ/- | GPGစာပေ |
| ၇၈ | ဖြိုးသုတ | စိတ်အာဟာရ အတွေးလက်ဆောင်စာစုများ-၂ | ၂၅၀၀ိ/- | ကိုဆွေ(ပန်းနိုရားမား)စာပေ |
| ၇၉ | ပိုင်သစ်နွယ် | မမ | ၁၀၀၀ိ/- | နှင်းဆီနီစာပေ |
| ၈၀ | အေးမွန် | အချစ်အကြောင်း | ၂၀၀၀ိ/- | GPG စာပေ |
| ၈၁ | ညွှန့်ညွှန့် | သမုဒ္ဒရာအနီးသို့ချဉ်းကပ်ခြင်း | ၇၀၀ိ/- | သုတေသီ ဦးဝင်းမောင် |
| ၈၂ | မောင်သစ်ဝေ(မြင်းခြံ) | မနက်ခင်းတသုန်သုန်မှာမိသံလွင်နဲ့ဂီတတွေပွင့်ခဲ့တယ် | ၂၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၈၃ | တင်နိုင်တိုး | ပန်းချီပုံတူအဆွဲခံသည့် နိုင်ငံတော်သမ္မတနှင့် တစ်ပိုင်းတစ်စသမိုင်းစာမျက်နှာများ | ၂၅၀၀ိ/- | ကျော်မွေးစာပေ |
| ၈၄ | | FASHION Designer's Handbook | ၂၅၀၀ိ/- | Saimon Publishing |
| ၈၅ | ဗျူး၊ ကာတွန်း-ဇော်ပိုင် | အနန္တောအနန္တငါးပါး | ၂၅၀၀ိ/- | ဗျူးစာပေ |
| ၈၆ | ကလောင်စုံ | Time Study | ၃၀၀၀ိ/- | |
| ၈၇ | ဂျာကြီး | ၂၁ ရာစု မန်နေဂျာ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၈၈ | | အသက်အရွယ်အလိုက် တစ်သက်တာကျန်းမာရေး စာပေါင်းစု | ၆၀၀၀ိ/- | ပြည့်နှလုံးသား |
| ၈၉ | ဝင်းသိန်းဦး | နည်းဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်ခြင်း | ၂၀၀၀ိ/- | Future Publishing House |
| ၉၀ | | မြန်မာ့မော်ဒန်ပန်းချီဒုတိယမျိုးဆက်ကို ဦးဆောင်သူများ ဝင်းဖေ၊ ပေါ်ဦးသက်၊ ခင်မောင်ရင် | ၁၅၀၀၀ိ/- | နေရီရီ |

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၇- ၈ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ အဖွင့်
  မိုးလေဝသအစီအစဉ်
  မျိုးဆက်သစ် ဉာဏ်ကျယ်ဇေ
- ၆း၁၀ MRTV Entertainment Music
- ၆း၂၅ ကာတွန်းအစီအစဉ်
  "Corpse Bride" (Part-2)
- ၇း၁၀ ကက်ဆက်ဇာတ်လမ်း
  "မောင့်ဘဝ ပန်းခရေ"
- ၈း၃၀ MRTV Entertainment Music
- ၈း၃၅ ဂီတစာဆို ဗိုလ်ကလေး
  တင့်အောင် (အပိုင်း-၁)
- ၉း၀၅ နိုင်ငံတကာရုပ်ရှင်
  ဇာတ်ဝင်တေးများ
- ၉း၁၅ အညာမြေခရီးစဉ်
  (အပိုင်း-၁)
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၅ မြန်မာရုပ်ရှင်
  "ရင်တွင်းစကား"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**မွန်းလွဲ ၂း၀၀ - Live: "SMM" 2016 Yangon Aerodrome Asian Men's Club Volleyball Championship,NPT**
**ည ၇း၀၀ - Live: Thai Philharmonic Orchestra Concert**
**ည ၈း၂၀ - Live: Premier League "Southampton Vs Sunderland"**

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ တောင်တန်းသာသနာပြု
  ဆရာတော်ကြီးပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက်
  မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ
  ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊
  အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာ
  နိုင်ရန်(အဆိုဘာသာရပ်) (အမျိုး
  ဂုဏ်ဇာတိဂုဏ်မြင့်တင်ရေးတေး
  သီချင်း)(အဆင့်မြင့်ပညာအဆင့်)
  (အမျိုးသမီး)
- ၈း၄၅ ပန်းပျိုးခင်း(အပိုင်း-၇)
- ၉း၃၅ Business News
- ၁၀း၃၅ ကဗျာရိပ်မြုံ"ငါးပွင့်တစ်ခိုင်"
- ၁၁း၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်
  နှင့်ကျန်းမာရေး"(ကြောင်လျှာသီး
  နှင့် ခရေပန်း)
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၂း၂၀ ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေး
  လူ့ဂုဏ်သိက္ခာနိုင်ငံတကာ
  ရုပ်ရှင်ပွဲတော်)" (အဝင်)
  (သေနတ်တစ်လက်နဲ့မိန်းမ)"
- ၃း၃၅ အနုပညာသတင်းအစီအစဉ်
- ၄း၁၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက်
  မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ
  ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊
  အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ
  လေ့လာနိုင်ရန်
  (အဆိုဘာသာရပ်)
  (ခေတ်ဟောင်းတေးနှင့်ကာလ
  ပေါ်တေး)(အဆင့်မြင့်ပညာ
  အဆင့်မြင့်)(အမျိုးသမီး)
- ၄း၃၅ "ပြည့်လျှံနေသော
  ရေသယံဇာတများနှင့်မြိတ်"
- ၄း၄၅ ပြည်သူ့နီတိ"လိုဘ"(ပထမပိုင်း)
- ၅း၁၅ "စွမ်းအင်ချွေတာ အနာဂတ်ကမ္ဘာ
  (၃၄)ကြိမ်မြောက်
  အာဆီယံစွမ်းအင်"
- ၅း၃၅ NHKProgramme
  "ခတ်ငွေ့များကို လေ့လာခြင်း"
- ၆း၃၅ Tasty Trip
- ၇း၁၅ "သူ"(အပိုင်း-၁၅)(ပြေဇင်၊ မင်းသူ၊
  ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ)
  (ဒါရိုက်တာ-ဘိုသန့်)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
  သတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း၊
  -2016-Yangon Aerdrome Asian Men's Club Volleyball Championship အစီအစဉ်
  -ဂီတတံခါးလေးဖွင့်ပါဦး
  -နိုင်ငံခြားဇာတ်လမ်းတွဲ
  "အချစ်တဲ့လား"
  (အပိုင်း-၃၉)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊
  မင်္ဂလသုတ်
- ၅း၄၀ "နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရ"
  တရားတော်
  [ဆရာတော်အရှင်
  ကေတုမာလာ (မွန်ဆရာတော်)]
- ၈း၀၀ Cartoon Series
  (English Play Ground)
- ၉း၀၀ Drive It
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
  "ကံကံ၏အကျိုး"
  [သေရည်ကိုရှေ့ရည်မှတ်ပါလို့
  (အပိုင်း-၁)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "ချစ်သူပေးတဲ့ကတိစကား"
  (အပိုင်း-၄၅)
- ၄း၃၅ ရန်ကုန်မြင်ကွင်းကျယ်
  (Sule Plaza Grand Opening)
- ၅း၃၅ Fashion Week
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "ချစ်သူပေးတဲ့ကတိစကား"
  (အပိုင်း-၄၆)
- ၇း၁၅ Let's Talk
- ၈း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
  "ကံကံ၏အကျိုး"
  [သေရည်ကိုရှေ့ရည်မှတ်ပါလို့
  (အပိုင်း-၂)]
- ၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "အချစ်သစ္စာတည်စေသော်"
  (အပိုင်း-၉၁)
- ၉း၃၅ MUSIC LIVE Tonight
- ၁၀း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
  "စကိတ်စီးတဲ့ချစ်သူ"
  (အပိုင်း-၂၁+၂၂)

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၉း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ Happy Time
- ၁၁း၁၀ English For Myamnar
- ၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
  -အဆင့်မြင့်ချစ်စကား
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -မေတ္တာအသချေ
  အပိုင်း(၉၀)
- ၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Run&Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -ဖေဖေကြီးကိုချစ်တယ်
  အပိုင်း(၅၀)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖို့ဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -နေတစ်စင်းရဲ့ဆည်းဆာ
  အပိုင်း(၂)
  လူရွှင်တော်စတား
  ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  -အနားမညီတြိဂံ
  အပိုင်း(၂၇)

# ကြေးမုံ ရုပ်ရှင်အညွှန်း

# ယခုတစ်ပတ်တွင် မြန်မာဟာသဇာတ်ကားနှစ်ကားနှင့် နိုင်ငံခြားဇာတ်ကားသစ်များ ရုံတင်ပြသမည်

ဟာသဇာတ်ကားတွေကို ကြိုက်နှစ်သက်တဲ့ ရုပ်ရှင် ပရိသတ်ကြီးအတွက် ဒီတစ်ပတ်မှာ ရုံတင်မယ့် မြန်မာဇာတ်ကားနှစ်ကားစလုံးဟာ ဟာသဇာတ်ကားတွေဖြစ်တာမို့ နှစ်သက်ကြလိမ့်မယ်လို့ ယူဆပါတယ်။

"ဘောစိ" ဆိုတဲ့ ဂုဏ်ပုဒ် တစ်ခုကြောင့် အမျိုးသမီးသူဌေးတစ်ဦးအား အချစ်မပါဘဲ လက်ထပ်ခဲ့သူ ကျော်ဝင်းမောင်။ သူက အဲဒီလို အခေါ်ခံနေရတာကို ကျေနပ်နေသူတစ်ဦးပါ။ ဒါကြောင့် အဲဒီအတွက် မိမိဘဝကိုပင် ရင်းခဲ့သူတစ်ဦးပါ။



ဘောစိဘွဲ့ရခဲ့ပြီးနောက် ငယ်သူငယ်ချင်းရဲ့ မြှောက်ပင့်ပေးမှုကြောင့် ဆူး ဆိုသည့် ခေတ်ဆန်ဆန် ချောမောလှပသူ မိန်းမပျိုလေးအား လိုက်လံပိုးပန်းကာ စပွန်ဆာရှာခဲ့ပါတယ်။ ဒီလိုနဲ့ ဇာတ်လမ်း အစပျိုးထားတဲ့ ဒီမြန်မာဟာသဇာတ်ကားကို အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားတာပါ။ ဒီဇာတ်ကားရဲ့ ဇာတ်လမ်းပိုင်းနဲ့ ပုံဖော်ခြယ်မှုန်းသူ ဒါရိုက်တာကတော့ ပြည်ဟိန်းသီဟဖြစ်ပါတယ်။

သူဌေးတစ်ဦးဖြစ်ချင်လို့သာ သူဌေးမကို ယူခဲ့ရတယ်။ ဒီဇာတ်ကားမှာ အချစ်မပါပေမယ့် မြန်မာ့ယဉ်ကျေးမှုအရ တစ်လင်တစ်မယားစနစ်ကို လိုက်နာရဖို့ကိုလည်း ပညာပေးခြယ်မှုန်းနိုင်ခဲ့ပါတယ်။

အဓိကဇာတ်ကောင်များဖြစ်တဲ့ လူမင်း၊ အကယ်ဒမီ တက္ကသိုလ်ဂွမ်းပုံနဲ့ ရတနာဗိုလ်တို့ရဲ့ ပီပြင်တဲ့ သရုပ်ဆောင်ကွက်တွေနဲ့အတူ ခင်လှိုင်နဲ့ ဒိန်းဒေါင်တို့ရဲ့ ဟာသသရုပ်ဆောင်ကွက်တွေက ပရိသတ်တွေကို တစ်ခဏတာဖြစ်ဖြစ် ဘဝအမောတွေ ပြေစေနိုင်မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ တစ်ပြိုင်တည်းရုံတင်ပြသခဲ့တဲ့ အဲဒီဇာတ်ကားဟာ ပရိသတ်တွေ အကြိုက်တွေ့ခဲ့ကြတယ်လို့လည်း သိရပါတယ်။

'ဘောစိ'ဇာတ်ကားကို အခုတစ်ပတ်မှာ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မြို့မ၊ ဝင်းလိုက်နှင့် မင်္ဂလာထွန်းသီရိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးတို့မှာ ဆက်လက်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

နောက်တစ်ကားကတော့ ယခင်အပတ်က ရုံတင်ဆဲဖြစ်ပြီးတော့ ဒါရိုက်တာသိန်းဟန်(ဖိုးနစ်) ရဲ့ လက်ရာ 'ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း'ကို ဒီတစ်ပတ်မှာလည်း ဆက်လက်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

သရုပ်ဆောင် ခန့်စည်သူ၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ဖွေးဖွေးနဲ့ မြတ်ကေသီအောင်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ဒီမြန်မာဟာသဇာတ်ကားကို ရွှေဆောင် (၂)၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)၊ မင်္ဂလာ(ဂမုန်းပွင့်) လှည်းတန်း စံရိပ်ငြိမ် ရုပ်ရှင်ရုံတွေမှာ ဆက်လက်ရုံတင်ပြသပေးမှာဖြစ်ပါတယ်။

နောက်တစ်ခါ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာ တကူးတကကို ဖိတ်ကြားပြသခြင်းခံခဲ့ရပြီး အခုလက်ရှိ အွန်လိုင်းမှာလည်း နာမည်ကြီးပြီး လူကြိုက်များနေကြတဲ့ တောင်ကိုရီးယား ဇွန်ဘီဇာတ်ကား Train To Busan ကိုလည်း ယခုတစ်ပတ်မှာ ဆက်လက်ပြသပေးသွားမှာ ဖြစ်ပါတယ်။

အလုပ်ကလွဲရင် ဘာမှ ဂရုမစိုက်တတ်တဲ့ ဖခင်တစ်ဦးက သမီးပူဆာလို့ မိခင်ဖြစ်သူဆီကို လိုက်ပို့တဲ့ လမ်းမှာကြုံတွေ့ရတဲ့ဖြစ်ရပ်တစ်ခုပါ။ အဲဒီဇာတ်ကားမှာ အဓိကဇာတ်ဆောင်မင်းသားဟာ အစပိုင်းမှာ တစ်ကိုယ်ကောင်းဆန်ခဲ့ပေမယ့် နောက်ပိုင်းမှာ ချစ်ရတဲ့ သမီးဖြစ်သူနဲ့ တခြားသူတွေအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့သူတစ်ဦးပါ။

ဒီဇာတ်ကားမှာ ဗီလိန်သရုပ်ဆောင်တွေကလည်း ဗီလိန်ဇာတ်ရုပ်တွေ အားကောင်းသလို ကလေးသရုပ်ဆောင်လေးကလည်း အသက်အရွယ်နဲ့ မလိုက်အောင် သရုပ်ဆောင်တတ်လွန်းပါတယ်။

အက်ရှင်ဇာတ်ကားဆိုပေမယ့် နောက်ဆုံးမှာ ကြည့်သူတွေရဲ့ ရင်ထဲကို တစ်ခုခုစွဲကျန်နေအောင် ဖန်တီးနိုင်တဲ့ တောင်ကိုရီးယားဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

Train To Busan ဇာတ်ကားကို အခုတစ်ပတ်မှာ မင်္ဂလာ(၂) မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ တင်ဆက်ပြသပေးမှာ ဖြစ်ပါတယ်။

နောက်ပြီး အဲဒီဇာတ်ကားဟာ အခုနှစ်ရဲ့ Teen Choice Award ဆုပေးပွဲရဲ့ Choice Music: Song from a Movie or TV Show ဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရတယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် ဒီတစ်ပတ်မှာ နိုင်ငံခြားကား ဇာတ်ကားသစ်အနေနဲ့ Nerve လို့ အမည်ရတဲ့ ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံရိုက်ကူးထားတဲ့ နည်းပညာပိုင်းဆိုင်ရာစိတ်ကူးယဉ်သည်းထိတ်ရင်ဖိုဇာတ်ကားကို နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံမှာ ရုံတင်ပြသပေးမှာဖြစ်ပါတယ်။


နောက်ပြီး ကမ္ဘာကျော်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းရဲ့ နာမည်ကြီးဇာတ်ကားတစ်ကားဖြစ်တဲ့ SkipTrace ဇာတ်ကားကိုလည်း ရွှေဆောင်နဲ့ မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံမှာ ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါတယ်။

နောက်ထပ်နိုင်ငံခြားကား အသစ်အနေနဲ့ Pete's Dragon လို့ အမည်ရတဲ့ ဇာတ်ကားလေးဖြစ်ပါတယ်။ ဒီဇာတ်ကားလေဟာ ကောင်လေးတစ်ယောက်နဲ့ နဂါးလေးတစ်ကောင်ရဲ့ ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ကျူးထားတဲ့ ချစ်ခြင်းမေတ္တာပြဇာတ်ကားလေးတစ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားလေးကို နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်နဲ့ မင်္ဂလာဒိုင်းမွန်းအဆင့်မြင့် ရုပ်ရှင်ရုံတို့မှာတင်ဆက်ပြသပေးသွားမှာဖြစ်ပါတယ်။

ဖြိုးစန္ဒာမြင့်-ရေးသားသည်



# ချစ်ခြင်းမေတ္တာဖွဲ့ ဇာတ်ကား Pete's Dragon ရုံတင်ပြသ




Pete's Dragon ဇာတ်ကားသည် ၁၉၇၇ ခုနှစ်က ဇာတ်ကားတစ်ကားကို ပြန်လည်ပုံဖော်ထားခြင်းဖြစ်ပြီး လူသားတစ်ဦးနှင့် နဂါးငယ်လေးတစ်ကောင်တို့အကြား ချစ်ခြင်းမေတ္တာကို ဖော်ကျူးထားသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ယင်းဇာတ်ကားတွင် မိဘများနှင့်သေကွဲကွဲကာ ပစိဖိတ်အနောက်မြောက်ကမ်းရိုးတန်းတွင် ကျန်ရစ်ခဲ့သည့် ပီတီအား နဂါးလေး Elliot က ပြုစုစောင့်ရှောက်ထားခဲ့သည်။ ပီတီကို တောတွင်းသားဘဝမှ သာမန်လူသားတစ်ဦး၏ အမူအကျင့်များကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ပီတီ၏ကျေးဇူးရှင် နဂါးလေး Elliot အား အသည်းအသန်လိုက်လံရှာဖွေနေသည့် မုဆိုးတစ်ဦး၏ ခြိမ်းခြောက်မှုအန္တရာယ်နှင့် ကြုံတွေ့ရသောအခါ ချစ်ခြင်းမေတ္တာများဖြင့် မည်သို့မည်ပုံဖြေရှင်းကြပုံကို ပုံဖော်ရိုက်ကူးထားသည့် ချစ်ခြင်းမေတ္တာဖွဲ့ ဇာတ်ကားတစ်ကားဖြစ်သည်။

မျိုးစန္ဒာမောင်

# ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ မဲခွဲဆုံးဖြတ်အပြီး ဘာစီလိုနာနှင့် မန်စီးတီး၊ ဘိုင်ယန်မြူးနစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ တွေ့ဆုံမည့် ပွဲစဉ်များပါဝင်မည်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ မဲခွဲဆုံးဖြတ်မှုကို ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့ရာ လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်မှာ ဂျာမနီကလပ် ဒေါ့မွန်၊ ပေါ်တူဂီကလပ်စပို့တင်းလစ္စဘွန်း၊ ပိုလန်ကလပ်အသင်း ဝါဆောတို့နှင့် အုပ်စု (F)တွင် တစ်အုပ်စုတည်းကျရောက်နေသဖြင့် အုပ်စုအနေအထား ချောင်သည်ဟု သတ်မှတ်နိုင်သည်။ အင်္ဂလန်ကလပ်အသင်းလေးသင်းတွင် မန်စီးတီးတစ်သင်းသာ အုပ်စုကျပ်အတွင်း ကျရောက်နေပြီး ကျန်အသင်းများမှာ အုပ်စုအနေအထား လွယ်ကူသော်လည်း ချန်ပီယံလိဂ်အတွေ့အကြုံမရှိသည့် စပါးနှင့် လက်စတာတို့အတွက် သေချာပေါက်ခက်ခဲမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

စိတ်ဝင်စားစရာအကောင်းဆုံးမှာ မန်စီးတီးနည်းပြ ဂွါဒီယိုလာအနေဖြင့် အသင်းဟောင်း ဘာစီလိုနာကို ပြန်လည်ရင်ဆိုင်မည့် ဘာစီလိုနာနှင့် မန်စီးတီးတို့ ထိပ်တိုက်တွေ့မည့် ပွဲစဉ်များဖြစ်ပြီး "ဂွါဒီယိုလာရဲ့ ကာတလန်တစ်ကျော့ပြန်ခရီး"အဖြစ် နိုင်ငံတကာ အားကစား မီဒီယာများက ခေါင်းစဉ်တပ်ခဲ့ကြသည်။

အုပ်စုဦးစားပေးအသင်းများအဖြစ် လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းအပြင် သက်ဆိုင်ရာ လိဂ်များတွင် ချန်ပီယံဖြစ်ထားသည့် ပီအက်စ်ဂျီ၊ ဘင်ဖီကာ၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ စီအက်စ်ကေအေမော်စကို၊ လက်စတာ စီးတီးနှင့် ဂျူဗင်တပ်အသင်းတို့ကို ထည့်သွင်းထားပြီး စပိန်ကလပ်အသင်းလေးသင်းစလုံးမှာ အနိမ့်ဆုံးအုပ်စု ဒုတိယဦးစားပေးအသင်းများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ယင်းအနေအထားကြောင့် အခြားဥရောပလိဂ်များတွင် ချန်ပီယံဖြစ်ထားသည့် ဆဲလ်တစ်( စကော့တလန်)၊ လူဒိုဂိုးရက်စ်(ဘူဂေးရီးယား)၊ ဘေဆယ်လ်(ဆွစ်ဇာလန်)စသည့်အသင်းမှာ ဆီဗီလာ၊ အက်သလက်တီကိုတို့အောက် ရောက်ရှိနေခဲ့ရာ အဆိုပါလိဂ်များနှင့် စပိန်လာလီဂါတို့ ဘောလုံးအဆင့်အတန်းကွာဟမှုကို သတိပြုရမည်ဖြစ်သည်။

အုပ်စုပထမဆုံးပွဲစဉ်များကို စက်တင်ဘာ ၁၃ နှင့် ၁၄ ရက်တို့တွင် စတင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၆ နှင့် ၇ ရက်တို့တွင် အပြီးသတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ဗိုလ်လုပွဲစဉ်ကို လာမည့် ၂၀၁၇ ခုနှစ် ဇွန် ၃ ရက် ကာဒစ်ဖ်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။



အုပ်စုမဲခွဲဆုံးဖြတ်မှုများအပြီး ယူအီးအက်ဖ်အေ၏ ဥရောပတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုစာရင်းကို ကြေညာခဲ့ရာ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက အသင်းဖော် ဂါရတ်ဘေးလ်နှင့် အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ကို ကျော်ဖြတ်ကာ ရွေးချယ်ခံခဲ့ရသည်။ ချန်ပီယံလိဂ်အသင်းများဝင်ခွင့်ပုံစံပြင်ဆင်မှုကို လာမည့် ၂၄ နာရီအတွင်း ကြေညာချက်ထုတ်ရန်ရှိနေကြောင်းလည်း သိရသည်။

## ၂၀၁၆–၁၇ ဘောလုံးရာသီ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ

| | | | |
|---|---|---|---|
| အုပ်စု (A) - ပီအက်စ်ဂျီ(ပြင်သစ်)၊ | အာဆင်နယ်(အင်္ဂလန်)၊ | ဘေဆယ်လ်(ဆွစ်ဇာလန်)၊ | လူဒိုဂိုရက်စ်(ဘူဂေးရီးယား)။ |
| အုပ်စု (B) - ဘင်ဖီကာ(ပေါ်တူဂီ)၊ | နာပိုလီ(အီတလီ)၊ | ဒိုင်နမိုကိဗ်(ယူကရိန်း)၊ | ဘီဆီတပ်စ်( တူရကီ)။ |
| အုပ်စု (C) - ဘာစီလိုနာ(စပိန်)၊ | မန်စီးတီး(အင်္ဂလန်)၊ | မိုချန်ဂလာဘတ်( ဂျာမနီ)၊ | ဆဲလ်တစ်(စကော့တလန်)။ |
| အုပ်စု (D) - ဘိုင်ယန်မြူးနစ်(ဂျာမနီ)၊ | အက်သလက်တီကို (စပိန်)၊ | ပီအက်စ်ဗွီ(နယ်သာလန်)၊ | ရော့စ်တော့ဗ်(ရုရှား)။ |
| အုပ်စု (E) - စီအက်စ်ကေအေမော်စကို(ရုရှား)၊ | လေဗာကူဆင်(ဂျာမနီ)၊ | စပါး(အင်္ဂလန်)၊ | မိုနာကို(ပြင်သစ်)။ |
| အုပ်စု (F) - ရီးယဲလ်မက်ဒရစ်(စပိန်)၊ | ဒေါ့မွန်(ဂျာမနီ)၊ | စပို့တင်းလစ္စဘွန်း(ပေါ်တူဂီ)၊ | လက်ဂီယာဝါဆော(ပိုလန်)။ |
| အုပ်စု (G) - လက်စတာစီးတီး(အင်္ဂလန်)၊ | ပေါ်တို(ပေါ်တူဂီ)၊ | ဘရာဂါ( ဘယ်လ်ဂျီယံ)၊ | ကိုပင်ဟေဂင်(ဒိန်းမတ်)။ |
| အုပ်စု (H) - ဂျူဗင်တပ်(အီတလီ)၊ | ဆီဗီလာ(စပိန်)၊ | လိုင်ယွန်(ပြင်သစ်)၊ | ဒိုင်နမိုဇာဂရက်( ခရိုအေးရှား)။ |

### ဩဂုတ် ၂၇/၂၈ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၃**

| | | |
|---|---|---|
| စပါး - လီဗာပူး | | ညနေ-၆း၀၀ |
| ချယ်လ်ဆီး - ဘန်လေ | | ည-၈း၃၀ |
| ခရစ္စတယ်ပဲလေ့စ်- ဘုန်းမောက် | | ည-၈း၃၀ |
| အဲဗာတန် - စတုတ်စီးတီး | | ည-၈း၃၀ |
| လက်စတာ - ဆွမ်ဆီး | | ည-၈း၃၀ |
| ဆောက်သမ်တန် - ဆန်းဒါးလန်း | | ည-၈း၃၀ |
| ဝက်ဖို့ဒ် - အာဆင်နယ် | | ည-၈း၃၀ |
| ဟားလ်စီးတီး - မန်ယူ | | ည-၁၁း၀၀ |

**လာလီဂါ ပွဲစဉ် - ၂**

| | |
|---|---|
| အိုဆာဆူနာ - ဆိုစီဒက် | ည-၁၀း၄၅ |
| အီဘား - ဗလင်စီယာ | ည-၁၀း၄၅ |
| ရီးယဲလ်မက်ဒရစ် - ဆယ်လ်တာဗီဂို | နံနက်-၀၀း၄၅ |
| လီဂါနက်စ် - အက်သလက် | နံနက်-၂း၄၅ |

**စီးရီးအေ ပွဲစဉ် - ၂**

| | |
|---|---|
| လာဇီယို - ဂျူဗင်တပ် | ည-၁၀း၃၀ |
| နာပိုလီ - အေစီမီလန် | နံနက်-၁း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁**

| | |
|---|---|
| ဒေါ့မွန် - မိန့်ဇ် | ည-၈း၀၀ |
| ကိုလုံး - ဒမ်းစတက် | ည-၈း၀၀ |
| ဟမ်းဘတ် - အင်ဂေါ့စတက် | ည-၈း၀၀ |
| အော့စ်ဘတ် - ဝုဖ်ဘတ် | ည-၈း၀၀ |
| ဖရန့်ဖတ် - ရှော်လ်ကေး | ည-၈း၀၀ |
| မိုချန်ဂလာဘတ် - လေဗာကူဆင် | ည-၈း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၂**

| | |
|---|---|
| ဒီဂျွန် - လိုင်ယွန် | ည-၉း၃၀ |
| နန်းစီ - ဂွင်ဂန့် | နံနက်-၀၀း၃၀ |
| မောင့်ပယ်လီယာ - ရင်းနက်စ် | နံနက်-၀၀း၃၀ |
| နိုက်စ် - လိုင်လီ | နံနက်-၀၀း၃၀ |
| ကိန်း - ဘက်စတီယာ | နံနက်-၀၀း၃၀ |
| မက်ဇ် - အန်းဂါးစ် | နံနက်-၀၀း၃၀ |

မောင်မောင်ဇော်

## ဝက်စ်ဟမ်းအသင်း ယူရိုပါလိဂ်ခြေစစ်ပွဲ မအောင်ခဲ့ခြင်းကြောင့် ဘီလစ် ဒေါသပေါက်ကွဲ

ဝက်စ်ဟမ်းအသင်းနည်းပြ ဘီလစ်က အခွင့်အရေးကို ဆုပ်ကိုင်နိုင်ခြင်းမရှိသည့် ဝက်စ်ဟမ်းအသင်းအနေအထားအတွက် ဒေါသထွက်မိသလို အလွန်အမင်း စိတ်ပျက်မိကြောင်း ရိုမေးနီးယားကလပ် ဂူအားဂျီးယူအား တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ကာ ယူရိုပါလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့် လွဲချော်ခဲ့ပြီးနောက် ဖွင့်ဟပြောကြားခဲ့သည်။ ယူရိုပါလိဂ်ခြေစစ်ပွဲ ဒုတိယအကျော့ ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ဂူအားဂျီးယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းအသင်းက အိမ်ကွင်းမှာပင် ပြိုင်ဘက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ယူရိုပါလိဂ်အုပ်စုအဆင့်သို့ တက်လှမ်းနိုင်ခွင့် လွဲချော်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ပထမအကျော့ အဝေးကွင်း၌ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းကြောင့် ဒုတိယအကျော့တွင် ဂိုးမရှိသရေ ကစားနိုင်ရုံဖြင့် ယူရိုပါလိဂ်အုပ်စုအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း ခံစစ်ပိုင်းအနည်းငယ်အားနည်းမှုအတွက် တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရခြင်းဖြစ်သည်။ ဘီလစ်က ယခုရလဒ်က ဒေါသထွက်သည်ဆိုသည်ထက် စိတ်ပျက်ခြင်းဘက်သို့ ပိုမိုခံစားစေခဲ့ကြောင်း၊ မိမိညွှန်ကြားချက်အတိုင်း လိုက်ပါကစားနိုင်ခြင်းမရှိသည့် ကစားသမားများ၏ လုပ်အားနှုန်းကိုလည်း စိတ်ပျက်မိကြောင်း ဆိုခဲ့သည်။

အခြားသတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ ဝက်စ်ဟမ်းအသင်းသည် တိုက်စစ်မှူး အန်ဒီကာရိုးနှင့် အေယူးတို့နှစ်ဦးစလုံး ဒဏ်ရာပြဿနာများ ကြုံတွေ့ခဲ့ရပြီးနောက် တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် ကြိုးပမ်းနေရာ ဂျူဗင်တပ်တိုက်စစ်မှူး ဇာဇာကိုခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ ဇာဇာအား တစ်ပတ်လုပ်ခပေါင် ၁၀၀၀၀၀၊ ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ယေဘုယျသဘောတူညီခဲ့ခြင်းဖြစ်ပြီး ဇာဇာအပြင် မန်စီးတီးတိုက်စစ်မှူး ဘိုနီနှင့် ချယ်လ်ဆီးတိုက်စစ်မှူး ရီမီတို့ကိုလည်း ချိတ်ဆက်လျက်ရှိသည်။

**မေလွဲသင်း-စုစည်းဖော်ပြသည်**

## ယူအီးအက်ဖ်အေ ဥရောပတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို စီရိုနယ်လ်ဒို ဆွတ်ခူး ပီကေး၏ ဝေဖန်ချက်ကိုလည်း အလှပဆုံးစကားလုံးဖြင့် တုံ့ပြန်သွားခဲ့



ပေါ်တူဂီနှင့် ရီးယဲလ်မက်ဒရစ်ကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ဂါရတ်ဘေးလ်နှင့် ဂရစ်ဇ်မန်းတို့အား ကျော်လွန်ကာ ယူအီးအက်ဖ်အေ(ဥရောပဘောလုံးအဖွဲ့ချုပ်)က ချီးမြှင့်သည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ ဥရောပအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ကြောင်း စကိုင်းစပို့သတင်းဌာနက ဖော်ပြသည်။ ဩဂုတ် ၂၅ရက် မိုနာကိုမြို့တွင် ကျင်းပခဲ့သည့် ချန်ပီယံလိဂ်မဲခွဲဆုံးဖြတ်မှုအပြီးတွင် ကြေညာပေးခဲ့ပြီး မူလမှန်းဆချက်များအတိုင်း စီရိုနယ်လ်ဒိုကပင် အဆိုပါဆုကို ရယူနိုင်ခဲ့သည်။

စီရိုနယ်လ်ဒိုက "ပြီးခဲ့တဲ့ ဘောလုံးရာသီက ကျွန်တော့်ဘဝမှာ အကောင်းဆုံးရာသီဖြစ်ခဲ့သလို အခုလို ချီးမြှင့်ခံရတဲ့အတွက်လည်း တကယ်ကို ဝမ်းမြောက်မိပါတယ်"ဟု ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

စီရိုနယ်လ်ဒိုသည် ယင်းဆုကို ၂၀၁၃-၂၀၁၄ ဘောလုံးရာသီအတွင်းကလည်း ပထမအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီးဖြစ်ရာ ယခုတစ်ကြိမ်သည် ၎င်းအတွက် ဒုတိယအကြိမ် ဆွတ်ခူးနိုင်ခြင်းလည်း ဖြစ်လာခဲ့သည်။ အဆိုပါဆုကို ယူအီးအက်ဖ်အေအဖွဲ့ဝင်နိုင်ငံ ၅၅ နိုင်ငံရှိ ဂျာနယ်လစ်များမှ မဲပေးရွေးချယ်ခြင်းဖြစ်ပြီး မူလကစားသမားခြောက်ဦးစာရင်းတွင် မက်ဆီ(ဘာစီလိုနာ)၊ ဆွာရက်ဇ်(ဘာစီလိုနာ) နှင့် ဘတ်ဖွန် (ဂျူဗင်တပ်)တို့လည်း ပါဝင်ခဲ့ကြသော်လည်း မဲအများဆုံးရ ကစားသမားသုံးဦးကို နောက်ဆုံးဆန်ခါတင်အဖြစ် ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ သုံးနှစ်အတွင်း ချန်ပီယံလိဂ်နှစ်ကြိမ် ဆွတ်ခူးခဲ့မှုနှင့် ယူရို- ၂၀၁၆ ပြိုင်ပွဲတွင် ပေါ်တူဂီအသင်း ချန်ပီယံဖြစ်ခဲ့မှုတို့က စီရိုနယ်လ်ဒို၏ အခန်းကဏ္ဍကို ပို၍ အရောင်တောက်စေခဲ့သည်။ စီရိုနယ်လ်ဒိုမှာ ယူရို-၂၀၁၆ ပြိုင်ပွဲအတွင်း သွင်းဂိုး သုံးဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပလာတီနီ၏ ယူရိုသွင်းဂိုး ကိုးဂိုးစံချိန်ကို အမီလိုက်နိုင်ခဲ့သလို ချန်ပီယံလိဂ်ဗိုလ်လုပွဲ အဆုံးအဖြတ်ပင်နယ်တီကို သွင်းယူကာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် (၁၁)ကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့သည်။

သို့သော် ဘာစီလိုနာနောက်ခံလူ ပီကေးက ပြီးခဲ့သည့် ယခုရက်သတ္တပတ်အတွင်းမှာပင် "တကယ်တမ်းရီးယဲလ်အသင်းရဲ့ ချန်ပီယံလိဂ်ကိုင်မြှောက်နိုင်မှုကို စဉ်းစားကြည့်ရင် သိပ်ပြီးအထင်ကြီးစရာ မရှိလှပါဘူး။ ၁၆ သင်းအဆင့်မှာ စီးရီးအေက အဆင့်(၃)နေရာက အသင်းနဲ့သာ တွေ့ဆုံခဲ့ရပြီး ကွာတားမှာ ဘွန်ဒက်စ်လီဂါကအဆင့် (၈)၊ အကြိုဗိုလ်လုပွဲမှာ ပရီမီယာလိဂ်က အဆင့်(၄)အသင်းတွေကိုသာ ကျော်ဖြတ်လာခဲ့တာဖြစ်သလို ဗိုလ်လုပွဲမှာလည်း ပင်နယ်တီအဆုံးအဖြတ်နဲ့ ချန်ပီယံဖြစ်ခဲ့တာပါ"ဟု မှတ်ချက်ချခဲ့ရာ စီရိုနယ်လ်ဒိုက ဆုယူအပြီးတွင် ပီကေးအနေဖြင့် မိမိ၏ တွစ်တာစာမျက်နှာပေါ်တင်ထားသည့် ပုံရိပ်ကောင်းများကို ပြန်လည်ကြည့်ကာ ဆုံးဖြတ်သင့်ကြောင်း ပါးပါနပ်နပ်ပင် တုံ့ပြန်ခဲ့သည်။

## တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် မူစတာဖီကိုလည်း ခေါ်ယူရန် အနီးစပ်ဆုံးအခြေအနေရောက်ရှိသွားပြီဖြစ်တဲ့ အာဆင်နယ်

အာဆင်နယ်အသင်းသည် ဒီပို့တီပိုတိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဗလင်စီယာ ဗဟိုနောက်ခံလူ မူစတာဖီအား ခေါ်ယူရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ စပိန်တိုက်စစ်မှူး လူးကပ်စ်ပီရက်ဇ်မှာ ပြီးခဲ့သည့်ဘောလုံးရာသီအတွင်း ပွဲစဉ်( ၃၇) ပွဲဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သောကြောင့် အာဆင်နယ်တိုက်စစ်ပိုင်းလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းနိုင်မည်ဟု မျှော်လင့်ရသည်။ အာဆင်နယ်မှာ ပီရက်ဇ်အတွက် ပြောင်းရွှေ့ကြေးယူရိုသန်း ၂၀ (ပေါင် ၁၇ ဒသမ ၁ သန်း)သာ သုံးစွဲခဲ့ရပြီး မူစတာဖီကိုလည်း ပေါင် ၃၅ သန်းအထက်ပေးချေခေါ်ယူရန် နီးစပ်နေပြီဖြစ်သည်။ အဲဗာတန်အသင်းသည်လည်း လူးကပ်စ်အား ချိတ်ဆက်ခဲ့သေးပြီး ကစားသမားကိုယ်တိုင်ကမူ အာဆင်နယ်ကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လဆန်းပိုင်းတွင် အာဆင်နယ်နှင့် ဗလင်စီယာတို့ကြား မူစတာဖီအတွက် သဘောတူညီခဲ့ကြပြီးဖြစ်သည်ဟု စကိုင်းစပို့က ဖော်ပြခဲ့သော်လည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် မပေးချေဘဲ မူစတာဖီကို ရနိုင်မည်မဟုတ်ကြောင်း ဗလင်စီယာဘက်မှ တုံ့ပြန်ခဲ့သည်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဇိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

လွန်ခဲ့တဲ့ ၅ နှစ် ဩဂုတ်လ ၂၄ ရက်နေ့က ကျွန်တော့်ရဲ့ စာအုပ်မျက်နှာစာနံရံပေါ်မှာရေးခဲ့မိတာလေးတစ်ခုက တစ်နှစ်ပတ်လည်တော့ ပြန်ပေါ်လာတယ်။ မူလတုန်းကအင်္ဂလိပ်လိုရေးခဲ့တာဖြစ်ပေမယ့် ကြေးမုံပရိသတ်အတွက်တော့ မြန်မာလိုပဲ ပြန်ရေးပြပါရစေ။

"လွယ်လွယ်နဲ့ ကောက်ချက်ချတာ၊ ဘာနဲ့ပဲပတ်သက်ပတ်သက် တစ်ဆိတ်ကို တစ်အိတ်လုပ်တတ်တာ၊ မိကျောင်းမင်းရေခင်း ပြတာ၊ လမင်းကိုလက်ညှိုးထိုးပြတဲ့အခါ လက်ညှိုးကိုပဲမဲကြည့်တာ၊ ကိုယ် နားမလည်တဲ့ ကိစ္စတွေမှာဝင်တောတာ၊ တစ်ခုခုဆိုခံစားချက် ရှေ့တန်းတင်၊ ပုဂ္ဂိုလ်ရေးတွေနဲ့ တွေးတာ၊ ဆိုလိုရင်းထက် စကားလုံးတွေကိုပဲမဲနေတာ၊ ဘာများကျန်သေးလဲမသိဘူးဗျာ။ ပြောရတာတော့ သိပ်မကောင်းဘူး၊ သည်လိုအမူအကျင့်တွေ၊ သဘောထားတွေဟာဖြင့်ရင် တကိုယ်ရေတိုးတက်မှုအတွက်သာမက နိုင်ငံရဲ့ တိုးတက်မှုအတွက်ပါ အကြီးအကျယ်ပျက်စီးထိခိုက်စေနိုင်တယ်ဆိုတဲ့အချက်ကို ကျွန်တော်တို့အားလုံးသဘောပေါက်သင့်တဲ့ အချိန် ရောက်နေပါပြီ"

အဲတုန်းကစာအုပ်မျက်နှာစာကို မြန်မာတွေ စသုံးလာကြတာ ၂ နှစ်၊ ၃ နှစ်လောက်ပဲရှိသေးတဲ့အချိန်ပါ။ အခုကာလလိုအုံနဲ့ ကျင်းနဲ့ အဆများစွာ ပွားမလာသေးဘူး။ တယ်လီဖုန်းကတ်ဈေးတွေလည်းတအားသက်သာလာ၊ နည်းပညာကလည်းအရှိန်အဟုန်မြန်မြန်ဆန်ဆန်နဲ့ တိုးတက်လာတဲ့ ကျေးဇူးကြောင့် အခုဆိုရင် စာအုပ်မျက်နှာစာသုံးသူတွေဟာငါးနှစ်တာအတွင်းမှာ အဲတုန်းကထက် အဆပေါင်း ၅၀၀ လောက် ပိုများလာတာလည်းအမှန်ပါပဲ။

ဟိုအချိန်ကတောင် အဲဒီအမူအကျင့်တွေ၊ သဘောထားတွေနဲ့ တွေ့နေခဲ့ရလို့ မချိတင်ကဲရေးဖြစ်ခဲ့တဲ့ စာလေး ပြန်ပေါ်လာချိန်မှာ ကျွန်တော် ဝမ်းနည်းပက်လက် ဖြစ်နေမိရတယ်။ အဲတုန်းက ကျွန်တော် ပြောခဲ့တဲ့ အမူအကျင့်တွေ၊ သဘောထားတွေကအများစုရဲ့ ကိုယ်ထဲမှာ အမြစ်တွယ်နေတာပိုလို့ ထင်ရှားလာတာကိုး။

ဒါဖြင့်ရင် ဒါကိုဘယ်လိုကိုင်တွယ် ဖြေရှင်းကြရင် ကောင်းမလဲလို့ မေးရင်တော့ ကျွန်တော့်မှာအဖြေမရှိတာလည်းအမှန်ပါ။ အဖြေမရှိပင် မရှိငြားသော်လည်းလွန်ခဲ့တဲ့ ငါးနှစ်ကအဲဒါလေးကိုရေးပြီးတင်လိုက်ချိန်မှာ လာရောက်ဆွေးနွေးတာလေးတွေကကောင်းနေသလို ကျွန်တော်ကလည်း ပြန်ဆွေးနွေးဖြစ်ခဲ့တာမို့ အများလည်းဆွေးနွေးနိုင်အောင် အဲဒါလေးတွေကိုပဲဆွေးနွေးခန်းပုံစံနဲ့ ပြန်ဖော်ပြပေးချင်ပါတယ်။

**မေ** - ကောင်းကောင်းလေ့ကျင့် သင်ကြားထားတဲ့ သူငယ်တန်းဆရာမတွေကို လစာတော်တော် မြင့်မြင့်ပေးပြီးစလုပ်ရင် ဘယ်လိုနေမလဲဆရာ။ ထိရောက်တဲ့ ဖြတ်လမ်းဖြစ်နိုင်လောက်လား။ (တွေးမယ်ဆိုရင်တော့ ခလုတ်တံသင်းတွေ အများကြီးပါ။တွေးမိတာကိုပြောကြည့်တာပါ။)

**ကျွန်နုပ်** - ထိုင်းကိုတတ်အားသမျှ လေ့လာကြည့်တဲ့အခါ ပညာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်တွေကို ၁၉၆၀ ပြည့်လွန်နှစ်တွေကစတင်ပြီး ချိတ်ဆက်ခဲ့တာတွေ့ရတယ်။ စာတတ်မြောက်မှု ရာခိုင်နှုန်းကလည်းထိုင်းကမတရားမြင့်တယ်။ ၉၄ ဒသမ ၁ ရာခိုင်နှုန်း ရှိတော့ ၇၄ ဒသမ ၀၄ သာရှိတဲ့ အိန္ဒိယထက်တောင် အများကြီးပိုမြင့်နေတယ်။ ယူရမယ် နမူနာကထိုင်းလို့ မြင်နေမိတယ်။ ရေမြေသဘာဝချင်း တစ်ထပ်တည်းနီးပါးတူနေတာ၊ တိုင်းရင်းသားပေါင်းစုံ ဖြန့်ကျက်နေပုံချင်းဆင်နေတာ၊ ထေရဝါဒ နိုင်ငံတွေ ဖြစ်နေတာ၊ နိုင်ငံရေး မတည်ငြိမ်မှုများတာတွေကြောင့် တခြားသိပ်ရှုပ်ရှုပ်ဝေးဝေး မစဉ်းစားဘဲ ထိုင်းပုံစံကိုလေ့လာပြီးဆီလျော်အောင် ပြန်လည် အသုံးချမယ်ဆိုရင် ၂၀၄၀




လောက်မှာတစ်ခုခု ဖြစ်လာနိုင်ပါလိမ့်မယ်။

**မေ** - အင်း- ၂၀၄၀- ကျွန်မတို့နောက်မျိုးဆက်ပေ့ါနော်။ တစ်ခါတလေအဟောင်းတွေ လက်ဆင့်ကမ်းမယ့်သူအကုန် ဟစ်တလာမျိုး-ဖတ်တဲ့နည်းနဲ့တောင် သုံးပစ်လိုက်ချင်တယ် (ဟဟဟ- အဖြစ်ပြောတာပါ-)သည်လိုပြောလို့ ကျွန်မကို တော်တော်အန္တရာယ် ရှိတဲ့အတွေးအခေါ်နဲ့သူဆိုပြီးများပြောမလားတော့မသိဘူး။ ကွန်ပြူတာတစ်လုံးမှာဗိုင်းရပ်(စ်)တွေသိပ်များ၊ စွမ်းဆောင်ရည်ကလည်း အရမ်းနှေးလာရင် အကုန် format ရိုက်ပြီး window အသစ်တင်သလို တင်ပစ်လိုက်လို့ရရင်ကောင်းမှာပဲ။

**နုပ်** - အမယ်. . . ၂၀၄၀ ဆိုတာတောင် ဆောက်ဖြစ်မှာကျောင်းအစ်မခင်ဗျ။ ဆောက်ဖြစ်မည်ဟုလည်း ကျွန်ုပ်ဖြင့် မထင်၊မထင်. . .

**မေ** - ဆရာရေ-ပညာရေးအဆင့်မြင့်မားမှုနဲ့ တစ်ဦးချင်းစိတ်ဓာတ်ပိုင်းဆက်စပ်မှုအပြင် နောက်ဆက်တွဲကအစိုးရလူမှုရေးမူဝါဒကလည်းပါဦးမယ်ထင်တယ်နော်။ဟိုတလောကလန်ဒန်မှာဖြစ်သွားတာလေးကိုသတိရမိလို့ပါ။

[မှတ်ချက် - အစမှာဆိုခဲ့တဲ့အတိုင်း ကျွန်တော် ရေးပြီးတင်ခဲ့တာက ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်ပါ။ အဲဒီနှစ် ဩဂုတ်လ ၄ ရက်နေ့မှာရဲက အသေပစ်သတ်ခဲ့တဲ့ လူတစ်ယောက်ကိုအကြောင်းပြုပြီး ဗြိတိန်နိုင်ငံလန်ဒန်မြို့က ရပ်ကွက်တစ်ခုမှာ ၆ ရက်နေ့ကျတော့ ကန့်ကွက်ဆန္ဒပြခဲ့ကြရာကအစပြုပြီး ရုန်းရင်းဆန်ခတ်မှုတွေ၊ အကြမ်းဖက်မှုတွေ စတင်ခဲ့ပါတယ်။ ၈ ရက်က ၁၀ ရက်အတွင်းမှာတော့ ဗြိတိန်နိုင်ငံကတခြားမြို့တွေဆီအထိကူးစက်ခဲ့တယ်။ သည်ရုန်းရင်းဆန်ခတ်မှုကြောင့် လူ ၅ ဦးသေဆုံးခဲ့သလို ၁၆ ဦးဒဏ်ရာရတဲ့အပြင် ခန့်မှန်းခြေပေါင်စတာလင် သန်း ၂၀၀ ဖိုး (အမေရိကန် ဒေါ်လာ ၂၆၄ သန်းဖိုး) လောက်ရှိတဲ့ ပစ္စည်းတွေ၊ အဆောက်အအုံတွေ ပျက်စီးခဲ့ရပါတယ်။ ဒါကို"မေ"ကရည်ညွှန်းလိုက်တာပါပဲ။]

**နုပ်** - လန်ဒန်ကပြောရခက်မယ် ထင်တယ်။ (၁) သူကဒီမိုကရေစီအပြည့်အဝ ထွန်းကားတဲ့ လူ့ဘောင် ဖြစ်နေတယ်။ (၂) လူမျိုးပေါင်းစုံကွဲပြားမှုကလည်း ကိုင်တွယ်ရခက်တဲ့ အခြေအနေကိုရောက်တဲ့အထိသိပ်များလာတယ်။ (၃) စီးပွားရေးကလည်း ရုပ်ပျက်ဆင်းပျက် ယိုယွင်းနေတယ်။ ဆင်းရဲတဲ့သူကဆင်းရဲနေတာ ပြဿနာသိပ်မရှိပေမယ့် အထည်ကြီးပျက်ကျတော့ ပြဿနာရှိတယ်။ ဆင်ပိန်ရင် ကျွဲလို့ ပြောကြတယ်၊ ဒါပေမယ့် ဆင်သာတကယ် ကျွဲလောက်ပိန်ကြည့်ပါလား၊ အသက်ထွက်သွားမှာပေ့ါ။ လန်ဒန်နဲ့ နှိုင်းစာကြည့်ဖို့ကျ အဲဒီအခြေအနေသုံးရပ်ကိုနည်းနည်းများထည့်တွက်ဖို့ လိုမလားမသိဘူး။

[သည်နေရာအရောက်မှာဆွေးနွေးသူနောက်တစ်ဦးပေါ်လာပါတယ်။ စိတ်ဝင်စားစရာကောင်းတာကတိုးလာတဲ့ ဆွေးနွေးသူကလည်းမေ့လိုပဲ စာဖတ်နာသူမိန်းကလေးတစ်ဦး ဖြစ်နေတာပါပဲ။]

**လင်း** - ပညာရှင်တွေ အဆိုအရကတော့ အနောက်ဥရောပရဲ့ လက်ရှိ ပြဿနာတွေကိုခရစ်ယာန်စံနဲ့ဗဟုယဉ်ကျေးမှုဝါဒတို့ထိပ်တိုက်တွေ့တာလို့လည်းဆိုတယ်။ အင်္ဂလန်ကတော့ အစိုးရရဲ့ ခေတ်အဆက်ဆက် ဒီကိစ္စတွေကိုဇစ်မြစ်ကအစလိုက်ပြီးမပြုပြင်ခဲ့တာရဲ့ အကျိုးဆက်ပါဘဲ။ ဟိုတစ်နေ့ကတော့ ထိုနီဘလဲ (၁၉၉၇ မှ ၂၀၀၇ အထိ ဗြိတိန် ဝန်ကြီးချုပ် ဖြစ်ခဲ့သူ)ပြောသွားသေးတယ်။ ကြဉ်တာနဲ့လူမှုရေးအရပိတ်ပင်တားဆီးတာတွေကို။ သူသည်လည်းပဲအောက်ခြေကနေစပြင်ရမှာဘဲ။ အခြေခံကျတဲ့ မူဝါဒတွေရေးပြီးဆင်းရဲနွမ်းပါးတဲ့ လူတန်းစားတွေနေရာမှာဘာတွေ လုပ်ပေးနိုင်မလဲဆိုတာကိုစိန်ခေါ်နေတာပဲလေ။ သည်လိုပဲ၊ မြန်မာပြည်မှာလဲအသင်းအဖွဲ့ လုပ်ကိုင်မှု စိတ်ဓာတ်တွေ ရှိပေမဲ့လည်း အသင်းအဖွဲ့နဲ့နေရင်၊ လုပ်ရင် ဘယ်လိုကျင့်ကြံရမယ်ဆိုတဲ့နည်းနာတွေရှိတယ်။ ဘယ်လိုစိတ်ဓာတ် တည်ဆောက်မှုနဲ့မှ ရမယ်ဆိုတာတွေလည်းရှိတယ်။ အဲလိုစိတ်နေစိတ်ထားတွေကအလေ့အကျင့် မရသေးဘူး။ ဒါကလည်းအသင်းအဖွဲ့ကိုစိုက်လိုက်မတ်တပ် အားမပေးခဲ့တာတွေ၊လွတ်လပ်တဲ့ အဖွဲ့အစည်းတည်ထောင်မှု ပိတ်ပင်ခဲ့တာတွေရဲ့ အကျိုးဆက်တွေပဲ။ ကျွန်မထင်တာက ကလေးတွေကစလို့ အသင်းအဖွဲ့တွေ ပါဝင်နိုင်အောင် ခေါင်းဆောင်မှု အရည်အသွေးတွေကို အခြေခံကျောင်းကစလို့ မြှင့်တင်ပေးမယ်၊ ရပ်ကွက်လိုက်လည်း ရှိမယ်ဆိုရင် ပြောင်းလဲလာနိုင်တာပဲ။ ဆရာပြောသလိုနှစ်လေးဆယ် ငါးဆယ် မကတော့ ရင်းရမှာပဲ။ ဒါတောင် မူဝါဒအပြောင်းအလဲမရှိဘဲခိုင်မာတဲ့ ဖွံ့ဖြိုးတိုးတက်ရေးရေရှည် စီမံကိန်းမှ ဖြစ်မယ်။ အနောက်ဥရောပကတော့ ပြဿနာတစ်မျိုးပါ။

**မေ** - ဟုတ်ကဲ့ဆရာ-ဆရာသုံးသပ်ပြတာကျေးဇူးတင်ပါတယ်။အဲဒါ စစ ဖြစ်တုန်းက ကျွန်မတော်တော်ကိုအံ့ဩတာ။တိုင်းပြည်ဟာဘယ်လောက်ပဲ ဖွံ့ဖြိုး ဖွံ့ဖြိုး၊ ပညာရေးဘယ်လောက်ကောင်းကောင်း ဆင်းရဲတဲ့သူဆင်းရဲနေသ၍ အဲဒီလူတန်းစားကိုဆွဲမတင်နိုင်သ၍ သည်လိုမျိုးဖြစ်တယ်ဆိုပြီး ကျွန်မကအစိုးရရဲ့ လူမှုရေးမူဝါဒအရေးပါတာကိုတွေးနေမိတာ။ အင်္ဂလန်လိုနိုင်ငံမျိုးမှာတောင် စီးပွားပျက်ကပ်ကိုမခံနိုင်ပဲအခုလိုဖြစ်သွားတဲ့ စာရိတ္တယိုယွင်းမှုကိုလည်းဆင်ခြင်နေမိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့နိုင်ငံအနေနဲ့ ဦးစားပေးစဉ်းစားဖို့ကတော့ ဆရာပြောသလိုပညာရေးပဲဖြစ်မှာပါ။

**နုပ်** - ဒ့ါကြောင့် အာရှသားတွေ စဉ်းစားတတ်ကဲ့လားကိုရေးခဲ့တဲ့ မာဘူဘာနီက ပြောတာပဲလေ။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရည်အချင်းရှိသူကိုနေရာပေးတဲ့စနစ် (meritocracy)၊ ငြိမ်းချမ်းရေးနဲ့ ဖြောင့်မတ်မှုကဒီမိုကရေစီထက် ပိုအရေးကြီးတယ်တဲ့။

**မေ** - ပြောရရင်တော့ ဒီမိုကရေစီကပညတ် သဘောတရား။ ဟိုဆရာပြောတာတွေကပရမတ်သဘောတရား။လိုနေတာပရမတ်သဘောတရားပေ့ါနော်။

သည်နောက်မှာတော့ ဆွေးနွေးတာကရပ်သွားပါတယ်။ ကျေးဇူးတင်စကားတွေ အပြန်အလှန်ပြောရင်းနဲ့ "လင်း"ဆိုတဲ့ တစ်ယောက်က"အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှု မထွန်းကားတာလည်းစိတ်ဓာတ် ကျစရာပါ"လို့ ရေးသွားပါသေးတယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့က အကြောင်းအရာတစ်ရပ်ကို ကျကျနန ဆွေးနွေးမယ့်အစား ကိုယ့်အဆိုအနိုင်ရရေးကိုပဲဇောင်းပေးချင်တဲ့ ညဉ်လေးတွေ ကိုယ်စီကိုယ်ငနဲ့ ဖြစ်နေတာလေးကိုလည်း ပြင်သင့်တယ် ထင်ပါတယ်။ ဗမာမှာတော့ ခေါင်းချင်းရိုက်ဆွေးနွေးတယ်လို့ ပြောတတ်ကြပါတယ်။သို့သော်ငြား စကားမှာတော့ ဦးနှောက်မှန်တိုင်းဆင်တယ်ပေ့ါဗျာ။ ကိုယ်မှန်တယ်၊ သူမှားတယ်ဆိုတာထက် ဘက်စုံထောင့်စုံအောင် ငြင်းခုန် ပြောဆိုအဖြေရှာကြတဲ့ သဘောပါ။ ပုဂ္ဂိုလ်ရေးတွေ မပါဘဲ၊ အနိုင်အရှုံးတွေမပါဘဲအကောင်းဆုံး အဖြေရအောင် ပိုင်းရှာတဲ့ ဓလေ့လေး ကျွန်တော်တို့ အားလုံးကြားမှာထွန်းကား လာရင်ရောဘယ်လောက်ကောင်းလေမလဲ။

သည်တစ်ပတ်မှာတော့ စာဖတ်သူလူကြီးမင်းများအတွက် တွေးစရာ၊ ဆွေးနွေးစရာအစတွေကိုမရဲတရဲနဲ့ပဲထုတ်ကြည့်လိုက်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာတစ်စုံတစ်ရာတော့ ကျန်ရစ်မယ် ထင်ပါတယ်ခင်ဗျား။

## ရပ်ရွာပြည်သူတို့၏ဘဝတိုးတက်မြင့်မားရေးဟောပြော

**မင်းတပ် ဩဂုတ် ၂၆**

ရပ်ရွာနေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုသည့် လူထုဟောပြောပွဲကို ဩဂုတ်လ တတိယပတ်က မင်းတပ်မြို့နယ် အမ်လောင်း ကျေးရွာတွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးမှူး ဦးလိန်းကီးက နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် ပြည်သူလူထု၏ လူနေမှုဘဝတိုးတက်ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ပေးနေမှုများ၊ ခိုင်မာရှင်သန် ဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးတို့ကို ဟောပြောသည်။

ဆက်လက်၍ မင်းတပ်ခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကီးထန်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး၊ မြို့နယ်အခွန်ဦးစီးမှူး ဦးမာန်ဂေက ပြည်တွင်းအခွန်များ အကြောင်း သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောကြသည်။ **(ခရိုင်ပြန်/ဆက်)**



ဥတုရာသီ တောကိုမှီ၍

## သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ညောင်လေးပင်၌ပြုလုပ်

**ညောင်လေးပင် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ပြုလုပ်သော သဘာဝ ရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂၅ ရက်နံနက်ပိုင်းက မုက္ခမူ ကျေးရွာအတွင်း၌ ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ဦးညီညီထွေး၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးစိုင်းကျော်မြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးဆန်းဝင်း၊ ငါးလုပ်ငန်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကိုပိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ



သည် ငါးမြစ်ချင်း နှစ်သိန်းငါးသောင်း ကျော်အားငါးမျိုးစိုက်ထည့်ပေးခဲ့ ကြောင်းသိရသည်။

**သူရ(ညောင်လေးပင်)**



## သီလရှင်များဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၆**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးမြောက်ရပ်ကွက်ရှိ သီလရှင်လေးများဘိုးဘွားရိပ်သာ၌ ဩဂုတ် ၂၅ ရက် နံနက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကာ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည်။

"ကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေ၊ မြို့နယ်စည်ပင်၊ ကျန်းမာရေးဌာနမှ ဒေါက်တာခင်သူဇာအောင်နဲ့ ကျန်းမာရေးတာဝန်ခံ ဦးဝေယျာဖြိုးအောင်တို့က ဦးဆောင်ပြီး ကျွန်မတို့ရဲ့ မြို့နယ်က အမျိုးသမီးရေးရာနဲ့ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့တွေ၊ ဘိုးဘွားရိပ်သာမှူး စစ္စတာ မေရီဂျိုးစဖင်းနဲ့ စစ္စတာများက ဘိုးဘွားတွေကို တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပေးပါတယ်။ ခြင်ထောင်အလုံး ၁၃၀ ကို လည်းဆေးစိမ်ပေးပါတယ်။ ဂေဟာထဲမှာရှိတဲ့ ဂိုထောင်နဲ့ သစ်ပင်ချုံထဲကိုလည်း ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးခပ်ပေးခြင်းနဲ့ ဘိုးဘွားတွေကို ကြင်ကြင်နာနာ ယုယုယယ နွေးနွေးထွေးထွေး ထမင်းခွံ့ကျွေးခဲ့ကြပါတယ်"ဟု မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေညိုက ပြောသည်။

အဆိုပါသီလရှင်လေးများ ဘိုးဘွားရိပ်သာတွင် ကက်သလစ်ဘာသာဝင် ၆၀၊ ခရစ်ယန်ဘာသာဝင် ၁၁ ဦး၊ ဗုဒ္ဓဘာသာ ၅၆ ဦး၊ ဟိန္ဒူဘာသာဝင် နှစ်ဦး၊ အစ္စလာမ်ဘာသာဝင် တစ်ဦး စုစုပေါင်း ၁၃၀ ရှိကာ စစ္စတာဆရာလေး ၁၈ ပါးနှင့် ရိပ်သာဝန်ထမ်း ၃၀ တို့က ကြပ်မတ်စောင့်ရှောက် ပေးလျက်ရှိကြောင်း သိရသည်။

**၁၉၇**

## ကမ်းပါးပြိုကျမှုအန္တရာယ်ကြောင့် ကြိုတင်ရွှေ့ပြောင်းအိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**တွံ့တေး ဩဂုတ် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် တွံ့တေးမြို့နယ် ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာတိုးမြစ်၊ မအူပင်မြစ်နှင့် တွံ့တေးတူးမြောင်းသုံးပွင့်ဆိုင်နေရာတွင် ရေတိုက်စား၍ ကမ်းပြိုကျမှုအန္တရာယ်ကြောင့် ကြိုတင်ရွှေ့ပြောင်းထားသည့် အိမ်ထောင်စုကိုးစုအား ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးမှူးဦးဝင်းရွှေနှင့် ဝန်ထမ်းများ၊ တွံ့တေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထူးဇော်အောင်တို့မှ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ပံ့ပိုးခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ရွှေ့ပြောင်းအိမ်ထောင်စုဝင်များ စုစုပေါင်း ၂၀ ဦးခန့် တက်ရောက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးမှူးဦးဝင်းရွှေက ရွှေလှေချောင်ကျေးရွာ လမ်းဟောင်းပေါ်တွင် အိမ်ထောင်စုကိုးစုအတွက် Family.Kits22 မျိုးပါ အိတ်ကိုးအိတ်၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ စက္ကူပုံးကိုးပုံး၊ အိမ်ဆောက်ပစ္စည်းဖိုး တစ်အိမ်ထောင်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ကိုးအိမ်ထောင်အတွက် ကျပ် ၁၈၀၀၀၀၊ အိမ်ထောင်စုကိုးစု လူဦးရေ ၄၄ ဦးအတွက် သုံးရက်စာဆန်ဖိုးငွေကျပ် ၃၉၆၀၀ အားထောက်ပံ့ပေးခဲ့ရာ ရွှေ့ပြောင်းအိမ်ထောင်စုများကလက်ခံခဲ့သည်။

**မျိုးလှိုင်(တွံ့တေး)**

## ဆေးလိပ်နှင့် ကွမ်းကြောင့်ဖြစ်သော ရောဂါများအကြောင်း အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်တွင် ဆေးလိပ်နှင့် ကွမ်းကြောင့်ဖြစ်တတ်သော ရောဂါများအကြောင်း အသိပညာပေးခြင်းကို မြို့နယ်ထွေ/အုပ်ရုံးခန်းမ၌ ဩဂုတ်၂၄ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်သက်မာက ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် စပ်လျဉ်းသော ရောဂါများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဒေါက်တာသက်သက်မာက ပြောကြားရာတွင် ယောကျ်ားလေးများတွင် အဖြစ်အများဆုံးကင်ဆာက အဆုတ်ကင်ဆာဖြစ်ကြောင်း၊ အဓိက ဆေးလိပ်ကြောင့်ဖြစ်ကြောင်း၊ လည်ချောင်းကင်ဆာ၊ နှလုံးသွေးကြောကျဉ်းခြင်း ပိတ်ခြင်းများဖြစ်နိုင်ကြောင်း၊ လက်ချောင်း ခြေချောင်းပုပ်တာမျိုးလည်းဖြစ်နိုင်ကြောင်း၊ ဆေးလိပ်ကိုယ်တိုင်မသောက်သော်လည်း ဆေးလိပ်ငွေ့ တစ်ဆင့်ခံ ရှူရှိုက်သူတွင်လည်း အန္တရာယ်ရှိကြောင်း၊ အများပြည်သူနေရာများတွင် ဆေးလိပ်မသောက်ရန် ဝိုင်းဝန်းပညာပေးကြစေလိုကြောင်း၊ ကွမ်းယာတွင် ကွမ်းရွက်က အမောစ်လင် ၄၅ ရာခိုင်နှုန်းပါဝင်ကြောင်း၊ ပိုးသေစေပြီး ကျန်းမာရေးအတွက် အန္တရာယ်မရှိကြောင်း၊ ကွမ်းသီးသီးသန့်တွင်လည်း အန္တရာယ်သိပ်မရှိကြောင်း၊ ကွမ်းသီးကို ကြာရှည်လှောင်ထားသည့်အတွက် မှိုပေါက်ပြီး အသည်းကင်ဆာဖြစ်နိုင်ကြောင်း၊ မှိုသတ်ဆေးသုံးစွဲသည့်အခါ အန္တရာယ်ရှိလာကြောင်း၊ ထုံးကတော့ အရေပြားကိုစားကြောင်း၊ လက်ကိုတောင်စားသည့်ထုံးက ခံတွင်း၊ လည်ချောင်း၊ လျှာအစရှိတဲ့ နူးညံ့သည့် အတွင်းပိုင်းများ ထုံးစားခံရကြောင်း၊ ဆေးရွက်ကြီးကလည်း ဆေးလိပ်ကဲ့သို့ အန္တယ်ဝင်ဖြစ်သည့်အတွက် ကွမ်းယာသည် မီးခိုးမထွက်သည့် ဆေးလိပ်ဟူ၍ပင် ပြော၍ရကြောင်း၊ ဓာတုဗေဒပစ္စည်းများနှင့် ပေါင်းပြီးစားသုံးမှုကလည်း ကင်ဆာဖြစ်စေနိုင်ကြောင်း၊ ထုံးနဲ့ ဆေးရွက်ကြီးပေါင်းရင် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာဖြစ်နိုင်ကြောင်း၊ အားလုံးပေါင်း၍ ဓာတ်ပြုခြင်းဖြစ်၍ ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ အစာအိမ် ကင်ဆာတွေဖြစ်နိုင်ကြောင်း၊ ပတ်ဝန်းကျင်ကိုလည်း ညစ်ပတ်စေကြောင်း၊ ငွေရေးကြေးရေးအရလည်း ထိခိုက်စေကြောင်း ပြောကြားခဲ့သည်။

**မြို့နယ် ပြန်/ဆက်**

## မတ္တရာမြို့မဈေး၌ အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု စစ်ဆေး

**မတ္တရာ ဩဂုတ် ၂၆**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် အာဟာရရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုအဖြစ် မြို့မဈေးအတွင်းရှိ ဈေးဆိုင်များတွင်ရောင်းချသော အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ-မရှိကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မတ္တရာမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ကျောင်းကျန်းမာရေးနှင့် အာဟာရဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစောယုခိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ခင်ကြည်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုနှုန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## ဖာလိုင်-ပန်ပက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကွင်းဆင်းစစ်ဆေး

**ဖယ်ခုံ ဩဂုတ် ၂၆**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဖာလိုင်-ပန်ပက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဩဂုတ် ၂၄ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ရီလုံရီကန်ကျေးရွာအုပ်စုရှိ ဖာလိုင်-ပန်ပက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း လမ်းအရှည် (၁)မိုင်ကို ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၇၇၀ ဒသမ ၉ သိန်းဖြင့် နေရောင်ခြည်ဦးကုမ္ပဏီမှ တင်ဒါအောင်မြင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းအားသွားရောက်စစ်ဆေးရာတွင် နေရောင်ခြည်ဦးကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြခဲ့ကြပြီး လုပ်ငန်းအရည်အသွေး ပြည့်ဝစေရေး လိုအပ်သည်များ မှာကြားခဲ့သည်။

**ကိုထွေး**

## ဝါးခယ်မတွင် (၂၁) ရာစု ပင်လုံညီလာခံကြိုဆိုထောက်ခံ

**ဝါးခယ်မ ဩဂုတ် ၂၆**

မကြာမီ ကျင်းပပြုလုပ်တော့မည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံကိုကြိုဆိုထောက်ခံပွဲကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ဩဂုတ် ၂၅ ရက် နံနက်က ကျင်းပပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအောင်မြင်ရေး၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး ကြွေးကြော်ကာ မြို့နယ်အတွင်းသို့ လူဦးရေ ၁၅၀ ခန့် စီတန်းလှည့်လည် ကြိုဆိုထောက်ခံခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



## မိုးနဲမြို့ ကင်တုံကျေးရွာရှိ ပြည်သူများအတွက် ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်း

**မိုးနဲ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့ အရှေ့ဘက်ရှိ နမ့်တွန်ချောင်း ရေကြီး၊ ရေလျှံမှုကြောင့် နောင်မြိုင်းကျေးရွာအုပ်စု ကင်တုံကျေးရွာအနိမ့်ပိုင်းရှိ အိမ်ခြေ ၆၅ အိမ်ခန့်နှင့် အခြေခံပညာစာသင်ကျောင်း နှစ်ကျောင်းတို့တွင် ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တာဝန်ရှိသူများမှ ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက ကွင်းဆင်းသွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သောကူညီဆောင်ရွက်မှုများ ကြိုတင်ပြင်ဆင်ထားရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ နမ့်ခုံးရှမ်းများပရဟိတအသင်းမှတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ ပူးပေါင်း၍ ရေများဝင်ရောက်ခဲ့သော ကင်တုံကျေးရွာရှိ ပြည်သူများ သောက်ရေနှင့် အစားအစာ ပြတ်လပ်မှုမရှိစေရေးအတွက် သောက်ရေသန့်ဘူးကြီး ၁၀၀ ဘူးနှင့် မာမီးခေါက်ဆွဲခြောက် ၂၅ ဖာကို ကျေးရွာအရောက်သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ နောင်ကျော့အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ကင်တုံကျေးရွာနားခါး အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းတို့မှာ ရေများဝင်ရောက်မှုကြောင့် ဩဂုတ် ၂၄ ရက်မှစ၍ ခေတ္တပိတ်ထားရပြီး လယ်မြေဧက ၂၂၅ ဧကခန့်ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပရီမီယာလိဂ်ရင်ခုန်သံ - ၃

# ပိုက်ဟတ်လိုင်းမှာအနိုင်ရဖို့ခက်တဲ့ လီဗာပူး

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်-၂ မှာတော့ အာဆင်နယ်၊ လက်စတာတို့ နိုင်ပွဲမရခဲ့သလို နာမည်ကြီးလီဗာပူးကလည်း ဘန်လေကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ အဆိုပါအသင်းတွေ နိုင်ပွဲပြန်လည်ရယူသွားနိုင်မလားဆိုတာက စောင့်ကြည့်ချင်စရာကောင်း မွန်နေပါတယ်။

**ရှိုင်းမင်းမင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| အီဗရာဟီမိုဗစ်ချ်(မန်ယူ) | ၃ဂိုး |
| အဂူရို(မန်စီးတီး) | ၃ဂိုး |
| စတူဝါရီ(မစ်ဒယ်ဘရော့) | ၂ဂိုး |
| နိုလီတို(မန်စီးတီး) | ၂ဂိုး |
| ကော်စတာ(ချယ်လ်ဆီး) | ၂ဂိုး |
| ကော်တင်ဟို(လီဗာပူး) | ၂ဂိုး |



ပွဲစဉ် (၂)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၂ | ၂ | ၀ | ၀ | ၆ | ၂ | ၄ | ၆ |
| ၂ | မန်ယူ | ၂ | ၂ | ၀ | ၀ | ၅ | ၁ | ၄ | ၆ |
| ၃ | ဟားလ်စီးတီး | ၂ | ၂ | ၀ | ၀ | ၄ | ၁ | ၃ | ၆ |
| ၄ | ချယ်လ်ဆီး | ၂ | ၂ | ၀ | ၀ | ၄ | ၂ | ၂ | ၆ |
| ၅ | အဲဗာတန် | ၂ | ၁ | ၁ | ၀ | ၃ | ၂ | ၁ | ၄ |
| ၆ | မစ်ဒယ်ဘရော့ | ၂ | ၁ | ၁ | ၀ | ၃ | ၂ | ၁ | ၄ |
| ၇ | စပါး | ၂ | ၁ | ၁ | ၀ | ၂ | ၁ | ၁ | ၄ |
| ၈ | ဘန်လေ | ၂ | ၁ | ၀ | ၁ | ၂ | ၁ | ၁ | ၃ |
| ၉ | ဝက်စ်ဘရွန်း | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၀ | ၃ |
| ၁၀ | ဝက်စ်ဟမ်း | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၀ | ၃ |
| ၁၁ | လီဗာပူး | ၂ | ၁ | ၀ | ၁ | ၄ | ၅ | -၁ | ၃ |
| ၁၂ | ဆွမ်ဆီး | ၂ | ၁ | ၀ | ၁ | ၁ | ၂ | -၁ | ၃ |
| ၁၃ | အာဆင်နယ် | ၂ | ၀ | ၁ | ၁ | ၃ | ၄ | -၁ | ၁ |
| ၁၄ | ဝက်ဖို့ဒ် | ၂ | ၀ | ၁ | ၁ | ၂ | ၃ | -၁ | ၁ |
| ၁၅ | လက်စတာ | ၂ | ၀ | ၁ | ၁ | ၁ | ၂ | -၁ | ၁ |
| ၁၆ | ဆောက်သမ်တန် | ၂ | ၀ | ၁ | ၁ | ၁ | ၃ | -၂ | ၁ |
| ၁၇ | စတုတ် | ၂ | ၀ | ၁ | ၁ | ၂ | ၅ | -၃ | ၁ |
| ၁၈ | ဆန်းဒါးလန်း | ၂ | ၀ | ၀ | ၂ | ၂ | ၄ | -၂ | ၀ |
| ၁၉ | ပဲလေ့စ် | ၂ | ၀ | ၀ | ၂ | ၀ | ၂ | -၂ | ၀ |
| ၂၀ | ဘုန်းမောက် | ၂ | ၀ | ၀ | ၂ | ၁ | ၄ | -၃ | ၀ |

### စပါး - လီဗာပူး
**ည ၆း၀၀ (၂၇-၈-၁၆)**

ပွဲစဉ်-၂ မှာလီဗာပူးက ဘန်လေကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲ မှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ပဲလေ့စ်ကိုအနိုင်ရခဲ့တဲ့ စပါးခြေကလည်းကောင်းမွန်မှုရှိနေပြီး အိမ်ကွင်းအားနဲ့လည်း ဖိအားပေးကစားသွားမှာဖြစ်လို့ လီဗာပူးတို့ ဒီပွဲမှာလည်း ကစားရခက်ခဲနိုင်ပါတယ်။ အထူးသဖြင့် လီဗာပူးခံစစ်က လက်ရှိအချိန်အထိတည်ငြိမ်မှုမရှိသေးတာကြောင့် ဒီပွဲမှာလည်းလီဗာပူးတို့ သရေလောက်ပဲရမယ်။

### ပဲလေ့စ် - ဘုန်းမောက်
**ည ၈း၃၀ (၂၇-၈-၁၆)**

နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့ ပဲလေ့စ်ဟာ အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ပဲလေ့စ်တိုက်စစ်မှာ ဘန်တီကီပါဝင်လာနိုင်တာကြောင့် ထိုးဖောက်ကစားပုံ ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိသလို အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းက အားနည်းတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ပဲလေ့စ်တို့နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဝက်ဖို့ဒ် - အာဆင်နယ်
**ည ၈း၃၀ (၂၇-၈-၁၆)**

ချယ်လ်ဆီးနဲ့ ကစားခဲ့တဲ့ ပွဲစဉ်မှာရှုံးပွဲကြုံခဲ့ရတာမှန်ပေမယ့်လည်း ဝက်ဖို့ဒ်ရဲ့ အသင်းလိုက် ကစားပုံကတော့ ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကတည်ငြိမ်မှုရှိသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့် အာဆင်နယ်အနေနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဒီပွဲစဉ်မှာလည်း ခက်ခဲစွာရင်ဆိုင်သွားရဖို့ရှိနေပါတယ်။ အာဆင်နယ်အနေနဲ့ ဒီပွဲမှာ လူစုံအသုံးပြုလာနိုင်ပေမယ့်လည်း ဝက်ဖို့ဒ်ရဲ့ခံကစားအားကြောင့် ဂိုးပြတ်နိုင်ဖို့ခက်မယ်။

### ချယ်လ်ဆီး - ဘန်လေ
**ည ၈း၃၀ (၂၇-၈-၁၆)**

ချယ်လ်ဆီးဟာ အဖွင့်နှစ်ပွဲစလုံးခက်ခဲစွာ ကစားခဲ့ရပေမယ့် အဆိုပါ ပွဲတွေမှာနိုင်ပွဲရယူနိုင်ခဲ့တဲ့အထိ အသင်းလိုက်ကစားပုံကောင်းမွန်ခဲ့သလိုနိုင်လိုစိတ်လည်းပြင်းထန်မှု ရှိတာတွေ့ရပါတယ်။ ဒီပွဲမှာလည်း ချယ်လ်ဆီးတို့ အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲဆက်နိုင်ဖို့အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဘန်လေကတော့ လီဗာပူးကိုအနိုင်ရခဲ့တာမှန်ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ခြေစွမ်းပိုင်းကတည်ငြိမ်မှုအား နည်းတတ်ပါတယ်။ အထူးသဖြင့် ချဲလ်ဆီးရဲ့ထိုးဖောက်ကစားပုံက ကောင်းမွန်နေတာကြောင့် ချယ်လ်ဆီးပဲအနိုင်ရဖို့သေချာပါတယ်။

### အဲဗာတန် - စတုတ်
**ည ၈း၃၀ (၂၇-၈-၁၆)**

စတုတ်က အဖွင့်မှာ မစ်ဒယ်ဘရော့နဲ့ သရေကျခဲ့ရသလို ဒုတိယပွဲမှာလည်း မန်စီးတီးကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲမဲ့နေဆဲဖြစ်ပါတယ်။ ဒါကြောင့်လည်း စတုတ်တို့ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် အဲဗာတန်ခြေကလည်းထင်သလောက်ကောင်းမွန်မှုမရှိသေးတာကြောင့် စတုတ်သာ နိုင်ပွဲရယူနိုင်ဖို့ မာကျောမှုနဲ့ အားစိုက်ကစားလာရင်အဲဗာတန်အခက်တွေ့ကာ နိုင်ရင်တောင်မှပြတ်သားဖို့ခက်တယ်။

### ဆောက်သမ်တန် - ဆန်းဒါးလန်း
**ည ၈း၃၀ (၂၇-၈-၁၆)**

နှစ်ပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် ဆောက်သမ်တန်ဟာ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိရာသီအဖွင့်ကာလမှာ ဆောက်သမ်တန်ရဲ့ကစားပုံက ကောင်းမွန်မှုမရှိဘူးဆိုပေမယ့်လည်း ဆန်းဒါးလန်းရဲ့ လက်ရှိခြေကလည်း တည်ငြိမ်မှုမရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာဆောက်သမ်တန်တို့ အခွင့်အရေးရနိုင်ပါတယ်။ ဆောက်သမ်တန်တို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

### လက်စတာ - ဆွမ်ဆီး
**ည ၈း၃၀ (၂၇-၈-၁၆)**

နှစ်ပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် ချန်ပီယံလက်စတာဟာ ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်သလို အာဆင်နယ်နဲ့ပွဲမှာလည်း အသင်းလိုက် ကစားပုံကောင်းမွန်ခဲ့တာတွေ့ရပါတယ်။ ဆွမ်ဆီးကတော့ ဟားလ်စီးတီးကို ရှုံးနိမ့်ခဲ့ရသလိုခြေစွမ်းပိုင်းအားနည်းနေကာ တိုက်စစ်ပိုင်းက သာမန်ထက် မပိုပါဘူး။ လက်စတာနိုင်ပွဲစရမှာပါ။

### ဝက်စ်ဘရွန်း - မစ်ဒယ်ဘရော့
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

ဒုတိယပွဲစဉ်မှာ အဲဗာတန်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဝက်စ်ဘရွန်းတို့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ အိမ်ကွင်းဖြစ်သလို ဝက်စ်ဘရွန်းကအိမ်ကွင်းပွဲတွေမှာလည်း ကစားပုံကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းမှာ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် အသင်းလိုက်ဟန်ချက်ကို ထိခိုက်နိုင်တာသတိပြုရပါမယ်။ မစ်ဒယ်ဘရော့ကလည်း ခံစစ်အားပြုကစားမှာဖြစ်လို့ ဝက်စ်ဘရွန်းအခက်တွေ့နိုင်ပြီး သရေတောင်ကျနိုင်တယ်။

### ဟားလ်စီးတီး -မန်ယူ
**ည ၁၁း၀၀ (၂၇-၈-၁၆)**

ဟားလ်စီးတီးခြေက လျှော့တွက်ဖို့ ခက်ပါတယ်။ အဖွင့်မှာလက်စတာ ကိုအနိုင်ရခဲ့သလို ဒုတိယပွဲစဉ်မှာလည်း ဆွမ်ဆီးကို ထပ်မံအနိုင်ရယူနိုင်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းကလည်း ကောင်းမွန်မှုရှိသလို အိမ်ကွင်းလည်းဖြစ်နေတယ်။ ဒါပေမယ့် မန်ယူခြေကလည်း ကောင်းမွန်နေသလို တိုက်စစ်ပိုင်းက ဂိုးသွင်းခြေရှိနေတာကြောင့် ဟားလ်စီးတီးတို့အခက်တွေ့နိုင်ပါတယ်။ မန်ယူကပ်ပြီးနိုင်မယ်။

### မန်စီးတီး - ဝက်စ်ဟမ်း
**ည ၉း၃၀ (၂၈-၈-၁၆)**

ဝက်စ်ဟမ်းခြေက ကောင်းမွန်မှုရှိပါတယ်။ ဒီပွဲစဉ်မှာလည်းရလဒ်ပိုင်းကောင်းမွန်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ မန်စီးတီးကတော့ စတုတ်ကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းက ထက်မြက်လွန်းတယ်လို့မဆိုနိုင်ပါဘူး။ အထူးသဖြင့် မန်စီးတီးကွင်းလယ်ဟာ ကစားပုံသာမန်သာရှိတာကြောင့် ဝက်စ်ဟမ်းလိုမာကျောပြီးလျင်မြန်တဲ့အသင်းကို အသာရဖို့ ရုန်းကန်ရမှာပါ။

## နိုင်ပွဲဆက်ရလဒ်တွေကို ဆက်ထိန်းသိမ်းသွားရန် ကွန်တီတိုက်တွန်း

ယခုနှစ်ဘောလုံးရာသီ ပရီမီယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်နှစ်ပွဲတွင် နှစ်ပွဲစလုံး အနိုင်ရလဒ် ရယူနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းသားများအား နည်းပြသစ်ကွန်တီ အဆိုပါနိုင်ပွဲဆက်ရလဒ်တွေကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း တိုက်တွန်း စကားပြောကြားသွားခဲ့သည်။

နည်းပြသစ်ကွန်တီ၏ ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်နှစ်ပွဲအဖြစ် ဝက်စ်ဟမ်း၊ ဝက်ဖို့ဒ်တို့နှင့်ကစားခဲ့ရာ အနိုင်ရလဒ်များရယူနိုင်ခဲ့သည်။ လာမည့်ဩဂုတ် ၂၇ ရက် (စနေနေ့) တွင် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ်(၃)အဖြစ် အိမ်ကွင်းတွင် ဘန်လေကို ဧည့်ခံကစားရမည်ဖြစ်၍ နိုင်ပွဲဆက်ရလဒ်ကို ဆက်ထိန်းသွားရန် တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

“ပရီမီယာလိဂ်အဖွင့်ပွဲစဉ် နှစ်ပွဲရဲ့ အနိုင်ရလဒ်ဟာ ချယ်လ်ဆီးအသင်းကို ယုံကြည်မှုရှိစေခဲ့တယ်။ လာမယ့် ပွဲစဉ်တွေလည်း ရလဒ်ကောင်းတွေဆက်ပြီး ရယူဖို့ ယုံကြည်မှုတွေ ရှိနေပါတယ်။ အသင်းသားတွေ ကိုလည်း နိုင်ပွဲဆက်ရလဒ်ကောင်းကို ဆက်ပြီး ထိန်းသိမ်းသွားဖို့ တိုက်တွန်းထားတယ်”ဟု နည်းပြသစ်ကွန်တီက ဖွင့်ဟပြောကြားသွားခဲ့သည်။

**ဝင်းထွန်းဦး**

## နွေဈေးကွက် မပိတ်သိမ်းမီ ဖြစ်လာနိုင်သည့် ပရီမီယာလိဂ်အပြောင်းအရွှေ့များ

နွေဈေးကွက် ပိတ်သိမ်းဖို့ နီးကပ်လာချိန်မှာ အသင်းတွေရဲ့ဈေးကွက် ဖြန့်ကျက်မှုကလည်း ပိုပြီးတော့ တောင်ခြေလှမ်း သွက်လာတယ်လို့ ပြောလို့ရပါတယ်။ ဒီတော့ ဈေးကွက်မပိတ်ခင် ဘယ်ကစားသမားတွေ ပရီမီယာလိဂ်ကိုရောက်လာပြီး ဘယ်သူတွေ ထွက်ခွာနိုင်သလဲဆိုတာ အကျဉ်းအနေနဲ့ တင်ပြလိုက်ပါတယ်။

| ကစားသမားအမည် | ကစားသည့်နေရာ | ထွက်ခွာနိုင်သည့် အသင်း(မှ) | ရောက်ရှိနိုင်သည့် အသင်း(သို့) |
|---|---|---|---|
| မူစတာဖီ | နောက်တန်း | ဗလင်စီယာ | အာဆင်နယ် |
| တစ်ဆားရန့် | နောက်တန်း | မိုနာကို | အာဆင်နယ် |
| ဂျိုးဟတ် | ဂိုး | မန်စီးတီး | လီဗာပူး |
| အမ်နူဒူ | တိုက်စစ် | မာဆေးလ် | စပါး |
| ရိုမက်ဂ်နိုလီ | နောက်တန်း | အေစီမီလန် | ချယ်လ်ဆီး |
| ကူလီဘလီ | နောက်တန်း | နာပိုလီ | ချယ်လ်ဆီး |

**မေလှဲ့သင်း**

## မအူပင်မြို့တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**မအူပင် ဩဂုတ် ၂၆**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အောင်ဟိတ်ကျေးရွာအုပ်စု ချောင်းဖျားကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းနောက်ဘက်ရှိ မိုးစပါးစိုက်ပျိုးထားသည့် စိုက်ဧက ၂၃၀ စပါးစိုက်ခင်းများအတွင်း မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် အောင်ဟိတ် ငါးသားဖောက်စခန်းတို့က ငါးခုံးမ၊ ရွှေဝါငါးကြင်း စုစုပေါင်း အကောင်ရေ ၁၁၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြောင်း သိရသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနှင့် တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသက်ကိုလေး၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ဦးနှင့် ဝန်ထမ်းများ၊ အောင်ဟိတ်ငါးသားဖောက်စခန်းတာဝန်ခံ ဦးအောင်မြင့်မိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **မအူပင်ခရိုင် (ပြန်/ဆက်)**

## ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောင်ရွက်

**ဖားကန့် ဩဂုတ် ၂၆**
မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်းရှိ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ယခုလ ဒုတိယပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းဆွေဦးနှင့် ဝန်ထမ်းများက ကာမိုင်းမြို့နယ်(ခွဲ) လုံးခင်းကျေးရွာအုပ်စုနှင့် ဆိပ်မူကျေးရွာအုပ်စုတို့မှ ကျွဲ၊ နွား ၉၄၃ ကောင်ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ခြောက်လလျှင်တစ်ကြိမ် ထိုးပေးလျက်ရှိရာ ယခုဆောင်ရွက်မှုမှာ ပထမအကြိမ်ဖြစ်ပြီး ကျန်ရှိနေသေးသည့် ကျွဲ၊ နွားများကိုလည်း ကာကွယ်ဆေးထိုးပေးခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# မန္တလေးမြို့ရှိရှေးဟောင်းပေစာများနှင့် ရွှေပိန်းချသေတ္တာများကို လေ့လာနိုင်သောနေရာများ

**ခဲ တိမ်တမန်**

ပေစာများကို အလွယ်တကူလေ့လာနိုင်စေရန် ထိန်းသိမ်းထားသော နေရာနှစ်ခုရှိသည်။ တစ်နေရာမှာ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကန်ပိုင်တောင်ရွာပင်ဖြစ်သည်။ ကန်ပိုင်တောင်ရွာတွင် ကုန်းဘောင်ခေတ် ပုဂံမင်း နှံ့ထိန်းတော် မယ်တော် မယ်ရွှဲဆောက်လုပ်လှူဒါန်းသော ဘုန်းတော်ကြီးကျောင်းရှိသည်။ ထိုကျောင်းတိုက်တွင်ပင် ရှေးဟောင်းပေစာများကို ကုန်းဘောင်ခေတ် ရှေးဟောင်း မှန်စီရွှေချ ရွှေပိန်းချစာတိုက်သေတ္တာများဖြင့် ပေ၊ ပုရပိုက်စာများကို ထိန်းသိမ်းထားသည်။ ထိုပေစာများမှာ မယ်တော် မယ်ရွှဲကျောင်းဆောက်လုပ်စဉ်မှ စပြီးတည်ရှိခဲ့ရာ အဆက်ဆက်ထိန်းသိမ်းလာခဲ့သော ပေစာများပင်ဖြစ်သည်။

လက်ရှိကာလတွင် ပေစာများကို စနစ်တကျ ပေကတ်တလောက်ပုံစံဖြင့် စာရင်းပြုစုထားသည်။ ပေစာအထုပ် ၄၀ ရှိပြီး ပေကတ်တလောက်ပုံစံအမှတ်စဉ် ၀၀၁ မှ ၀၄၀ အထိ မှတ်တမ်းပြုထားသည်။ ပေစာကတ်တလောက်တွင် တိုက်ပိုင်အမှတ်သီရိနန္ဒာကျောင်း၊ မယ်ရွှဲတိုက်၊ နေရာ ပုသိမ်ကြီးမြို့နယ် ကန်ပိုင်တောင်ရွာ၊ မန္တလေးတိုင်းဒေသကြီး ရေးသူ-ဇမ္ဗုဓထေရ် သခ်ရာပြတော်ကြီးမှအစ ကျမ်းအမည် ပေအမျိုးအစား၊ ရေးကူးနှစ်၊ ကူးသည့်နှစ်၊ လိုင်းအရေအတွက်၊ အင်္ဂါ၊ ချပ်ရေ၊ ဘာသာ၊ စာပုံစံ၊ အရွယ်အစား၊ ကျမ်းစ၊ ကျမ်းဆုံး၊ ပညာရပ်၊ မှတ်ချက်များမှအစ ပြည့်စုံစွာရေးမှတ်ကာ မှတ်တမ်းပြုထားသည်။ ယခုအခါရှေးဟောင်းပေစာနှင့် ရွှေပိန်းချသေတ္တာများကို ကန်ပိုင်တောင်ရွာ သီရိနန္ဒာကျောင်း မယ်ရွှဲတိုက်တွင် လေ့လာနိုင်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ပိဋကတ်စာပေများ တတ်ကျွမ်းသည့် ရဟန်းတော်နှင့် လူပုဂ္ဂိုလ်များစွာရှိသော နိုင်ငံဖြစ်သည်။ ရှေးခေတ်က ရေးသားခဲ့ကြသည့် ရှေးဟောင်းစာပေများကိုကြည့်၍ မြန်မာစာပေနှင့် စာပေရေးသားသူတို့၏ အကြောင်းကို လေ့လာနိုင်သည်။ ရှေးဟောင်းပေစာများကို ပေစာထည့်သည့် သစ်သားအံခွက် ရွှေမင်သုတ်များထဲတွင် ထည့်သွင်း၍ တာရှည်ခံအောင်ထားသိုရသည်။ မန္တလေး မဟာမုနိဘုရားကြီး၏ ပိဋကတ်တိုက်တော်ကြီးတွင် ရှေးဟောင်းပေစာ ပိဋကတ်စာများကို လေ့လာနိုင်သည်။ မဟာမုနိ ပိဋကတ်တိုက်တွင် ပေစာများထည့်သည့်ဗီရိုအကြီးရှစ်ခုနှင့် အခြားရှေးဟောင်းပေစာများ၊ စာအုပ်များထားရှိသည့် စာကောင်တာများစွာရှိသည်။

ရှေးဟောင်းပေစာများ ထားရှိရာတွင် (၁) သဒ္ဒါဗျာကရဏ၊ (၂) သုတ္တန္တပိဋက၊ (၃) သုတ္တန္တပိဋက၊ (၄) အဘိဓမ္မပိဋက၊ (၅)ဝိနယပိဋက၊ (၆) ဝိနယပိဋကတို့ကို စနစ်တကျထားရှိ ထိန်းသိမ်းထားသည်ကို တွေ့ရသည်။ အဆိုပါပေစာများသည် မြန်မာစာပေနှင့် မြန်မာစာပေသမိုင်းအတွက် အရေးပါသော ရှေးဟောင်းအမွေအနှစ်များဟုပင် ဆိုနိုင်သည်။ ပိဋကတ်တိုက်တော်အတွင်းတွင် အင်းဝခေတ် သရိုးမန်ကျည်းစေ့၊ ကမ္ဗဝါ၊ ရှမ်းသိုဟန်ဘွားမင်းလက်ထက်တွင် သက္ကရာဇ် (၉၀၁) နှစ် အင်းဝခေတ်ဆင်စွယ် ကမ္ဗဝါ၊ သက္ကရာဇ် (၉၀၁) ခုနှစ်မှ ပေစာများကိုပါ ပိဋကတ်ပေစာများနှင့်အတူ လေ့လာနိုင်ကြောင်း သိရသည်။

## မန္တလေး–မူဆယ်လမ်း ဂုတ်တွင်းလမ်းပိုင်း လမ်းပိတ်ဆို့မှုဖြစ်ပွား



**ကျောက်မဲ ဩဂုတ် ၂၆**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်၊ ဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့ မိုင်တိုင် (၈၄/၁-၂) ကြားတွင် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ၂၂ ဘီး တွဲကား ဂျိုင်းဆက်ပြုတ်၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ မူဆယ်ဘက်သို့ ဆန်တင်ဆောင်လာပြီး ယာဉ်မောင်း ဦးနေဝင်း (၅၃)နှစ် မြင်းခြံမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 4B---- ISZUU (၂၂) ဘီး ခေါင်းဖြူ၊ နောက်တွဲအမှတ် TLR-9643 ယာဉ်သည် ခြောက်ထပ်ကွေ့အတက် မိုင်တိုင် ၈၄/၁-၂ အကြားတွင် ဂျိုင်းဆက်ပြုတ်ကာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါလမ်းပိတ်ဆို့မှု ဖြစ်ပွားရာနေရာသို့ ကျောက်မဲခရိုင် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူးချစ်စိန် ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လမ်းကြောအမြန်ဆုံး ပြန်လည်အသုံးပြုနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျောက်မဲ(ပြန်/ဆက်)**

## စာဖတ်ရှိန်မြင့်မားရေးအတွက် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၂၆**
နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆရာစံ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြင့်မာရေးနှင့် ဉာဏ်ရည်ပွင့်လင်းစေပြီး နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်း စာသင်ဆောင်၌ ပြုလုပ်ခဲ့ရာ ပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပုံပြောပြိုင်ပွဲ အခမ်းအနားသို့ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးခင်မောင်ဦး၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်နှင့် ဝန်ထမ်းများ၊ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဆရာစံမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်အားပေး ကြည့်ရှုခဲ့သည်။

ယင်းနောက် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပုံပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းပြိုင်ပွဲတွင် 'စေတနာကောင်းလျှင် ကံကောင်းသည်' ခေါင်းစဉ်ဖြင့် မဖြူစင်ကျော်က ပထမဆု၊ 'ပညာမဲ့ကအရှက်ကွဲရ' ခေါင်းစဉ်ဖြင့် မောင်ထင်လင်းထွန်းက ဒုတိယဆု၊ 'ကြိုးကြာငှက်နှင့် ဝံပုလွေ' ခေါင်းစဉ်ဖြင့် မယွန်းဝတီကျော်က တတိယဆုနှင့် အထူးဆု (၁)၊ (၂)၊ နှစ်သိမ့်ဆုများအား တာဝန်ရှိသူများက အသီးသီးဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် ကျောင်းသားမိဘများစုပေါင်းကာ ပုံပြောပြိုင်ပွဲဝင်သည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား စာစီစာကုံး စာအုပ်၊ ပုံပြင်စာအုပ်၊ ထီး၊ စတီးချိုင့်၊ ကွန်ပါဘူး၊ လက်ဆွဲခြင်း၊ထမင်းဘူး၊ ထမင်းဘူးအိတ်၊ ရေဘူး၊ ရေဘူးအိတ်တို့ကို ထပ်မံချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ရေဘေးရှောင်ပြည်သူများသို့ ဆက်လက်လှူဒါန်း

**ငါးသိုင်းချောင်း ဩဂုတ် ၂၆**
ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီတိုင်းထွာချက်အရ ၂၅ ဒသမ ၁၀ ပေ စိုးရိမ်ရေအမှတ်အောက် ၂ ပေခန့်သို့ ဆက်လက်ကျဆင်းလျက်ရှိပြီး ယင်းနေ့ နံနက်ပိုင်း၌ ကြံနှစ်ကောင်ဘိလပ်မြေစက်ရုံ မိသားစုများက ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမရှိ သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေး ကော်မတီအလှူခံဌာနသို့ ဆန် ၁၀ အိတ်၊ ငါးသေတ္တာ နှစ်ဖာ၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ မုန့်ခြောက် ၁၅ဖာ၊ ရေသန့် ကတ် ၁၀၀၊ ဦးထုပ်အလုံး ၅၀ နှင့် တီရှပ်အထည် ၅၀ အစရှိသည့် ရေဘေးရှောင်ပြည်သူများအတွက် ရိက္ခာပစ္စည်းများ လာရောက်လှူဒါန်းခဲ့ရာ သက်ဆိုင်ရာကော်မတီတာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြစ်ရေကျဆင်းသွားချိန်အထိ အလှူရှင်အဖွဲ့များမှ ဆက်လက်လာရောက်လှူဒါန်းလျက်ရှိကြရာ ယခုကဲ့သို့ ဆက်လက်လှူဒါန်းလျက်ရှိသောထောက်ပံ့ပစ္စည်းများအား မြို့နယ်အတွင်းရှိရိက္ခာပစ္စည်းရောက်ရှိ ထောက်ပံ့မှုအနည်းဆုံးရေဝင်နစ်မြုပ်ရပ်ကွက်၊ ကျေးရွာအုပ်စုများကို ကော်မတီက စိစစ်၍ဆက်လက်ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ မြစ်ရေများဆက်လက်ကျဆင်းနေပြီဖြစ်သဖြင့် မကြာမီကယ်ဆယ်ရေးအလှူခံဌာနပိတ်သိမ်းသွားမည်ဖြစ်ပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများအားဆက်လက်စုပေါင်းဆောင်ရွက်သွားကြရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းက ပြောသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## Grand Andaman Hotel ဝန်ထမ်းများနှင့် အမေ့အိမ်ပညာရေးကွန်ရက်မှ ကျောင်းသား၊ ကျောင်းသူများ ကော့သောင်းပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေးဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၆**
ခုတင် (၁၀၀) ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ သူဌေးကျွန်း Grand Andaman Hotel ပိုင်ရှင်ဦးကျော်လွင်၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်ဝန်ထမ်းများနှင့် အမေ့အိမ်ပညာရေးကွန်ရက်မှ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကာ သန့်ရှင်းရေး လုပ်ငန်းများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ဆောင်ရွက်မှုတွင် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင် အမှိုက်သရိုက်များ ဖယ်ရှားသန့်ရှင်းပေးခြင်း၊ ဆေးရုံအတွင်းဘက် လူနာကုသဆောင်၊ နားနေဆောင် နံရံနှင့် ဆေးရုံကြမ်းပြင် သန့်ရှင်းရေးလုပ်ငန်းများအား သဘာဝအော်ဂဲနစ်ဆပ်ပြာရည်၊ အော်ဂဲနစ်ပိုးသတ်ဆေးရည်သုံး ကြမ်းတိုက်စက်၊ အညစ်အကြေးစုပ်စက်၊ pressure gun စသည့် ခေတ်မီစက်ကိရိယာများကိုအသုံးပြု၍ လူအင်အား ၈၀ ခန့်ဖြင့် စုပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ကျေးရွာသောက်သုံးရေကန်များသို့ ရေဝင်မှုများသဖြင့် ဇန်နဝါရီလအထိ သောက်သုံးရေဖူလုံနိုင်

**ပခုက္ကူ ဩဂုတ် ၂၆**

ပခုက္ကူမြို့နယ်တွင် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်မှ ညနေ ၄ နာရီခန့်အထိ မိုးရွာသွန်းခဲ့မှုကြောင့် ဒေသတွင်း သောက်သုံးရေကန်များသို့ ရေဝင်ရောက်မှုရှိကြောင်း သိရသည်။

ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာတွင် သောက်သုံးရေကန်နှစ်ကန်ရှိပြီး တောင်ကျစ်ကန်တွင် ၇၅ ရာခိုင်နှုန်းခန့်နှင့် အနောက်ကန်တွင် ၆၀ ရာခိုင်နှုန်းခန့် ရေဝင်ရောက်ခဲ့ကြောင်း ဒေသခံကျေးရွာပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဒေသခံတောင်သူတစ်ဦး၏ပြောပြချက်အရ တောင်ကျစ်ကန်ကို ယခုနွေရာသီတွင် ပြုပြင်မွမ်းမံမှုများလုပ်ခဲ့ပြီး ရေဝင်ဧရိယာမှာ ၁၀ ဧကခန့်ရှိကြောင်း၊ မိုးဦးကာလက မိုးရေ ၂၀ ရာခိုင်နှုန်းခန့် ဝင်ရောက်ခဲ့ကြောင်း၊ ဩဂုတ် ၂၃ ရက်ရွာသွန်းသည့်မိုးကြောင့် ၇၅ ရာခိုင်နှုန်းခန့်ဝင်ရောက်သဖြင့် ဇန်နဝါရီလောက်အထိ သောက်သုံးရေဖူလုံနိုင်ကြောင်း သိရသည်။

ကန်ရေပြည့်ဝင်ပါက မတ်လခန့်အထိ အသုံးပြုနိုင်ကြောင်း သိရပြီး ယမန်နှစ်များက စက်တင်ဘာလလောက်မှသာ ရေဝင်ရောက်တတ်ကြောင်း သိရသည်။

မြောက်လူးကန်ကျေးရွာ ရေတွင်းများမှာ ရေငန်တွင်းများဖြစ်သဖြင့် ကန်ရေကိုသာ သောက်သုံးရေအဖြစ် အဓိကထားသုံးစွဲရပြီး အိမ်ခြေ ၅၀၀ ခန့်နှင့် လူဦးရေ ၂၀၀၀ ကျော်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ခတ္တ)**

## ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းဝယ်ခြင်းဆိုင်ရာနည်းစနစ်သင်တန်း ရန်ကုန်နှင့် မန္တလေးတွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၆**

ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အွန်လိုင်းမှတစ်ဆင့် ရောင်း/ဝယ်ပြုလုပ်လိုသူများအတွက် Myanmar Golden Link မှ ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ရောင်း/ဝယ်ခြင်းဆိုင်ရာ နည်းစနစ်သင်တန်းကို ပထမဦးဆုံးအကြိမ်အဖြစ် ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။




"ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ ရောင်း/ဝယ်ခြင်းဆိုင်ရာနည်းစနစ်သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ညနေ ၄ နာရီခွဲမှ ည ၇ နာရီအထိ ရန်ကုန်မြို့၌လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ မှ ညနေ ၅ နာရီအထိ မန္တလေးမြို့၌လည်းကောင်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များမှာ အွန်လိုင်းအသုံးပြုလျက် နိုင်ငံတကာရေနံဈေးကွက်တွင် ရောင်း/ဝယ်ခြင်း (Introduction to Electronic Financial Trading)၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရောင်း/ဝယ်ခြင်း မိတ်ဆက် (Introduction to Share Trading) CFDs နည်းအသုံးပြုပြီး ရေနံရောင်းဝယ်ခြင်း (Introduction to CFDs) ရေနံဈေးအတက်အကျကို ခန့်မှန်းနည်းစနစ်များ (Technical Approach to Global Financial Marketing) ရေနံရောင်း/ဝယ်ဆိုင်ရာ မဟာဗျူဟာများ (Crude Oil Trading Strategy) ဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း (Risk Management) Trend ကိုကြည့်ပြီး ဈေးအတက်အကျ ခန့်မှန်းနည်းစနစ်များ ဈေးကွက်ရွေ့လျားပုံများနှင့် ဈေးကွက်စိတ်ပညာများ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ထိရောက်အကျိုးရှိစေရန်အတွက် တန်းခွဲတစ်ခုလျှင် လူဦးရေ ၂၀ သာ လက်ခံမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုလျှင်သော်လည်းကောင်း၊ စာရင်းပေးသွင်းလိုလျှင်သော်လည်းကောင်း Myanmar Golden Link (ရန်ကုန်) အမှတ် ၁၈၄၊ ဒုတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း (အောက်ဘလောက်) ရန်ကုန်မြို့၊ ဖုန်း ၀၉-၉၇၄၄ ၁၈ ၄၄၄၊ ၀၉-၇၉၉ ၇၈၈ ၇၉၀၊ (မန္တလေး) အမှတ် (၁၇၅)၊ ပထမထပ်၊ ၂၆-ဘီလမ်း၊ ၈၀×၈၁ လမ်းကြား၊ ၀၉ - ၉၇၄၄ ၁၈ ၅၅၅ ၊ ၀၉-၇၉၉ ၇၈၈ ၇၈၀ Hot Line ၀၉- ၉၇၄၄ ၁၈ ၇၇၇၊ ၀၉-၇၈၃ ၅၅၅ ၇၈၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဇော်မင်းထွန်း**

## ဆားလင်းကြီးမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များပေးအပ်

**ဆားလင်းကြီး ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ဝက်မှေး+ကံတောကျေးရွာနေ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် အဆိုပါကျေးရွာ၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားခဲ့ပြီး မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းအဆင့်ဆင့်အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မြေငှားဂရန် ၂၁၉ ခုကို ပေးအပ်ခဲ့ရာ သက်ဆိုင်ရာပြည်သူများက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဥမ္မာနိုင်(ပြန်/ဆက်)**

## တန်ဖိုးနည်း အာဟာရပြည့် ချက်ပြုတ် သရုပ်ပြပွဲ ယင်းမာပင်၌ကျင်းပ

**ယင်းမာပင် ဩဂုတ် ၂၆**

တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်သရုပ်ပြပွဲ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီခွဲက ယင်းမာပင်မြို့ သာယာအေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိန်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးလွင်နှင့် အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြပြီး ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိန်လင်းက အစာအုပ်စုဆိုင်ရာအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ တန်ဖိုးနည်း အာဟာရပြည့် ချက်ပြုတ်သရုပ်ပြပွဲကို မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်သီတာစမ်းနှင့် မြို့နယ်မိခင်နှင့်ကလေးအဖွဲ့ဝင် နှစ်ဦးတို့က သရုပ်ပြပြီး ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် ကြက်ဥများ ပေးအပ်ခဲ့သည်။

ယင်းနောက် ယင်းမာပင်မြို့ (ခ) ရပ်ကွက်ရှိ အဘွားဒေါ်တူး (၈၉) နှစ်နှင့် (ဂ) ရပ်ကွက်ရှိ အဘိုး ဦးဘစံ (၈၈)နှစ်တို့အား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မေသရဖူဖူး**

## ကျုံပျော်ရေဘေးရှောင်ပြည်သူများအား ထမင်းဘူးများလှူဒါန်း

**ကျုံပျော် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒါးကချောင်းရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၈၃ ရွာတို့တွင် ရေများဝင်ရောက်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းရှစ်ခုဖွင့်လှစ်၍ ဆောင်ရွက်ခဲ့ကာ ဩဂုတ် ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဦးဆောင်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ကယ်ဆယ်ရေးစခန်းနှစ်ခုရှိ ရေဘေးရှောင်ပြည်သူများအား ညနေစာထမင်းဘူးများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

လှူဒါန်းရာတွင် ခဲဘောင်လျှော်ရွှေလျှော်ထုတ်စက်ရုံ ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးရှောင်ပြည်သူ ၃၀၁ ဦးနှင့် မြတ်ချမ်းသာဘုရားတန်ဆောင်းရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးရှောင်ပြည်သူ ၉၈ ဦးတို့အား လှူဒါန်းခဲ့ပြီး ဒေသအသီးသီးမှ အလှူရှင်များကလည်း ရေဘေးရှောင်ပြည်သူများအား အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများအား လာရောက်လှူဒါန်းလျက်ရှိကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မုံရွာမူလတန်းကြိုကျောင်းတွင် ရင်သွေးငယ်လေးများအား ဉာဏစွမ်းရည်ဖွံ့ဖြိုးစေရန် ကျောင်းတွင်းပန်းချီပြိုင်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၂၆**

ရင်သွေးငယ်လေးများ လက်ချောင်းများသန်မာစေပြီး စာရေးရာတွင် အထောက်အကူဖြစ်စေရန်၊ မျက်စိနှင့်လက် ဘက်ညီစွာ လှုပ်ရှားဆောင်ရွက်တတ်စေရန်၊ ဉာဏစိတ်ကူးဉာဏ် ရင့်သန်စေရန်ရည်ရွယ်၍ ကျောင်းတွင်းပန်းချီပြိုင်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ မုံရွာမူလတန်းကြိုကျောင်း၌ ပြုလုပ်ခဲ့သည်။

"ရင်သွေးငယ်လေးတွေ ဉာဏစွမ်းရည်ဖွံ့ဖြိုးစေဖို့အတွက် ဒီနေ့မှာ စိတ်ကူးယဉ်ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲ၊ လက်ချောင်းပန်းချီပြိုင်ပွဲ စတဲ့ပြိုင်ပွဲအမျိုးအစားသုံးမျိုးကို ယှဉ်ပြိုင်လျက်ရှိပါတယ်။ သူတို့လေးတွေကို အပတ်စဉ် သင်ကြားမှုအချိန်ဇယားမှာလည်း လက်မှုပန်းချီသင်ချိန်တွေနဲ့ ခေါင်းစဉ်အလိုက် ပုံတွေ ရေးဆွဲစေပါတယ်။ ယခုလို ပြိုင်ပွဲမကျင်းပခင်မှာ သုံးပတ်ကြိုတင်ပြီး အငယ်တန်းကို ဆေးရောင်ခြယ်ပုံ တစ်ပြေးညီ သတ်မှတ်စေပြီး အကြီးတန်းတွေကို လက်ချောင်းပန်းချီနှင့် စိတ်ကူးယဉ်ပန်းချီကို ကြိုက်ရာပုံ လေ့ကျင့်ပြီးမှ ယခုလို ပြိုင်ပွဲလေးကို ကျင်းပပေးခြင်း ဖြစ်ပါတယ်" ဟု မုံရွာမူကြိုမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်က ပြောသည်။

"ကျွန်မတို့ကျောင်းမှာ ရင်သွေးငယ်တွေကို ဖွံ့ဖြိုးမှုငါးရပ်ကို ဦးတည်ပြီးသင်ကြားပေးလျက် ရှိပါတယ်။ မိဘတွေကို ကလေးဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး သုံးလတစ်ကြိမ် ကျောင်းမှာ မိဘ၊ ဆရာ တွေ့ဆုံပွဲလေးပြုလုပ်ပြီး ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုဆွေးနွေး ဆောင်ရွက်ခြင်းဖြင့် မိဘတွေက ကလေးတွေရဲ့ တိုးတက်မှုအခြေအနေကို လေ့လာသိရှိစေပြီး လိုအပ်နေတဲ့အပိုင်းတွေမှာ ဆက်လက်ပံ့ပိုးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အိမ်မှာပဲနေနေ၊ ကျောင်းမှာပဲနေနေ နေရာတိုင်းမှာ ရင်သွေးငယ်လေးတွေအတွက် သင်ယူစရာတွေရှိနေတော့ ကလေးတွေရဲ့ ဖွံ့ဖြိုးမှုအပိုင်းတွေမှာ မိဘတွေအနေနဲ့ကလည်း ပူးပေါင်းပါဝင်ဖို့လိုအပ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါ မူကြို၏ ကျောင်းတွင်းပန်းချီပြိုင်ပွဲတွင် ရင်သွေးငယ် ၁၆၅ ဦးမှ ဝင်ရောက်ယှဉ်ပြိုင်ကြကာ စိတ်ကူးယဉ်ပန်းချီပြိုင်ပွဲအား ခွင့်ပြုချိန် ၃ နာရီကိုလည်းကောင်း၊ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲနှင့် လက်ချောင်းပန်းချီပြိုင်ပွဲတို့ကို ခွင့်ပြုချိန် ၁ နာရီကိုလည်းကောင်း အသီးသီးသတ်မှတ်ပေးထားပြီး အဆိုပါပြိုင်ပွဲဝင်အဖြေလွှာများကိုစိစစ်၍ ဩဂုတ် ၂၆ ရက်တွင် ထူးချွန်ဆုရရှိသည့် ရင်သွေးငယ်များအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မိုးချမ်း(မုံရွာ)**



## ဆင်ပေါင်ဝဲမြို့တွင် အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများ အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၆**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ Pact ကျန်းမာရေးမှ တာဝန်ခံနှင့် ရုံးအဖွဲ့များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇွန်သရဖူမိုးက အာဟာရဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပြီး Pact ကျန်းမာရေးမှ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအား အာဟာရဖြစ်စေသော ဆန်၊ ကြက်ဥ၊ အိုဗာတင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သံဓာတ်ပါသောဆေးများ ပေးဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ရေးမြို့နယ်ရှိ ကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျပ်သန်းပေါင်း ၆၈၄ ဒသမ ၂ သန်း သုံးစွဲသွားမည်

**ရေး ဩဂုတ် ၂၆**
မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၆၈၄ ဒသမ ၂ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတား၊ ရေရရှိရေးတို့အတွက်သုံးစွဲရန် သက်ဆိုင်ရာကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် တာဝန်ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို တင်ဒါအောင်မြင်ခဲ့ကြကာ ကျေးရွာချင်းဆက်လမ်းများဖြစ်သော အာယုတောင်၊ တောင်ဘုံကတ္တရာလမ်း(၁/၀) မိုင်ကို ခွင့်ပြုငွေ ၁၀၆ ဒသမ ၂ သန်းဖြင့် အောင်အေ (၁) ကြယ်ကုမ္ပဏီ၊ ကျုံလောင်း-ကျောက်မိချောင်းတောင် ကတ္တရာလမ်း(၁/၄)မိုင် ကိုခွင့်ပြုငွေ ၁၅၉ ဒသမ ၃ သန်းဖြင့် မြတ်သူရကုမ္ပဏီ၊ ဟံဂံ-ကော့လှိုင်-ဆင်ကူး ကတ္တရာလမ်း(၂/၀) မိုင်ကို ခွင့်ပြုငွေ ၂၁၂ ဒသမ ၄ သန်းဖြင့် လဝီမွန် ကုမ္ပဏီနှင့် Rock Wall Mining ကုမ္ပဏီ တံတားတွင် မော့ကနင်-မြို့ဟောင်းလမ်းပေါ်ရှိကွန်ကရစ်တံတား ပေ ၅၀ ကို ခွင့်ပြုငွေ သန်း ၅၀ ဖြင့် MHTT ကုမ္ပဏီ၊ ရေပေးဝေရေးလုပ်ငန်းတွင် ကွမ်ဒူးကျေးရွာ တွင်းနက်တစ်တွင်း သဲခုံကျေးရွာနှင့် ကမ်းနီကျေးရွာတို့ရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေ (၅၀ ဒသမ ၁)သန်းဖြင့် ပြည်အလင်းရောင်ကုမ္ပဏီအပြင် ကုလားကုတ်ကျေးရွာ ကွန်ကရစ် လမ်း(၁/၀) မိုင် ခွင့်ပြုငွေ ၁၀၆ ဒသမ ၂ သန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆက်လက်တာဝန်ယူသွားမည်ဖြစ်သည်။

လမ်းတံတားရေပေးဝေရေးလုပ်ငန်းများကို အရည်အသွေး ပြည့်မီရေးနှင့် အချိန်မီလုပ်ငန်းများပြီးစီးနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**

## မိုင်းပျဉ်း–မက်မန်းလမ်းပေါ်ရှိ နမ့်လီဘေလီတံတား ပြုပြင်ပြီးစီး

**မိုင်းပျဉ်း ဩဂုတ် ၂၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်း-မက်မန်းကားလမ်း မိုင်တိုင်အမှတ် (၁၁/၁)နှင့် (၁၁/၂)ကြား ဆောက်လုပ်ထားသော နမ့်လီဘေလီတံတား အရှည် ပေ ၆၀ သည် ဩဂုတ် ၁၇ ရက်က တံတားခံနိုင်ဝန်တန်ထက်ပိုကာ ဘိလပ်မြေအိတ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ် ဖြတ်သန်းမောင်းနှင်မှုကြောင့် တံတားကျိုးကျပျက်စီးခဲ့ရာ အဆိုပါတံတားအမြန်ပြန်လည်ပြုပြင်ပြီးစီးနိုင်ရေးအတွက် မိုင်းပျဉ်းမြို့နယ် လမ်းဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၃ ရက်က ပြုပြင်မှုပြီးစီးခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် အဆိုပါ နမ့်လီတံတားကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုင်းပျဉ်းမြို့နှင့် မက်မန်းမြို့ ဆက်သွယ်ရေးလမ်းကြောင်းအား မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု အခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးချစ်ကိုကို၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ် နောက်ဖေးလမ်းကြားသန့်ရှင်းသာယာရေးနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

**တိုက်ကြီး ဩဂုတ် ၂၆**
တိုက်ကြီးမြို့နယ် စည်ပင်သာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက် နောက်ဖေးလမ်းကြားများ သန့်ရှင်းသာယာရေး၊ သစ်ပင်ချုံနွယ်များမရှိစေရေး၊ သွေးလွန်တုပ်ကွေး ကာကွယ်ရေးနှင့် လုံခြုံရေးများအတွက် သန့်ရှင်းရေးများ ဆောင်ရွက်နေသည်။

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်အောင်နှင့် ဝန်ထမ်းများသည် ဗောဓိကုန်းရပ်ကွက် မြို့လယ်လမ်းနှင့် အနောက်မြို့ပတ်လမ်း ဆက်သွယ်သည့် နောက်ဖေးလမ်းကြားတွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်များ ဖယ်ရှားခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းများကို ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီမှစ၍ ဆောင်ရွက်နေကြောင်း သိရသည်။

ကျန်ရပ်ကွက်များတွင်လည်း နောက်ဖေးလမ်းကြား၌ ကျူးကျော်နေသည့် အဆောက်အအုံများကိုလည်း ဖယ်ရှားနိုင်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်နိုင်ရန် မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းခဲ့ကြပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ဖူလုံစိတ်ချရသော ရေရရှိရေး စီမံကိန်းရေးဆွဲမှုဆွေးနွေးပွဲနှင့် ရက်တိုသင်တန်းဖွင့်

**ကလော ဩဂုတ် ၂၆**
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (ရှမ်းပြည်နယ်) ကလောခရိုင်အသင်း (ရုံးခွဲ) (WHO) နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကလောမြို့နယ်အတွင်းရှိ ကျေးရွာများ ဖူလုံစိတ်ချရသော ရေရှိရေးစီမံကိန်းရေးဆွဲမှု ဆွေးနွေးပွဲနှင့် ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးရဲခေါင်ညွှန့်က ဖူလုံစိတ်ချရသော ရေရရှိရေးစီမံကိန်းရေးဆွဲထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းခြင်းကိုလည်းကောင်း၊ (WHO) အမျိုးသားအဆင့် ရေနှင့်သန့်ရှင်းရေးအကြံပေးပုဂ္ဂိုလ် ဦးခင်မောင်ရီက သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်ကိုလည်းကောင်း အသိပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲရက်တိုသင်တန်းသို့ ကလောမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၄၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို ၄ ရက်ကြာ ပို့ချဆွေးနွေးသွားမည်ဖြစ်သည်။**မြို့နယ်(ပြန်/ဆက်)**

## နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများပြုလုပ်

**စေတုတ္တရာ ဩဂုတ် ၂၆**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပ အသိပညာ ဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်သည့်အလေ့အထကောင်းများရရှိစေရေး ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများကို စေတုတ္တရာမြို့နယ် ဖအိုင်းကျေးရွာအုပ်စု အနောက်ဖအိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နုနုလွင်က စာပေဖတ်ရှုခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ပုံပြင်စာအုပ်များ၊ ပညာပေးရုပ်ပြကာတွန်း စာအုပ်များအားဖတ်ရှုစေကာ စာဖတ်ဝိုင်းများ ပြုလုပ်ခဲ့ပြီး နံရံကပ်ဓာတ်ပုံများကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း သိကောင်းစရာမှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာဖြင့် မှတ်သားကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

## ရွာသစ်မြို့တွင် ပရဆေးဖက်ဝင် ပိတ်ချင်းများစိုက်ပျိုး၍ စီးပွားရေးအဆင်ပြေလျက်ရှိ

**ရွာသစ် ဩဂုတ် ၂၆**
ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့၌ ဒေသထွက်ကုန်တစ်မျိုးဖြစ်သည့် ပိတ်ချင်းသီးမှာ ကိုယ့်အိမ်ခြံဝင်းနှင့် စိုက်ဧက တစ်ဧက၊ နှစ်ဧက စသည်ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် စီးပွားရေးများ အဆင်ပြေလျက်ရှိပြီး ပိတ်ချင်းသည် အနွယ်ပင်မျိုးဖြစ်ပြီး နှစ်ရှည်ပင်ဖြစ်ကာ စတင်စိုက်ပျိုးချိန်မှစ၍ လေးနှစ်အကြာမှ ခူးဆွတ်ရသည်။

ပိတ်ချင်းထွက်ချိန်မှာ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတို့ဖြစ်၍ ၎င်းအချိန်၌ ခူးဆွတ်ကာ ဒေသခံပြည်သူများမှာ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပိတ်ချင်း တစ်ပိဿာလျှင် ရှစ်ထောင်ကျပ်မှ တစ်သောင်းကျပ်ဝန်းကျင်ခန့် ဈေးကွက်ရှိကြောင်း သိရသည်။

"ပိတ်ချင်းထွက်ရှိချိန်တွင် ဒေသခံပြည်သူများက စီးပွားရေးအဆင်ပြေကြပြီး ဒီပိတ်ချင်းကို ရောင်းလို့ရတဲ့ငွေနဲ့ ဆန်၊ ဆီ၊ ဆေး၊ ဆားကိုဝယ်ယူကာ စားဝတ်နေရေးအတွက် အထောက်အကူပြုတဲ့အပြင် လှူဒါန်းချိန်မှာလည်း ဒီငွေနဲ့လှူဒါန်းကြတယ်" ဟု ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

**ကိုစိုင်း (လွိုင်ကော်)**

ROBINSON Business School
Education for Business Leaders



100% Myanmar Matriculation Scholarships for High School Graduates!

Official University Partners
UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND
VICTORIA UNIVERSITY THE SCHOOL OF MANAGEMENT

DUAL Bachelors BBA / BIM
Bachelor of Business Administration
Bachelor of International Management

Yangon Campus: 206-E, Level-2, La Pyayt Wun Plaza, Dagon Township, Yangon Nay Pyi Taw Campus: No. 59, Tharaphy Street, Tha Pyay Gone Quarter, Zabu Thiri Township, Nay Pyi Taw
Call us: 09 43196211(YGN)/ 09 4200 53536(YGN)/ 09 4544 33711(NPT) Robinson Business School enquiry@rbsmm.com www.rbsmm.com



တစ်ကမ္ဘာလုံးက တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပေးမယ်
SR SMART RESOURCES WORLDWIDE EDUCATION

- ပညာရေးလမ်းကြောင်းများကို အကြံပြုရွေးချယ်ပေးခြင်း
- ကျောင်းသားဗီဇာလျှောက်ထားခြင်းနှင့် လိုအပ်သောစာရွက်စာတမ်းများအား စီစစ်ပေးခြင်း
- ကျောင်းသို့သွားရန် ခရီးစဉ်ပြင်ဆင်ပေးခြင်းနှင့် နေထိုင်ရန် စီစဉ်ပေးခြင်း
- ခရီးစဉ်အတွက် လိုအပ်ချက်များကို အကြံပေးခြင်းနှင့် လေဆိပ်တွင် လာကြိုရန် စီစဉ်ပေးခြင်း
- ကျောင်းတက်နေစဉ်ကာလအတွင်း လိုအပ်ချက်များအား ဆက်လက်ကူညီပေးခြင်း
- ပညာသင်ဆုလျှောက်ထားရာတွင် ကူညီပေးခြင်း

Level 4, MMC City Campus, Bahosi Building, Lanmataw Township, Yangon
+959 5428848, 5438848, 5148848
SR Worldwide Education

FORWARD CAR RENTAL
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင် လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph: 09 5089800
09 252522200

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၊ အထက၊ ဖအောင်ဝဲ၊ ဒသမတန်း(က)မှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ(၇/ဒဥန(နိုင်)၀၅၉၈၅၅) ဖြစ်ပါကြောင်း။
ဦးကျော်ဆွေ

ဖခင်အမည်မှန်
ဂန့်ဂေါမြို့နယ်၊ နမ်းခါး အထက၊ နဝမတန်းမှ မကေခိုင်မျိုးနှင့် မကေခိုင်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးလွင် ၉/ဂဂန(နိုင်)၀၅၄၃၈၁ ဖြစ်ပါကြောင်း။
ဦးဇော်မျိုးလွင်

အကောင်းဆုံးကိုရွေးချယ်အပ်နံတတ်သောမိဘများကြောင့်
ကျောင်းသားအင်အားအများဆုံးနှင့်သင်ကြားမှုအကောင်းဆုံးပုဂ္ဂလိကတက္ကသိုလ်
VICTORIA UNIVERSITY COLLEGE
"Higher National Diploma (Level 5) September 2016
တန်းခွဲသစ်များလျှောက်လွှာခေါ်ယူခြင်း"

- မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင် လက်ခံပေးနေပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် အောက်ဖော်ပြပါ ဘာသာရပ်များ အနက် နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (Level 5) ရရှိရန် ၂ နှစ်ခွဲကြာ သင်ယူရမည် ဖြစ်သည်။
  1. Construction & the Built Environment (Civil Engineering)
  2. Electrical and Electronic Engineering
  3. Mechanical / Mechatronic Engineering
  4. Business (HR / Management / Finance / Marketing)
  5. Computing and System Development
  6. Health & Social Care
- မိမိစိတ်အားထက်သန်သော ဘာသာရပ်ကို ရွေးချယ်သင်ယူနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)
- Victoria University College မှ HND ရရှိသူတိုင်း ဗြိတိန်အစိုးရပိုင် University of Wolverhampton မှ ပေးအပ်သော B.E(Hons:), B.Sc(Hons:), B.A (Hons:) ဘွဲ့ကို မြန်မာနိုင်ငံ Victoria University College ၌ ဖွင့်လှစ် သင်ကြားလျက်ရှိသည့် Top Up Degree တန်းတွင် (၁)နှစ်သာ ဆက်လက် သင်ယူရမည်။ ယင်းတက္ကသိုလ်မှတိုက်ရိုက်ဘွဲ့ချီးမြှင့်မည်။
- နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း Victoria University College ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။
- ၂၀၁၆ စက်တင်ဘာတန်းခွဲသစ်များသို့ တက်ရောက်ရန်အတွက် - ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်မြင်ကြောင်း အထောက်အထား မူရင်းနှင့် မိတ္တူ၊ ပတ်(စ်)ပို့ဓါတ်ပုံ (၃)ပုံ နှင့်အတူ စတင် လျှောက်ထားနိုင်ပါသည်။

south essex college | edexcel advancing learning, changing lives | UNIVERSITY OF WOLVERHAMPTON | NORTH CHIANG MAI UNIVERSITY

ကျောင်းသားရေးရာဌာန
အမှတ်(၁၆၆)၊အထက်ပန်းဆိုးတန်းလမ်း၊MMBTower၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- 01-383132, 383133, 095104748, 09259271094

NAY LIN AUNG FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold
ACCA (UK) Part - I (F2,F3)
For September Intake 2016
Nay Lin Aung Finance & Accountancy Academy
Enrol Now
(၁၈ , 3A ~ 6 B) ဦးထွန်းလင်းမြိုလမ်း၊ (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
၀၁ ၅၁ ၂၉၀၀၊ ၀၉ ၄၅၀၀ ၂၂၆၄၆၊ ၀၉ ၇၈ ၂၅၁၅၁၀၆ ၊ ၀၉ ၇၈ ၂၅၁၅၁၀၈
၂၆၄ ၂၅၊ ၀၉ ၃၀၁၆၇ ၂၇၂၊ ၀၉ ၉၅၁၄၄၀၁၀၁။

သတိုးအောင်ဇေယျ DESKTOP & LAPTOP



LCD 15.6"
Battery များအထူးကောင်းမွန်ပါသည်
1 Year Warranty

| | | | | | |
|---|---|---|---|---|---|
| DELL D530 | 2.0GHz CORE2DUO | 2-GB DDR-II | 80-GB HDD | DVD COMBO | 99,000 Ks |
| lenovo R400 | 2.5GHz CORE2DUO | 2-GB DDR-III | 120-GB HDD | DVD R/W | 149,000 Ks |
| hp 6720 | 2.5GHz CORE2DUO | 2-GB DDR-II | 80-GB HDD | DVD ROM | 139,000 Ks |
| FUJITSU A550 | Core i5 2.5 GHz | 2-GB DDR-III | 160-GB HDD | DVD R/W | 170,000 Ks |
| TOSHIBA L40 | Core i3 2.5 GHz | 2-GB DDR-III | 160-GB HDD | DVD ROM | 175,000 Ks |

ငါးထပ်သားပြားရောင်းရန်ရှိသည်
တစ်ချပ်(၄၅၀၀)ကျပ်
ဆက်သွယ်ရန်
ဖုန်း-၀၁-၃၈၅၅၃၆၊ ၀၁-၃၈၅၅၅၀၊
၀၁-၂၄၂၀၅၃၊ ၀၉-၂၅၀၆၅၀၀၄၉
အမှတ်(၄ အေ)၊ လှိုင်မြစ်လမ်း၊ ဇုန်(၁)၊
အပိုင်း(၆)၊ လှိုင်သာယာစက်မှုဇုန်၊ လှိုင်သာယာ

**CAPITAL** hyper/supermarket

# TASTY Singapore

25th Aug ~ 4th Sept, 2016



စင်ကာပူနိုင်ငံမှတင်သွင်းသော စားချင်စဖွယ် အစားအသောက်များကို မြည်းစမ်းစားသုံးရင်း
မိမိကြိုက်နှစ်သက်ရာကို အထူးလျှော့ဈေးများဖြင့် ဝယ်ယူနိုင်ပါသည်။

**SPECIAL EVENT** | Capital Hypermarket တွင်ဩဂုတ်လ (၂၅) (၂၇)ရက်နှင့် စက်တင်ဘာလ (၂) (၄) ရက်နေ့တို့တွင် Sky Star Entertainment ၏ Product Show အစီအစဉ်နှင့်အတူ ပျော်ရွှင်စရာ အစီအစဉ်ကောင်းများစွာစီစဉ်ထားပါသဖြင့် Customer များအား နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

Tasty Singapore Product များကို ကျပ် (၁)သောင်းဖိုးဝယ်ယူရုံဖြင့် စင်္ကာပူနိုင်ငံသို့
(၂)ညအိပ် (၃)ရက်ခရီး အခမဲ့ သွားရောက်လည်ပတ်ခွင့်ရမည့် ကံထူးရှင်ရွေးချယ်ခြင်း အစီအစဉ်

Capital Hypermarket - No.14-E, Min Nandar Road, Dawbon Township, Yangon. Ph : 551 533 (Ext-116)

Since 1986 **KMD** Institute

UNIVERSITY of GREENWICH | SQA | NCC education | ISO | JAS-ANZ

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ အတွက် UK နိုင်ငံ၏ ကွန်ပျူတာသိပ္ပံဘွဲ့ နှင့် ဒီပလိုမာများကို
အစိုးရတက္ကသိုလ်များနှင့် တစ်ပြိုင်နက်တည်း တက်ရောက်ကာ ပညာတော်သင်ဆုများ ရရှိနိုင်မည့် အထူးအခွင့်အရေး



## First Year Diploma

- ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သူများ အတွက် ပညာတော်သင်ဆု အများဆုံး ၁၀၀% မှ အနည်းဆုံး ၂၀% ထိ ရရှိနိုင်မည်ဖြစ်ပါသည်။

## Higher National Diploma

- ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သော ကျောင်းသားတိုင်း အတွက် ပညာတော်သင်ဆု ၃၀% ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

KMD Institute တွင် CB ဘဏ်မှ MPU Credit Card ဖြင့် သင်တန်းကြေး အရစ်ကျ ပေးသွင်းနိုင် ရန်စီစဉ်ပေးထားပါသည်။

| First Year Disploma | HND |
|---|---|
| 1 Sept 2016 (Mon - Fri) 2:00 PM - 6:00 PM | 10 Sept 2016 (Sat & Sun) 2:00 PM - 6:00 PM |
| 1 Oct 2016 (Sat & Sun) 7:00 AM - 2:00 PM | |

First Year Computing Diploma (NCC) → Second Year Computing Diploma (NCC) → B.Sc(Hons)BIT (Final Year)
HND Foundation (SQA) → HND Diploma (Software Development) (SQA) → B.Sc(Hons)BIT (Final Year)

Hotline 09770867903

KMD (Myaynigone) :
331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555, 700895

နယ်မှ လာရောက်မည့် ကျောင်းသား/သူများ အတွက် အဆောင်စီစဉ်ပေးထားပါသည်။

## သင့်အနာဂတ် အိပ်မက်တွေကိုလက်တွေ့အကောင်အထည်ဖော်ခွင့်ရမည့်

PANTENE PRO-V

# Myanmar Idol

## Season -2

ကမ္ဘာ့အကျော်ကြားဆုံး **AMERICAN IDOL** သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံ၌
**MYANMAR IDOL** အမည်ဖြင့် 2015 - 2016 ခုနှစ်တွင်ကျင်းပခဲ့ရာ လူကြိုက်အများဆုံး
သီချင်းဆိုပြိုင်ပွဲ တစ်ခုဖြစ်ခဲ့ပြီး အောင်မြင်ကျော်ကြားသော အနုပညာရှင်မျိုးဆက်သစ်များစွာ မွေးထုတ်နိုင်ခဲ့ပါသည်

**MYANMAR IDOL Season-2 Winner** အတွက်

**ငွေကျပ်သိန်း ၂၀ နှင့်အတူ တစ်ကိုယ်တော်တေးစီးရီး Album တစ်ချပ်ထုတ်လုပ်ခွင့်ရရှိမည့်အခွင့်အရေး**

အောက်ပါမြို့ကြီး(၅) မြို့တွင်အသံစစ်ဆေးပါမည်

| NAYPYITAW | MANDALAY | TAUNGGYI | HPA-AN | YANGON |
|---|---|---|---|---|
| ပျဉ်းမနား | SWAN HOTEL | ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ | ဖွဲ့ကပင်ခန်းမ | ရွှေထွန်းတင် |
| မင်္ဂလာဗျူဟာ | (၂၆)လမ်း၊ ကျုံးတောင်ဘက် | အမှတ် ၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း | ဖွဲ့ကပင်လမ်း၊ | ၅၁ - B၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ |
| သာသနာ့ဗိမာန်တော် | မန္တလေးမြို့ | ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့ | ဘားအံမြို့ | တာမွေမြို့နယ်၊ရန်ကုန်မြို့ |
| 17-18 SEPTEMBER | 24-25 SEPTEMBER | 1-2 OCTOBER | 8-9 OCTOBER | 15-16 OCTOBER |

မြို့တစ်မြို့ချင်းစီအတွက် အသံစစ်ဆေးမည့်အချိန်မှာ (နံနက် ၉း၀၀ မှ ညနေ ၅း၀၀ နာရီ) အထိဖြစ်ပါသည်

လျှောက်လွှာများကို ယခုပဲ အခမဲ့ ထုတ်ယူပြီး သင့်အိပ်မက်တွေဆီ ခြေလှမ်းစတင်လိုက်ပါ

**EXCLUSIVELY ON**

mntv
CHANNEL 9

**MEDIA PARTNER**

shwe FM Radio Station

Title Sponsor
PANTENE PRO-V

Main Sponsor
MPT

Platinum Sponsor
HUAWEI

### ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူနိုင်ပါသည်

နေပြည်တော်ရုံးခွဲ - အမှတ် ၁/၆၉၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့
မန္တလေးရုံးခွဲ - အမှတ် ၉၀၀၊ ၇၈ လမ်းနှင့် ၄၂လမ်းထောင့်၊ ခင်စောမူကွေ့၊ ချမ်းမြသာစည်(မြောက်)ရပ်ကွက်၊ မန္တလေးမြို့
တောင်ကြီးရုံးခွဲ - အမှတ် ၁၃၁၊ စဝ်စံထွန်းလမ်း၊ တောင်ကြီးမြို့
ဘားအံရုံးခွဲ - အမှတ် ၄/၄၂၃၊ သုခနလမ်း နှင့် သုခလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့
ရန်ကုန်ရုံးခွဲ - အမှတ် ၁၃၁/၁၃၃ - ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

Myanmar Idol is a trademark of 19 Television Ltd and FremantleMedia Ltd


SONY
CATCH THE HOTTEST DEALS
ဗလာမပါ ကံစမ်းမဲ
MID YEAR PROMOTION
6th Aug - 4th Sept, 2016
SPECIAL ITEM !!!
KD-65/55 X9300D (4K HDR Android TV™)
FREE GIFT
BDV-N9200W + TDG-BT500A (1pc)
5,900,000 KS (65")
3,490,000 KS (55")
ILCE-7K
2,200,000 KS
FREE GIFT
SD Card 8GB (2pcs) + NP-FW50
XPERIA™ C4
BEST BUY
299,000 KS
249,000 KS
Save 50,000 ks
FREE GIFT
Cover + Screen Guard + Hat
MDR-XB450AP
89,000 KS + FREE GIFT
PROMOTION ကာလအတွင်း SONY SHOWROOM နှင့် WAI YAN ELECTRONICSဆိုင်များ၌ ကျပ်(၁)သိန်းဖိုးနှင့်အထက် ဝယ်ယူသူအားလုံးအတွက်
"ဗလာမပါခဲခြစ်ကံစမ်းမဲ"
ခဲခြစ်ကံစမ်းမဲ
1st Prize KD-55X8500D 55" 4K HDR Andriod TV™(7 Pcs)
2nd Prize PlayStation® (26 Pcs)
3rd Prize Action Cam (7 Pcs)
4th Prize
5th Prize
6th Prize
7th Prize
8th Prize
Premium Gifts
အမြို့မြို့ အနယ်နယ်ရှိ WAI YAN ELECTRONICS နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Hot Line : 01-556622, 398566, 398563, 09 455533667, 09 73119900, 02-72580~4, 067-420791, 420966
Like Us On http://www.facebook.com/tmwmm Sony Showroom By TMW Enterprise Limited
Official Warranty by: TMW Enterprise Limited


wave money
YOMA BANK telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
JOIN THE LUCKY DRAW NOW!
NEW MITSUBISHI CAR
500,000 MMK
SONY 48" LED TV
SAMSUNG S7 EDGE 32 GB
Wave Money ဆိုင်သို့သွားပြီး (သို့) Wave Money App နဲ့ ငွေလွှဲ၊ ငွေထုတ်ရင်း Lucky Draw အစီအစဉ်မှာ ပါဝင်ဆင်နွှဲလိုက်ပါ။
ကံစမ်းမဲအစီအစဉ်
• Wave Money ရဲ့ကံစမ်းမဲအစီအစဉ်ကို Digital Money Myanmar Limited မှ (၄၅)ရက်ကြာ ပြုလုပ်မှာဖြစ်ပါတယ်။
• ဆုမဲများအနေဖြင့် Mitsubishi Car ကားအသစ် 1စီး၊ Sony LED 48" တီဗွီ 2 လုံး၊ Samsung S7 Edge 32 GB ဖုန်း 2 လုံးနှင့် Wave အကောင့်ထဲထည့်ပေးမယ့် E-money 5 သိန်းဖိုးတို့ ပါဝင်ပါတယ်။
• Wave ဆိုင်ငွေလွှဲမှုဖြစ်စေ၊ Wave အကောင့်မှုဖြစ်စေ Wave Money ဖြင့် မည်သည့်လုပ်ငန်းစဉ်ကိုမဆိုပြုလုပ်ပြီး ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ပါတယ်။ အကျုံးဝင်သော လုပ်ငန်းစဉ်များ - ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေလက်ခံခြင်းနှင့် ဖုန်းငွေဖြည့်ခြင်း။
• ကံထူးရှင်များကို ဖုန်းဆက်အကြောင်းကြားသွားမှာဖြစ်ပါတယ်။
• ကံစမ်းမဲအစီအစဉ် အသေးစိတ်အချက်အလက်များအတွက် Wave Money Facebook Page facebook.com/WaveMoney မှာဝင်ရောက်လေ့လာနိုင်ပါတယ်။
အသေးစိတ်အချက်အလက်များအတွက် အချိန်မရွေးခေါ်ဆိုမေးမြန်းရန်
တယ်လီနော အသုံးပြုသူများ - ၉၀၀၊
တယ်လီနော အသုံးမပြုသူများ - ၀၉၇၉၀၀၀၉၀၀၀
ပရိုမိုးရှင်းအစီအစဉ်များ ပိုမိုသိရှိနိုင်ရန်
Facebook.com/WaveMoney တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# JOTUN

ခမ်းနားထည်ဝါသော
အဆောက်အဦများနှင့်
ခေတ်မီလှပသောအိမ်များအတွက်
အဆင့်မြင့် အိမ်သုတ်ဆေး




Jotun Myanmar (Services) Co. Ltd.
Bld. 18, 4th floor, MICT Park, Hlaing Campus,
Hlaing Township, Yangon - Myanmar.
Office : +95 1 230 53 50 , +95 1 230 53 51,
+95 9 2546 15910, +95 9 2533 67221
jotun.com/ap

## ပေါ်ပြူလာခရီးသွား

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့်အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

**ဗုဒ္ဓဂယာခရီးစဉ်**

**သံဃာနီယ(၄)ဌာန၊ အဇိတဗီတ(၄)ဌာန၊ နယူးဒေလီ၊ တာ့ဂျ်မဟာ၊**

၁၄ညအိပ်၊၁၅ရက်ခရီးစဉ် – ၁၈.၅ သိန်း

နိုဝင်ဘာလထွက်ခွာမည့်ခရီးစဉ် – ၁၂ ဦး ၁ ဦး အခမဲ့

| | |
|---|---|
| အောက်တိုဘာ | - ၆၊ ၂၁ |
| နိုဝင်ဘာ | - ၄၊ ၁၈ |
| ဒီဇင်ဘာ | - ၂ |
| ဇန်နဝါရီ | - ၁၈ |
| ဖေဖော်ဝါရီ | - ၁၊ ၁၅ |
| မတ် | - ၁၊ ၁၅၊ ၂၉ |

ရုံးချုပ်– အမှတ်(၇၄)၊ ပထမထပ်၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။ Ph: 01 2301866, 09-5129134, 09-799676523

## Laser Care Clinic Health & Aesthetic Centre

**မျက်ရစ်မရှိ၊ မျက်အိတ် အဆီပိုများကြောင့် စိတ်ညစ်နေပါသလား ?**

- ကိုရီးယား နည်းပညာဖြင့် အလှပဆုံး မျက်ရစ်ကို ရရှိစေရန် တာဝန်ယူပါသည်။

**နှုတ်ခမ်းနီ ခဏခဏမဆိုးချင်သူများ၊ မျက်ခုံးမွေး နှင့် Eye Liner မဆိုးတတ်သူများအတွက်**

- နှုတ်ခမ်းအရောင်သွင်းပေးခြင်း 3D မျက်ခုံးမွေးကို သဘာဝအတိုင်း လှပအောင် ဖန်တီးပေးခြင်း၊ Eye Liner ဆွဲပေးခြင်းများကို စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးနေပါသည်။

**နှားပေါက်ကျယ်သွားလို့စိတ်ညစ်နေပါသလား ?**

- သဘာဝအတိုင်း အလှပဆုံးဖြစ်အောင် ပြန်လည်ပြုပြင်ပေးပါသည်။



- ဝက်ခြံ
- တင်းတိပ်
- မှဲ့ခြောက်
- နေလောင်ကွက်
- ချွေးပေါက်ကျဉ်းခြင်း
- ဆေးမင်ကြောင်ဖျက်ခြင်း
- မှဲ့ဖျက်ပေးခြင်းကို

နောက်ဆုံးပေါ်လေဆာစက်ဖြင့် ကုသပေးနေပါသည်။

10-70% discount August လကုန်အထိသာ

အမှတ် - ၂၅၊ အခန်း (၁၀၂)၊ ယုဇန Business တာဝါ၊ ဓမ္မစေတီလမ်း၊ ရန်ကုန်။ Tel : 09-30 200 777, 09-30 200 888

## Sakura Hospital

မည်သည့်ထိခိုက်ဒဏ်ရာ နှင့် အရေးပေါ်ကုသမှု မဆို
ဆာကူရာဆေးရုံ မှ
၂၄ နာရီ ဝန်ဆောင်မှုပေးနေပါပြီ။

Hot Line: 01-512 668, 09-264 668 038

## ညနေခင်းဗေဒင်

နေ့ဘက်မှာ မအားလပ်ဘူးဆိုရင် ညနေခင်းလေး အိမ်မှာအေးအေးဆေးဆေး ဆွေးနွေးဆောင်ရွက်ပေးပါတယ်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။ ကြိုတင် ချိန်းဆိုပါ။ ဖုန်း-၀၉-၅၀၇၅၈၂၇

## GW

0973226006
0973133528
0973077569

အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

## Home — ပါကေးအစားထိုး ကြမ်းခင်း Special Promotion

Since 1996
think of house, think of home



Buy Floor ၃ ကျင်းဝယ်
Get Hi-Class Japanese Wall Leather ၁ ကျင်း လက်ဆောင်

100,000 ကျပ် ဝန်းကျင်မှ စတင်၍

READY MADE FLOOR



** Selected items only
** Terms & conditions applied

မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း (၁၁) ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်
HOTLINE: 09-79-700-70-70
09-79-700-70-80

# Topsyne®

မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"

အသစ်ထပ်မံ ထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ပန်ဆင်းရှင်အစစ်"




Herbal Cream (ငွေရောင်ဘူး)
Herbal Cream (ပန်းပွင့်ပုံဘူး)

(ကျား/မ မရွေးသုံးနိုင်သည်)

Apple Production Co.,Ltd.
အမှတ် (ဓဓ–၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၈၆၁၈၀၈၁၊ ၀၉–၄၉၃၁၆၄၀၈

## နေရာတိုင်းဆောင်ထား

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

Since 2001

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years

အလုံ
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃




မိုးရာသီ အထူး Promotion

Rain Flower မီးသတ်ဆေးဘူးများအား ဝယ်ယူအားပေးကြသော Customer များအတွက် Rain Flower အမှတ်တံဆိပ် ထီးလက်ဆောင်များ ပေးနေပါသည်။



## ကမ္ဘာ့အလှမယ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ်ခြောက်ဦးရွေးချယ်

**ရန်ကုန် ဩဂုတ် ၂၆**

နိုင်ငံတကာအဆင့်မီ ကမ္ဘာ့အလှမယ်ပြိုင်ပွဲများသို့ နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့်အလှမယ် ခြောက်ဦးရွေးချယ်ပွဲကို ဩဂုတ် ၂၅ ရက်က မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့သည်။**(အောက်ပုံ)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်အဖြစ် ရည်ရွယ်ကျင်းပသည့် Miss Earth Myanmar သရဖူကို ကရင်ပြည်နယ်မှ နန်းခင်ရွှေဝါဝင်းက လည်းကောင်း၊ HIV-AIDS ရောဂါ ပညာပေးအစီအစဉ်အဖြစ် ရည်ရွယ်ကျင်းပသည့် Miss Supranational Myanmar သရဖူကို နေပြည်တော်မှ ဆွေဇင်ထက်က လည်းကောင်း၊ ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ရည်ရွယ်ကျင်းပသည့် Miss Tourism Myanmar သရဖူကို ရှမ်းပြည်နယ်တောင်ပိုင်းမှ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



## မြန်မာနိုင်ငံ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ချေးငွေ ယန်း ၁၀၀ ဘီလီယံ ဂျပန်ပေးအပ်မည်

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ ချေးငွေ ယန်း ၁၀၀ ဘီလီယံပေးအပ်သွားမည်ဟု The Japan Times သတင်းစာက ဩဂုတ် ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါချေးငွေများကို ရန်ကုန်နှင့်မန္တလေးမြို့တော်တို့ကို ဆက်သွယ်ပေးသော ရထားလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းကဲ့သို့သော စီမံကိန်းများအတွက် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ချေးငွေထောက်ပံ့ခြင်းမှာ မတ်လအတွင်းက ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ယူချိန်ကတည်းက ပထမဆုံးအကြိမ်ပေးအပ်ခြင်းဖြစ်သည်။ လာမည့်လအစောပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးပွဲများအတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အဆိုပါချေးငွေပေးအပ်မည့်အစီအစဉ်ကို ကြေညာမည်ဖြစ်သည်။

အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေပြီး အရင်းအမြစ်ပေါကြွယ်ဝသော မြန်မာနိုင်ငံ၌ မဟာဗျူဟာတစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံက အကူအညီများပေးရန် စိတ်အားထက်သန်နေသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ပြီးခဲ့သောရက်သတ္တပတ်အတွင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံသို့ သွားရောက်သော ခရီးစဉ်အတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

**(ကျော်ထိုက်စိုး)**

## စအောင်ပြည့်ကို၏ဂိုးဖြင့် ထိုင်းကိုမြန်မာအနိုင်ယူ

**မန္တလေး ဩဂုတ် ၂၆**

KBZ Bank U-19 Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

မြန်မာ ယူ-၁၉ - တစ်ဂိုး
ထိုင်း ယူ-၁၉ - ဂိုးမရှိ

နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသည့် မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် နာမည်ကြီးထိုင်းအသင်းကို တိုက်စစ်မှူးစအောင်ပြည့်ကို၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းအသင်းသည် မြန်မာကိုရှုံးနိမ့်ခဲ့သောကြောင့် ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့ရသလို မြန်မာအသင်းမှာလည်း ဆာပေါ်ရှိအသင်းထက် ဂိုးကွာခြားချက်နည်းခဲ့သောကြောင့် တတိယလုပွဲသာ ကစားရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ဗီယက်နမ်နှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာ ပြုလုပ်ခဲ့ပြီး ထိုင်းအသင်းကို ရင်ဆိုင်ခဲ့သည်။ ထိုင်းအသင်းမှာလည်း အနိုင်ရရှိမှ ဗိုလ်လုပွဲတက်မည်ဖြစ်သောကြောင့် လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းခြေစွမ်းအရ ထိုင်းအသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း မြန်မာအသင်းခံစစ်ပိုင်း အမှားအယွင်းမရှိခဲ့သောကြောင့် အခွင့်အရေးမရခဲ့ပေ။ ပထမပိုင်းတွင် မြန်မာအသင်းက တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းက ရွှေကိုအား ထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ၅၁ မိနစ်တွင် မြန်မာအသင်းတစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး စအောင်ပြည့်ကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရှိရန် တရစပ်

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**



မြန်မာနှင့်ထိုင်းအသင်း အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။





